


# ကြင်နာပါတော့ကွယ်

## (၁)

ဖြူသန့်စင်သည် မြကြာရံ ဒြုံကြီးရှေ့သို့ ရောက်လျှင် စီးလာသော လေးဘီးအငှားယာဉ် ကလေးကို ရပ်တန့် ခိုင်းလိုက်သည်။

မြကြာရံ ခြံဝင်းကြီး၏ ဝင်းတံခါးကြီးသည် အခိုင်အခံ့ပိတ်ထားသော်လည်း လူတစ်ကိုယ်စာ ဝင်နိုင်သော တစ်ရွက်တံခါးကလေး ကတော့ အလွယ်တကူပင် ဝင်နိုင်ရန် ပွင့်နေသည်။

လက်တဘက်က သားရေသေတ္တာ. . . လက်တဘက်က သတင်းစာတစောင်ကို လိပ်ကိုင် ထားရင်း ဖြူသန့်စင်သည် နှစ် ချို့သစ်ပင် ဝါးပင်ကြီးတွေ ခြံလုံးပြည့်မျှအုံ့ဆိုင်းစွာ ပေါက်နေသော ခြံဝင်းကြီးထဲသို့ ခေတ္တမျှ ကြည့်နေပြီးနောက် ရှိုက်ထားသော ပင့်သက်ကို ချလိုက်သည်။

'ဒီမြကြာရံ ခြံဝင်းကြီးကို ကြည့်ရတာ ဆိတ်ငြိမ်ပြီး ချောက်ချားစရာကောင်းလိုက်တာ. . . စိတ်ထဲမှာ လဲ မသိုးမသန့်ရှိလိုက်တာ. . . ဟင်း. . . မတတ်နိုင်ပါဘူးလေ. . . ဒီမှာ မှ အလုပ်မရရင် ငါ အကျပ်အတည်းတွေ ့ရတော့မှာ . . . ဒီက အလုပ်ကိုပဲ အမိအရ ရအောင်လုပ်ရတော့မှာ ပဲ ဒီမှာ မှ ငါ့ကို ဘယ်သူမှ မတွေ ့နိုင်မှာ . . .'

တံခါးကလေးကို တွန်းဖွင့်ပြီး ခြံဝင်းကြီးထဲသို့ ခေါင်းငုံ့၍ ဝင်လိုက်သည်။

ခင်းထားသော ကျောက်စရစ်ခင်း လမ်းကလေးအတိုင်း ဖြည်းညင်းစွာ လျှောက်ခဲ့ရင်း ဘေးဘီကို လှေ့လာသုံးသပ်ခဲ့သည်။ ကြီးမားကျယ်ဝန်းသော ခြံကြီးထဲတွင် ရှင်းလင်းမှု အလျဉ်း မရှိသော ကြောင့် နွယ်မြက်သစ်ပင်တို့ ရှုပ်ထွေးထူထပ်စွာ ပေါက်ရောက်နေသည်။

နေခြည် နေပြောက် မထိုးနိုင်အောင် ခက်လက်ရွက်တို့ ပြွတ်သိပ်နေသော

သစ်ပင်ကြီးများ ကြောင့် စိမ့်အေးအေး ဖြစ်၍ အလင်းရောင် အုံ့နေ၏ ။

အတော် ကလေး လျှောက်မိလာတော့ ပဒုမ္မကြာရွက်. . . ကြာဖူး. . . ကြာငုံ. . . ကြာပွင့် တို့ဖြင့် လွှမ်းဖုံးနေသော ရေကန်ကျယ်ကြီး တစ်ကန်ကို တွေ့လိုက်ရသည်။

ကန်ထဲ ထိုးဆောက်ထားသော တံတားကလေး တစ်ခု၏ တိုင်တွင် လည်း လှေကလေး တစ်စင်းကို ကြိုး ချည်ထားလျက်သား တွေ့ရသည်။

အနည်းငယ် ရှေ့သို့ ဆက်လျှောက်လိုက်သည့်အခါတွင် တော့ ကုန်းမြင့်မြင့်ပေါ်တွင် ထီးထီး မားမားကြီး ရှိနေသော ပျဉ်ထောင်တိုက်ခံ. . . ကြီးမားကျယ်ဝန်းသည့် အိမ်ကြီးတစ်ဆောင်ကို ဘွား ခနဲ တွေ့မြင်လိုက်ရသည်။

အိမ် အပေါ်ထပ်ရှိ ပျဉ်ချပ်တို့သည် ရေနံရောင် ဖြင့် မည်း နက်နေ၏ ။

အောက်ပိုင်းတိုက်ခံတွင် စိမ်းမြနေသော တိုက်ကပ်နွယ်ပင်တို့က တွယ်ကပ်ပေါက်နေ၏ ။

အပေါ်ထပ်ရှိ တံခါးမှုအားလုံး ပိတ်နေကြသည်။

မှန်ပြင်တင်းပေါက်များ ရှိနေလင့်ကစား အတွင်း းပိုင်းသည် မည်း မှောင်နေ၏ ။

မြကြာရံ အိမ်ကြီး၏ ပြင်ပအသွင်အပြင်များ ကတော့ နေချင်ရှုချင်စဖွယ် အလျဉ်းမရှိဘဲ ခြောက်ကပ် ငြီးငွေ့ဖွယ်ရာ ကောင်းလှသည်ဟု ဖြူသနိ့စင် ထင်မြင်မိသည်။

ဖြူသနိ့စင်၏ ခြေလှမ်းများ တဖြည်းဖြည်းနှင့် မြကြာရံအိမ်ကြီး၏ ကြီးမားသော ဆင်ဝင်ကြီး အောက်သို့ ရောက်ရှိသွားကြပြီး ပိတ်ထားသော ဆွဲတံခါး ရှေ့တွင် ရပ်တန့်သွားကြသည်။

ဖြူသနိ့စင်က အပေါက်ကလေးမှ လက်လျှိုကာ အတွင်း းဘက်မှ ခတ်ထားသော သော့ ခလောက်ကြီးကို ကိုင်၍ တံခါးချပ်တွင် ခေါက်လိုက်သည်။

‘ဘယ်သူလဲဟေ့. . . အိမ်ရှေ့က. . .’

အတွင်းဘက်ဆီမှ စိတ်ရှည်လှဟန်မရှိလှသော အမျိုးသမီး အသံတစ်သံ ထွက်ပေါ်လာ သည်။

'ကျွန်မပါ. . .'

ဖြူသန့်စင်က ပြန်ထူးလိုက်သည်။

'ဘယ်က ကျွန်မလဲ ခဏစောင့်နေ လာခဲ့မယ်. . .'

အတွင်းဘက်ဆီမှ စိတ်ရှည်လှဟန်မရှိလှသော အမျိုးသမီး အသံတစ်သံ ထွက်ပေါ်လာ သည်။

'ကျွန်မပါ. . .'

ဖြူသန့်စင်က ပြန်ထူးလိုက်သည်။

'ဘယ်က ကျွန်မလဲ. . . ခဏစောင့်နေ. . . လာခဲ့မယ်. . .'

မာရေကျောရေနိုင်လှသော အသံကို ကြားလိုက်ရသည်မို့ ဖြူသန့်စင် ရင်များ ပင် တဒိန်းဒိန်း ခုန်လာသည်။

'ဟုတ်. . . ဟုတ်ကဲ့. . .'

အထစ်ထစ် အငေါ့ငေါ့ကလေး ဖြေပြီး ဖြူသန့်စင်သည် ငြိမ်ငြိမ်ကလေး ရပ်ကာ အိမ်ထဲသို့ လှမ်းကြည့်နေလိုက်သည်။

ဧည့်ခန်းတစ်ခု၏ အဆင်အပြင်ကို တွေ့ရသည်။

စန္ဒရားကြီး တစ်လုံး. . .။

ခေတ်နောက်ကျနေပြီ ဖြစ်သော ကျွန်းကုလားထိုင်ကြီးများ နှင့် ဆက်တီစားပွဲတစ်လုံး. . .။ ယင်းအပေါ်တွင် ခြသေ့်သုံးကောင် ခံထားသော အောက်ခံပေါ်၌ ရောမ ငွေဖလားကြီး တစ်လုံးထဲ တွင် ရောင် စုံနှင်းဆီပွင့်တွေ က ပေနေ၏ ။

ဧည့်ခန်းနံရံတစ်ခုလုံးတွင် ပန်းချီကားချပ်များ ဓာတ်ပုံများ နှင့် ပြည့်နှက်နေ၏ ။

ဖြူသန့်စင် ဓာတ်ပုံများ ကို စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ် သူ့ထံသို့ အတွင်းခန်းထဲမှ အမျိုး သမီးကြီးတစ်ဦး ထွက်လာသည်ကို တွေ့လိုက်ရသည်။

လက်ထဲက လက်သုတ်ပဝါဖြင့် သူ့လက်ကို သုတ်ရင်း အမျိုးသမီးကြီးက ဖြူသန့်စင်ကို ခြေအဆုံး ခေါင်းအဆုံးကြည့်ကာ သူ့ခါးကြားက သော့တွဲ ကို ဖြုတ်လိုက်သည်။

'ကျွန်မ. . . ကျွန်မ. . . အလုပ်လာလျှောက်တဲ့ လူပါ ကြီးကြီး. . .'

ဖြူသန့်စင်က စကားစလိုက်သည်။

'အလုပ်လာလျှောက်တဲ့လူဆိုတာ သိပါတယ်. . . ဒီလိုပဲ လာလာပြီး နှစ်ဆယ့်လေးနာရီ မပြည့်ခင် ပြန်ပြေးချင်ကြတာက ခက်တယ်အေ့. . .'

အလိုကျပုံမရှိသော မျက်လုံးများ ဖြင့် အဒေါ်ကြီးက ဖြူသန့်စင်ကို ခြေအဆုံးခေါင်းအဆုံး ကြည့်လိုက်ပြန်ပါသည်။

ဖြူသန့်စင်ကို အရင့်အရင် မိန်းခလေးများ ကဲ့သို့ အဒေါ်ကြီးက ထင်နေပုံရသည်။

ထင်လဲ ထင်ချင်စရာပေပဲ. . .။

ဖြူသန့်စင်ကို ကြည့်လိုက်ပါဦး. . .။

အရွယ်လေးက နုနုငယ်ငယ်. . .။

လူကလေးက ချောချော လှလှ. . .။

ဝတ်စားထားသည်ကလည်း ဟော့ရှော့ အပုံစား. . .။

သည်လို မိန်းမငယ်လေး တစ်ဦးက မြကြာရုံလို ပျင်းရိခြောက်သွေ့ဖွယ်ကောင်းလှသော နေအိမ်ကြီးတွင် ကြာရှည်နေမည် တဲ့လား. . .။

အဒေါ်ကြီး၏ အတွေးက မည် သို့ပင် ရှိရှိ. . .

ဖြူသန့်စင်အတွက် ကတော့ ပျော်သည်. . . မပျော်သည်ထက် လောလောဆယ် ကြုံတွေ့နေရသည့် နေရေး ထိုင်ရေး ပြဿနာ. . .။

ဒီပြဿ   နာကြီးကို ဖြေရှင်းဖို့အတွက် မြကြာရံကို ဖြူသန့်စင် အရဲစွန့်ထွက်လာခဲ့ခြင်း ဖြစ် သည် မဟုတ်ပါလား. . .။

'နေပါဦး. . . ညည်းလေးကို ကျုပ်က မောင်မိုးထက်နဲ့ တွေ့ပေးရဦးမှာ လား. . .'

'ရှင်. . . ဩော်. . . ဟုတ်. . . ဟုတ်ကဲ့. . .'

အဒေါ်ကြီး၏ မျက်ခုံးတစ်ဘက် မြင့်တက်သွားသည်။

အတော် အံ့အားသင့်သွားပုံလည်း ရသည်။

'ညီမလေး မြကြာရံက အလုပ်ကို လက်ခံမယ်. . . ဟုတ်စ. . .'

အဒေါ်ကြီး၏ အမူအရာမှာ မယုံကြည်နိုင်သေးသလို. . .။

'ဟုတ်. . . ဟုတ်ပါတယ်ရှင်. . .'

'ကိုင်း. . . ဒါဖြင့် လိုက်ခဲ့. . . ညည်းလေးသေတ္တာ ချထားခဲ့. . .'

ဦးဆောင်သွားသော အဒေါ်ကြီး၏ နောက်မှ ဖြူသန့်စင် ကပ်၍ လိုက်ပါလာခဲ့သည်။

ထွက်ပေါက်တစ်ခုမှ ထွက်လိုက်သော အခါတွင် ကြက်ဆန်ကာဖြင့် ပြု လုပ်ထားသော ပေအစိတ် ပေနှစ် ဆယ်ခန့်ကျယ်ဝန်းသော လှောင်အိမ်ကြီးတွင် စိမ်းလန်းစိုပြည်နေသော သစ်ပင် များ ကြား၌ အမျိုးသားတစ်ဦးကို တွေ့ရှိရသည်။

သည်အမျိုးသားသည် ဆရာဝန်ကြီး ဦးမိုးထက်အောင်ပင် ဖြစ်ပေမည် ။

သူသည် ဝင်ပေါက်ကို ကျောပေးထားပြီး ပန်းအိုးတစ်လုံးအတွင်း းမှ သစ်ပင်ငယ်လေး တစ်ပင်ကို စိတ်ပါဝင်စားစွာ ငုံ့ကြည့်နေပေ၏ ။

'မောင်မိုးထက်. . .'

'အွန်'

ဆရာဝန်ကြီး ဦးမိုးထက်အောင်သည် ဆတ်ခနဲ တွန့်သွားပြီး နောက်သို့ ချာခနဲ လှည့်ကြည့် လာ၏ ။

သူ ထင်မြင် မှန်းဆထားသလို ဆရာဝန်ကြီး ဦးမိုးထက်အောင်သည် အသက် မကြီးဘဲ သုံးဆယ်ကျော်လောက်လေးသာ ရှိမည် ကို ဖြူသန့်စင် တွေ့ရှိလိုက်ရသည်။

အရပ်မြင့်မြင့် မိုးမိုး. . .။

ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်း ကြံ့ကြံ့ခိုင်ခိုင်နှင့် ဥပမိရုပ်ကောင်းလှသော ဆရာဝန်ကြီးသည် ဒေါ်ခ၏ နောက်တွင် ယို့ယို့ကလေး ရပ်နေသော မိန်းကလေးကို ကြည့်လိုက်ပြီး အလုပ်လာလျှောက်သူပဲ ဖြစ်ရမည် ဟု ကောက်ချက်ချလိုက်သည်။

‘သတင်းစာထဲက မင်းရဲ့ ကြော်ငြာကို တွေ့လို့ လာတာတဲ့. . . စကားပြောကြ. . . ကြီးကြီးခ ပြည့်ပြည့်အတွက် ကြက်ပေါင်းအိုး တည်ထားလို့. . .’

ပြောပြောဆိုဆို ဒေါ်ခသည် ထိုနေရာမှ ခပ်သွက်သွက်ထွက်ခွာသွားတော့သည်။

ဆရာဝန်ကြီး မိုးထက်အောင်သည် ဖြူသန့်စင်ကို တစ်ချက်ကြည့်ပြီး မျက်နှာလွှဲကာ သစ်ပင် တစ်ပင်၏ ပင်စည်နှင့် အရွက်အခက်တို့ကို ကြည့်ရင်း စကားစလာသည်။

‘မင်း. . . အသက် ဘယ်နှစ် နှစ် လဲ. . .’

‘ဆယ့်ရှစ်နှစ် . . .’

‘မင်း. . . သူနာပြုအကူလုပ်တာ ဘယ်လောက်ကြာပြီလဲ. . .’

‘သိပ်မကြာသေးပါဘူး. . .’

‘သိပ်မကြာသေးဘူးဆိုတာ တစ်လလား. . . တစ်နှစ် လား. . . လေးငါးဆယ်ရက်ပဲ ရှိသေး တာလား. . .’

'ဆယ့်ငါးရက်. . .'

ဆရာဝန်ကြီး၏ မျက်နှာသည် ဖြူသန့်စင်ဘက်သို့ ချာခနဲ ပြန်လှည့်လာ၏ ။

'မင်း. . လုပ်သက်က သိပ်နုသေးတာပဲ. . . မင်း နောက်ဆုံးလုပ်ခဲ့တဲ့ လူနာရဲ့ ထောက်ခံ ချက် ပါသလား. . .'

ရင် တဒိန်းဒိန်းခုန်စွာ ဖြင့် မျက်လွှာချ၍ နေသော ဖြူသန့်စင်သည် ဆရာဝန်ကြီး၏ မျက်နှာကို မဝံ့မရဲလေး ကြည့်လိုက်ပြီး ဆံပင်တိုတို ဦးခေါင်းမည် မည် းလုံးလုံးကလေးကို ယမ်းခါပြလိုက်သည်။

'မင်းတို့ ကျော်ငြာကို သေသေချာချာ မဖတ်ဘူးထင်တယ်. . .'

'ဖြူသန့် ဖတ်ခဲ့ပါတယ်. . .'

'ဒါဖြင့် ဘာ ဖြစ်လို့ ပြည့်စုံအောင် လုပ်မလာလဲ. . .'

ဦးတိကျကြီးကို ကြည့်ပြီး ဖြူသန့်စင်သည် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

'သူ့. . . သူ့ဆီက ထောက်ခံစာ ရနိုင်မှာ မဟုတ်လို့ မတောင်းခဲ့တာပါ. . .'

နက်မှောင်ထူထဲသော မျက်ခုံးနှစ် ဘက်ကို ကြုတ်ပြီး ဆရာဝန်ကြီးက ဖြူ သန့်စင်၏ နထွေး လှပသော မျက်နှာကလေးကို နက်နဲစူးရှစွာ ကြည့်လိုက်သည်။

'မရနိုင်တဲ့ အကြောင်းက. . .'

'အွန့် မဖြေချင်လဲ ဖြေရတော့မှာ ပဲ. . .'

'အဲဒီ ခေါ်ခင်မာလာက လေဖြတ်နေတာ. . . သူ့ကို ဖြူသန့်စင် ကောင်းကောင်းကြည့်ပါ တယ်. . . ဒါ. . . ဒါပေမယ့်. . . သူ့ယောက်ျားက ဖြူသန့်ကို. . . ဖြူ သန့်ကို. . .'

စကားပြတ်တောက်သွားပြီး ကောင်မလေး မျက်နှာ ရဲတက်လာသည်။

'အို. . . တော် . . . တော် . . . တို့ သဘောပေါက်ပြီ. . . မင်းအတွက်

စိတ်မကောင်းပါဘူး. . စိတ်မကောင်းလက်စနဲ့ ဆက်ပြောပါရစေ. . . တို့ သမီးလေးကို ကြည့်ဖို့ မင်းနဲ့ မ ဖြစ်နိုင်ဘူး. . . မင်း အသက်ကလဲ လူကြီးမကျ ကလေးမကျနဲ့ တို့သမီးအတွက်က မိခင် တစ်ယောက် လို ကြည့်ရှု ဆောင်ရွက်ပေးနိုင်တဲ့သူမှ ဖြစ်မှာ . . .'

သူ့စကားဆုံးသည်နှင့် ဆရာဝန်ကြီး မိုးထက်အောင်သည် ဖြူသန့်စင်ကို ကျောပေးကာ သစ်ပင်တစ်ပင်ကို စိတ်ဝင်စားစွာ ငုံ့ကြည့်လိုက်ပါတော့သည်။

ဖြူသန့်စင်က နှုတ်ခမ်းသားပါးပါးလှပ်လှပ်ကလေး၏ ထောင့်စွန်းကလေးကို ဖိကိုက်လိုက် ပြီး ငြိမ်သက်စွာ ဆက်ရပ်နေလိုက်သည်။

အလုပ်မရရင်ဟူသော စိုးရိမ်စိတ်ကြီးက ရင်ကို တက်ဆောင့်လိုက်သဖြင့် အသက်မှာ လည်း မွန်းကျပ်၍ နေသည်။

'ဟော့. . . မင်း ငါပြောတာ သဘောမပေါက်သေးဘူးထင်တယ်. . .'

နောက်သို့ တစ်ခါ လှည့်ကြည့်လာသော ဆရာဝန်ကြီး မိုးထက်အောင်သည် ဖြူ သန့်စင်ကို နေရာတွင် မလှုပ်မယှက် ရပ်လျက်ဆဲ တွေ့ရသဖြင့် တည်နေသော မျက်နှာကြီးကို မှု န်ကုပ်ကုပ် ကြီးလုပ်ကာ အလိုမကျဟန်ဖြင့် ပြောလိုက်သည်။

'ဖြူသန့် အားလုံးကို သဘောပေါက်ပါတယ်. . . နားလဲလည်ပါတယ်. . . ဖြူ သန့်ကို လုပ်သက်နုတာကို အသက်ငယ်တာကို ထည့်မတွက်ဘဲ တစ်လလောက် ဖြစ် ဖြစ် စမ်းခန့်ကြည့်စမ်း ပါ ဒေါက်တာကြီးရယ်. . . ဖြူသန့် ကလေးတွေ ကို သိပ်ချစ်တတ်ပါတယ်. . . နိုင်နိုင်နင်းနင်းလဲ ကြည့်တတ်ပါတယ်. . . တစ်လလေးလောက်ပဲ ခန့်ကြည့်ပါ. . .'

ဖြူဖွေးသန့်စင်ပြီး ချောမွတ်နုငယ်လွန်းလှသော မိန်းကလေးကို ကြည့်ပြီး ဆရာဝန်ကြီး မိုးထက်အောင်သည် သူ့ ဦးခေါင်းကြီးကို လေးတွဲ စွာ ယမ်းခါလိုက်သည်။

သေပစ်ချင်လောက်အောင် စိတ်ညစ်သွားသဖြင့် ဖြူသန့်စင်၏ မျက်နက်ဝန်းကလေး တစ်စုံ တွင် မျက်ရည်များ စို့တက်လည်ရွဲလာ၏ ။

တွဲ ရွဲစိုလာနေသော မျက်ရည်များ ကို မျက်တောင်ကော့ကြီးများ တဖျပ်ဖျပ်ခတ်၍

ဖြူသန့်စင်သည့် သိမ်းဆည်းရင်း ဆရာဝန်ကြီး၏ မျက်နှာကို ကြည့်နေသည်။

မိုးထက်အောင်၏ ရင်ထဲတွင် သူ့ရှေ့က မိန်းကလေးကို ကြည့်ပြီး ဆို့နင့်နင့်ကြီး ဖြစ်သွား ရသည်။

‘အင်း. . . သူ့မခများ. . . အလုပ် သိပ်လုပ်ချင်ရှာနေတယ်ထင်ပါရဲ့ . . . သနားတော့ သနား စရာပဲ. . .’

‘အဟင့်. . . ဟင့်. . . ဟင့်. . . အီး. . . ချားဘူး. . . ချားဘူး. . . ဖေကြီး. . . အီး. . . အီး. . ဖေကြီး. . .’

‘အို. . . မငိုနဲ့လေ. . . မစားလို့ မရဘူး. . . စားရမယ်. . .’

‘ချားဘူး ချို့မှ အီး. . . အီး. . .’

‘ဟူး. . .’

သူ့ နားထဲသို့ ပျံ့လွင့်၍ ဝင်ရောက်လာသော ကလေးငိုသံနှင့် ဒေါ်ခ၏ အသံများသည့် မိုးထက်အောင်ကို ရင်မောစရာတွေ ဖြစ်သွားစေသည်။

ဖြူသန့်စင်လည်း နေရာမှ ချာခနဲ လှည့်ကာ အသံလာရာဆီသို့ သွက်သွက်ကြီးလျှောက် လာခဲ့သည်။

ဧည့်ခန်းထဲ၌ လက်တွန်းလှည်းကလေးထဲတွင် ထိုင်နေသော အခါလည်ကျော် ချစ်စရာ ကောင်းလှသည့် ကလေးမလေးကို တွေ့ရ၏ ။

လက်ဖမိုးကလေးဖြင့် မျက်စိနှစ် ဘက်ကို ပွတ်သပ်ရင်း တအီးအီး ငိုနေသည်။

ဖွေးဥနေသော မျက်နှာကလေး ပန်းသီးကလေးလို ရဲနေသည်။

လက်ထဲတွင် ပန်းကန်တစ်ချပ်. . . ဇွန်းတစ်ချောင်းကို ကိုင်ထားသော ဒေါ်ခသည် စိတ်တို နေပုံ ပေါက်နေ၏ ။

‘ကလေးကို ဖြူသန့် ကျွေးပေးပါရစေ. . .’

ငိုနေသော ကလေးက မျက်လုံးလေးများ ကို ဖျတ်ခနဲဖွင့်ကာ ဖြူသန့်စင်ကို စူးစိုက်ကြည့် လာ၏ ။

'ရော့. . . ကျွေးကြည့် ကျွေးကြည့်. . . မစားချင်ဘူးဆိုရင် ဒီဟာမလေးက ဟင်ပဲ. . .'

ဖြူသန့်စင်က မုန်လာဥနီ. . . အာလူး. . . ပဲဝါလေး. . . ကြက်သား စသည်တို့ဖြင့် ပြုထား သော ထမင်းပန်းကန်ကို ယူပြီး လက်တွန်းလှည်းကလေးရှေ့တွင် ဒူးထောက်ထိုင်လိုက်သည်။

'မီးမီးလေးက ချစ်စရာကောင်းလိုက်တာ. . . နာမည် ဘယ်လိုခေါ်လဲဟင်. . .'

'ပေ့ပေ့. . .'

ပြည့်ပြည့်ကို မပီကလာဖြင့် ပေ့ပေ့ ဟု ဖြေလိုက်သည်။

'ဩော်. . . ပြည့်ပြည့်တဲ့လား. . . တီတီ့နာမည် က ဖြူသန့်စင်တဲ့ မှတ်ထားနော်. . . ပြည့်ပြည့်ကို တီတီဖြူမံကျွေးမယ်နော်. . . စားမယ်မဟုတ်လား. . . ဒီမှာ ကြည့်စမ်း. . . မုန်လာဥနီနီကလေးက လှလိုက်တာ. . . ဟောဒီ အာလူးကလေးကလဲ သိပ်ချိုမှာ ပဲ. . . တီတီဖြူတောင် စားချင်လာပြီ. . . အာ့. . .'

ဖြူသန့်စင်က တစ်ဇွန်း ခပ်ယူ၍ ကြည့်ပြီး သွားရေကျလေဟန် ပြုလိုက်သည်။

'ရော့. . . မုန်လာဥနီကလေး တစ်ဖတ် စားကြည့်စမ်း. . . အာ့. . . အာ. . . လုပ်နော်. . . ပြည့်ပြည့်. . . အဲ. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဝါး. . . ဝါးစား. . . အေး. . . လိမ္မာလိုက်တာ. . . ပြည့်ပြည့်က သိပ်လိမ္မာတာပဲ. . . ရော့. . . အာလူးကလေးတစ်ဖက်. . . ဟယ်. . . ကြည့်စမ်း. . . သိပ်လိမ္မာတဲ့ ကလေးလေး. . . အဟင်း. . . ဟင်း. . . စားပါဦး ထမင်းကလေးနဲ့ သား. . . သား. .'

စကားလေး ပြောလိုက် ခွံ့လိုက်နှင့် ဖြူသန့်စင်နှင့် ပြည့်ပြည့်လေးတို့သည် ပုလံနံမ သင့်၍ နေတော့၏ ။

မသိမသာ အကဲခတ်ရင်း ကျောပေးကာ အလုပ်လုပ်နေသော ဒေါ်ခကြီးမှာတော့ ခုရောက် လာတဲ့ ကလေးမ ဒီအိမ်ကြီးမှာ မြဲပါစေဟု အခါခါ ဆုတောင်းမဆုံး ဖြစ်နေ၏ ။

ဒေါက်တာ မိုးထက်အောင်သည် အဝင်အထွက် တံခါးပေါက်ပေါင်ကို ကျောမှီ၍ လက်ပိုက် ရပ်ရင်းက သမီးကလေး ပြည့်ပြည့်နှင့် ဖြူသန့်စင်ကို မမိတ်မသုန်သော မျက်လုံးများဖြင့် ကြည့်နေ ၏ ။

'ဟယ်. . . ကြည့်စမ်း. . . ထမင်းတွေ ကုန်သွားပြီ. . .ရွှတ်. . . သိပ်လိမ္မာတဲ့ သမီးကလေး လာ. . . ပါးစပ် သုတ်ရအောင်. . .'

ဖြူသန်ပစင်က လက်တွန်းလှည်းကလေး၏ ရှေ့ခုံတန်းကလေးပေါ်တွင် တင်ထားသော လက်သုတ်ပဝါဖြင့် ကလေး၏ ပါးစပ်ကို သုတ်ပေးလိုက်သည်။

'ဟို စားပွဲခုံပေါ်က လိမ္မော်ရည်ကလေးပါ ဆက်တိုက်လိုက်ပါကွယ်. . .'

'ဟုတ်ကဲ့. . .'

ဖြူသန့်စင်သည် ထမင်းစားပွဲပေါ်မှ လိမ္မော်ရည် ဖန်ခွက်ကို ထယူပြီး ပြည့်ပြည့်ကလေးကို တိုက်လိုက်သည်။

ဖြူသန့်စင်နှင့် သဟဇာတတည့်သွားသော ပြည့်ပြည့်ကလေးသည် လိမ္မော်ရည် တစ်ဖန်ခွက်ကိုလည်း မငြင်းမဆန် သောက်လိုက်သည်။

ဖြူသန့်စင်သည် ဖန်ခွက်ကို စားပွဲပေါ်တွင် ပြန်တင်ပြီးသည်နှင့် ဒေါ်ခကို နှုတ်ဆက်လိုက် သည်။

'ဖြူသန့် သွားတော့မယ်နော် ကြီးကြီးခ. . .'

'ဟင်. . . ဘယ်ကို သွားမှာ လဲ. . .'

ဒေါ်ခက မျက်လုံးပြူး ကြီးများ ဖြင့် ဖြူသန့်စင်ကို ကြည့်ကာ မေးလိုက်သည်။

'ဒေါက်တာကြီးက ဖြူသန့်စင်ကို အလုပ်မခန့်နိုင်ဘူးတဲ့. . .'

'အလိုတော် . . .'

'ဟော့. . . ဟော့. . . မင်း ခဏနေဦး. . .'

အပြင်ခန်းသို့ ထွက်ခွာသွားဟန် ပြင်လိုက်သော ဖြူသန့်စင်ကို ဒေါက်တာ မိုးထက်အောင် က လှမ်းတားလိုက်ပြီး သူ့ထံသို့ လျှောက်လာခဲ့သည်။

မိုးထက်အောင်၏ မျက်နှာ တည်တည်ခန့်ခန့်ကြီးပေါ်တွင် ကျေနပ်အားရခြင်း ဖြစ်နေမှု များ က ပီပြင်ထင်ရှားစွာ ဖော်ပြနေ၏ ။

'မင်းကို တို့. . . အလုပ်ခန့်လိုက်ပါပြီ. . .'

ဖြူသန့်စင် ဝမ်းသာလွန်း၍ ဓွေ့ဓွေ့ ထခုန်မတတ်ပါပဲ. . .။

ဒါပေမယ့်. . .

ဟန်ကိုယ်ဖို့ အနေအထားကလေးဖြင့် နေပြလိုက်သည်။

'ဟုတ်ကဲ့. . . ကျေးဇူးပါပဲ. . .'

'ကြီးကြီးခ မိန်းကလေးအတွက် အိပ်ခန်းပြင်ပေးလိုက်ပါ. . . သူနဲ့ သမီးကလေး ပြည့်ပြည့် အတူ နေပါစေ. . .'

'အေး. . . အေး. . .'

ဒေါ်ခလည်း အလွန် အားရဝမ်းသာ သွားပုံရသည်။

'ထမင်း စရိတ်အငြိမ်း. . . အသားတင်ပေးထားတဲ့ လခကို မင်း ကျေနပ်တယ် မဟုတ်လား'

'အတိုင်းထက်အလွန် ကျေနပ်ပါတယ် ဆရာကြီး. . .'

'ဒါနဲ့ မင်း နာမည် က. . .'

'ဖြူသန့်စင်ပါ. . .'

'ဩော်. . . လူကလဲ လူရည်သန့်ကလေး. . . နာမည် ကလေးနဲ့ လူလေးက လိုက်လိုက် တာ. . . မည့်တစ်ပေါက် မစါန်းမထင်ဘဲ သန့်စင်ပြီး သိပ်လှနေတဲ့ မိန်းကလေး တစ်ယောက် ဘယ်လို အခက်အခဲနဲ့ ရင်ဆိုင်လာရတယ် မသိဘူး. . . သမီးလေး ပြည့်ပြည့်နဲ့လဲ အဆင်ပြေမယ့် ပုံဆိုတော့ ငါ သူ့ကို လက်ခံထားလိုက်တာပဲ ကောင်းပါတယ်. . .'

ဒေါက်တာ မိုးထက်အောင်သည် သူ့အတွေးနှင့် သူ ဦးခေါင်းကြီးကို ဆတ်ခနဲ တစ်ချက် ညိတ်ပြီး ပရဆေးပင်များ စိုက်ပျိုးထားသည့် ညခံထဲသို့ ပြန်ဆင်းသွားတော့သည်။

♥ ♥ ♥

(၂)

'ကြီးကြီးခ လုပ်စရာရှိတာလုပ်ပါ. . . ပြည့်ပြည့်ကို ထိန်းရင်း အိပ်ခန်းကို ဖြူသန့် ရှင်းလိုက် ပါ့မယ်. . .'

'အေး. . . အဲဒါလဲ ကောင်းတာပဲ. . . အိပ်ခန်းက အပေါ်ထပ်မှာ . . .'

'ဟုတ်ကဲ့. . . ကဲ. . . လာ ပြည့်ပြည့်. . . တီတီနဲ့ အပေါ်သွားရအောင်. . .'

ဖြူသန့်စင်က ပြည့်ထက်အောင်ကလေးကို လက်တွန်းလှည်းထဲမှ မယူပြီး ချီကာ. . . သူ့လက်ဆွဲ သားရေသေတ္တာကို လက်တစ်ဘက်က ဆွဲရင်း ဒေါ်ခကြီး နောက်သို့ တက်လိုက်ခဲ့သည်။

ပြည့်ထက်ကျော်ကလေးနှင့် သူ အတူနေရည့် အိပ်ခန်းသည် ကြီးများ ကျယ်ဝန်းလှသည်။

ရေချိုးခန်း. . . အိမ်သာနှင့် တွဲ လျက် အခန်းမို့ သူ့အတွက် အဆင်ပြေလှ၏ ။

ကျယ်ဝန်းသော မှန်ပြတင်းပေါက်များ နှင့် လေဝင်လေထွက် ကောင်းလှသည့်အပြင် လေသာဆောင်လည်း ပါသဖြင့် ဖြူသန့်စင် အကြိုက် ဖြစ်သွားသည်။

ဘေး အကာအရံပါသော ကလေး ခုတင်ကလေးကို အရင် သန့်စင်ရှင်းလင်းလိုက်ပြီး ဖြူသန့်စင်သည် ကြမ်းပေါ်က အရုပ်ကလေးတစ်ရုပ်ကို ကောက်ယူကာ ပြည့်ထက်အောင်ကလေး ကို ပေး၍ ထည့်ထားလိုက်၏ ။

'ကဲ. . . မီးမီးလေးက ဒီမှာ နေ. . . တီတီဖြူက အိပ်ခန်းရှင်းမယ်. . . ဟုတ်ပြီလား. . .'

ကလေး၏ နဖူးကလေးကို နမ်းပြီး ဦးခေါင်းက ဆံပင်ကောက်ကောက်ကလေးများ ကို ချစ်စနိုး လက်နှစ် ဘက်ဖြင့် ဖွရင်း ဖြူသန့်စင်က ပြောလိုက်သည်ကို သဘောကျသွားဟန်ဖြင့် ကလေးထံမှ တခစ်ခစ် ရယ်မြူး သံကလေးများ ထွက်လာသည်။

'ဟုတ်ပြီ. . . ငါ့ တူမနဲ့ကျမှပဲ ငါ့ မြေးကလေးရယ်တာ မြူး တာ တွေ ့ရတယ်. . . ဟန်ကျလိုက်လေကွယ်. . .'

ဒေါ်ခကြီးမှာ ဝမ်းသာမဆုံး တပြုံး ပြုံး ဖြစ်နေ၏ ။

'ပြည့်ပြည့်ကလေးက သူ့အမေ အဖေနဲ့ တစ်ခန်းတည်း အတူမနေဘူးလား ဟင်. . . ကြီးကြီးခ. . .'

ဖြူသန့်စင်၏ အမေးကြောင့် ဒေါ်ခ၏ မျက်နှာသည် ကွက်ခနဲ ပျက်သွား၏ ။

'ဟင့်အင်း. . .'

'သူတို့က အနောက်နိုင်ငံသားတွေ ကျနေတာပဲနော်. . . အဟင်း. . .'

'မဟုတ်ဘူး. . . တူမရေ. . . အနောက်နိုင်ငံသားလို နေကြတာ မဟုတ်ဘူး. . . ပြည့်ပြည့် မှာ အမေ မရှိတာကွယ့်. . .'

'ရှင်. . . ပြည့်ပြည့်မှာ အမေမရှိဘူး. . . သနားပါတယ်. . . သူ ဘယ်အရွယ်က

ဆုံးသွားတာ လဲ. . . စိတ် မကောင်းလိုက်တာ. . .'

'ဆုံးသွားတာဆိုရင် ဖြေသာပါသေးတယ်. . . ခုဟာက လူမမယ်ကလေးကို ပစ်ပြီး ဖောက်ပြန်သွားတာ ဖောက်ပြန်သွားတာ အေ့. . .'

'အို. . .'

ဖြူသန့်စင်၏ ပါးစပ်လှလှကလေး အံ့အားသင့်လွန်း၍ ဝလုံးကလေးလို ဝိုင်းဟသွား၏။

'ဟင်း. . . ဒီအကြောင်းတွေ မပြောချင်ပါဘူးကွယ်. . . ရင်နာလွန်းလို့. . . ကြီးကြီးခ တူနဲ့ မြေးကလေး သိပ် ကံဆိုးကြရှာတယ်. . . ဒီကလေးက ငါ့တူမကို ခင်တွယ်တာဆိုတော့ အတတ် နိုင်ဆုံး ကြင်ကြင်နာနာ ဖေးဖေးမမ ကြည့်ရှုပေးပါလို့ တောင်းပန်ချင်ပါတယ်. . .'

'စိတ်. . . စိတ်ချပါ. . . ကြီးကြီးခရယ်. . .'

'မောင်မိုးထက် ကတော့. . . သီရိ သူ့ အရက်ကို ခွဲသွားပြီးကတည်းက အိမ်ထဲက အိမ်ပြင် မထွက်ဘဲ နေနေတာ ကြာပြီ. . . သူ့ဘဝကို သူ သုတေသန လုပ်နေတဲ့ ဆေးပင်ကြားမှာ ပဲ မြှုပ် ထားလိုက်ပြီကွယ့်. . .'

ပြည့်ထက်အောင်ကလေးတို့ သားအဖ အကြောင်းကို ကြားသိလိုက်ရသဖြင့် ဖြူသန့် ရင်မှာ စိတ်မကောင်းကြီးစွာ ဖြစ်သွားမိသည်။

'အင်း. . . ဒါကြောင့် ဆရာဝန်ကြီး မျက်နှာက ညှိုး နွမ်းပြီး သူ့အသက်အရွယ်ထက် ပိုပြီးအို နေတာကိုး. . . ဖြစ်မှ ဖြစ်ရလေ. . . ဆရာဝန်ကြီးက ရုပ်လဲ မဆိုးပါဘူး. . . စိတ်သဘောလဲ ကောင်းပုံရပါတယ်. . . သာယာချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုကို တည်ထောင်နိုင်စွမ်းရှိတဲ့ လူတစ် ယောက် ပုံလဲ ပေါက်ပါတယ်. . . ဒါနဲ့များ တောင် သူ့မိန်းမက ဘာ ဖြစ်လို့များ သိပ်ချစ်စရာ ကောင်းတဲ့ ရင်သွေးကလေးကိုပါ ပစ်ပြီး ဖောက်ပြန်သွားတယ် မသိပါဘူး. . . အင်း. . . လူတွေ ရဲ့ ကံတရားကလဲ အမျိုးမျို

းပါပဲလား. . . ကိုယ့်ကိုယ်ကိုပဲ ကြည့်ဦးလေ. . . အဖေအရင်းခေါက်ခေါက် ကြီး အသက်ထင်ရှားရှိလျက်နဲ့ အတူမနေရတဲ့ ဘဝ. . . မနေနိုင်တဲ့ ဘဝ. . .'

'တူမ. . .'

'ရှင်. . .'

အတွေးလွန်သွားသော ဖြူသန့်စင်သည် ကိုယ်ကလေး တွန့်ခနဲ ဖြစ်သွားရသည်။

'အောက်မှာ အလုပ်တွေ ကျန်သေးလို့. . . ကြီးကြီးခ ဆင်းသွားဦးမယ်. . .'

'ဟုတ်ကဲ့. . . ကြီးကြီးခ. . .'

ဖြူသန့်စင်သည် အိပ်ခန်းကို ဆက်၍ လှည်းကျင်းပြီး အမှိုက်ကျုံးရန် တစ်စုံတစ်ခုကို ရှာဖွေ ရင်းက အမှိုက်ခြင်းထဲတွင် ရှိနေသော စက္ကူများ ကို တွေ့ရှိလိုက်ရသည်။

အမှိုက်ကျုံးရင် စက္ကူကလေးတစ်ရွက်ကို ဖြန့်ယူရင်းက ဖြူသန့်စင်သည် ဝိုင်းစက်နေသော လက်ရေး ဖြင့် ရေး ထားသော စာလုံးကလေးများ ကို အမှတ်မထင် ဖတ်မိသွားလိုက်သည်။

ရှင်. . . ကြပ်ကြပ် သတိထား. . .

အတိအကျသိလို့ ကတော့ ရှင့်ကို ကြိုး စင်တင်အောင်ကို လုပ်မယ်. . .

'ဟယ်. . . ဘာတွေ လဲ. . . ကြောက်စရာကြီးပါလား. . .'

ဖြူသန့်စင်သည် စိတ်ဝင်စားသွားပြီး တွန့်ကြေနေသော စာရွက်ကလေးကို အလောသုံး ဆယ် ဖြန့်ကာ ဖတ်ကြည့်လိုက်မိသည်။

ကိုယ်နှင့် မဆိုင်မှန်းတော့ သိပါသည်။

သိလိုစိတ်ကို တားမရနိုင်လွန်းလို့ပါ။

ကိုမိုးထက်. . .

ညီမလေး သီရိ တစ်စုံ တစ်ယောက် နဲ့ ဖောက်ပြန်လိုက်ပြေးသွားတယ်ဆိုတာက ရှင့်အပြောပဲ. . . ညီမလေးကို တွေ့အောင်လိုက်ရှာနေတယ်. . . ရှင် ပြောသလို ဖောက်ပြန်သွားတာ ဆိုရင်တော့ ရှင့်အတွက် အကောင်းဆုံးပေါ့. . . တစ်ဘက်က စဉ်းစားကြည့် တော့လဲ နေ့ရှိသရွေ့ အလုပ်ထဲမြှုပ်နေတဲ့ ရှင့်ကို ဝင်းမင်းရဲ့ ညီမလေးက စိတ်ပျက်ပြီး ညည်းငွေ့တာ အဆန်းလား. . . ရှင့်ထက် ညီမလေးက အသက်အများ ကြီးငယ်တာ. . . လူငယ်ဆိုတာ ပျော်ချင်ရွှင်ချင် တာပဲ. . . တိုက်ပိတ်အလှောင်ခံထားရတဲ့ နေရာမျိုးကြီးမှာ ဘယ်နေနိုင်မှာ လဲ. . . ဒါ ရှင့်အပြစ်. . . ဝင်းမင်း ညီမလေး အပြစ်မဟုတ်ဘူး သိလား. . .

ရှင်. . . ညီမလေး သီရိကို အပြစ်ရှာနေတာ ကြာပါပြီ. . . ရှင့်စာတွေ ဘာဘာဆီ မကြာ ခဏ ရောက်နေတာ ဝင်းမင်း အမြဲဖတ်နေရတယ်. . . ရှင် ညီမလေးကို ခြေလွန်လက်လွန် များ လုပ်လိုက်သလားပဲ. . . ရှင် ကြပ်ကြပ်သတိထားနေပါ. . . အတိအကျသိရ လို့ကတော့ ရှင့်ကို ကြိုး စင်တင်အောင် လုပ်ပစ်မယ်. . . ဝင်းမင်းအကြောင်း ကောင်းကောင်း ရှင်သိရမှာ ပဲ. . . ရှင်. . .

'ဟော့. . . မင်း ဘာဖတ်နေတာလဲ. . .'

'အောင်မလေး. . .'

ဟိန်းထွက်သွားသော အသံနက်ကြီးကြောင့် ဖြူသန့်စင်သည် လက်ထဲက စာရွက်ကို လွှတ်ချပြီး ဆတ်ခနဲ ထရပ်လိုက်မိသည်။

ဒေါက်တာ မိုးထက်အောင်သည် ကြမ်းပြင်ပေါ်တွင် ပြန့်ပြန့်ကလေးကျနေသော စာရွက်ကို ကောက်ယူပြီး ဖြူသန့်စင်ကို တစ်လှည့်. . . စာရွက်ကို တစ်လှည့် ခက်ထန်မာကျောစွာ ဖြင့် ကြည့်လိုက်သည်။

သူ့မျက်နှာကြီးက မည်းမည်းမှောင်နေသည်။

ဖြူသန့်စင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။

မျက်နှာကလေးသည်လည်း သွေးမရှိသည့်ကဲ့သို့ ဖြူဆုတ်သွားနေ၏ ။

'မင်း. . . တစ်ဝမ်းတစ်ခါးပြည့်ဖို့ တို့ အလုပ်ကို လာလုပ်တာဆိုရင် မြကြာရံ မိသားစု အကြောင်းကို လုံးဝ မစပ်စုပါနဲ့. . . ဒါ. . . ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် သတိပေးနေတာ သိလားကွ. . .'

အသံကြီးက မာထန်လွန်းလှသည်။

'ဟုတ်. . . ဟုတ်ကဲ့. . .'

'တီတီဖူ. . . တီတီဖူ. . . ရာခေါ်. . . ရာခေါ်. . .'

ခုတင်ကလေးထဲမှ လက်ကလေးနှစ် ဘက် ဆန့်ထုတ်၍ ပြည့်ထက်အောင်ကလေးက မပီ ကလာ လှမ်းခေါ်နေသဖြင့် ဖြူသန့်စင်လည်း ကလေးဆီသို့ အပြေးကလေးသွားလိုက်သည်။

ရင်ထဲမှာ က တုန်လှုပ်မှု က ပြင်းထန်နေဆဲ. . .။

'ဒေါက်တာ မိုးထက်အောင်ရဲ့ မျက်နှာကြီးက ကြောက်စရာကောင်းလိုက်တာ. . . သဘော ကောင်းရင် မတရားကောင်းပြီး သဘောဆိုးရင် လူသတ်ပစ်ရမှာ တောင် ဝန်လေးမယ့် ရုပ်မျိုး မဟုတ်ဘူး. . . မြကြာရံမှာ ဇာတ်ရုပ်ကြီး ရှိနေတာတော့ အမှန်ပဲ. . .'

ဖြူသန့်စင်သည် ပြည့်ထက်အောင်ကလေးကို ချီ၍ ကျောပွတ်သပ်ပေးရင်းက တောက် လျှောက်ကြီး တစ်သီကြီးတွေ းမိနေ၏ ။

ဒေါက်တာမိုးထက်အောင်သည် စက္ကူစုတ်များ ထည့်ထားသော အမှိုက်ခြင်းကို သယ်ပြီး စူးစူးရှရှ ဖြူသန့်စင်ထံသို့ တစ်ချက်ကြည့်ပြီးနောက် အခန်းတွင် းမှ လျင်မြန်စွာ ထွက်ခွာသွားတော့ သည်။

'ဟင်း. . . စိတ်မောလိုက်တာ. . .'

ဖြူသန့်စင်လည်း အသက်ရှူချောင်သွားသလို ခံစားရပြီး ပင့်သက်ကြီး ချလိုက်သည်။

'တီတီဖြူ. . . အိပ်မယ်. . . အိပ်မယ်. . .'

'အေး. . . အေး. . . သမီးလေး အိပ်ရမယ်နော်. . . နေဦး. . . ခေါင်းအုံးကလေး ထည့်လိုက်ဦးမယ်. . .'

ဖြူသန့်စင်က ခုတင်ကလေးထဲတွင် ခေါင်းအုံးနှင့် ဖက်လုံးကလေးများ ကို ထည့်လိုက်ပြီးမှ ပြည့်ထက်အောင်ကလေးကို ထည့်သိပ်လိုက်သည်။

ပြည့်ထက်အောင်ကလေးကို အိပ်ပျော်အောင် ချော့သိပ်နေစဉ် စက္ကူ မီးလောင်သော ညှော် နံ့ ဖြူသန့်စင်၏ နှာခေါင်းထဲသို့ ဝင်လာ၏ ။

ဖြူသန့်စင်လည်း ပြတင်းပေါက်ဆီသို့ သွားကြည့်လိုက်မိသည်။

ဒေါက်တာ မိုးထက်အောင်သည် စက္ကူများ ကို ပုံ၍ ခြံထဲတွင် မီးရှို့ပစ်နေသည်။

သူ့ မျက်နှာကြီးသည် ကြောက်မက်ဖွယ်ရာ ခက်ထန်မာကျောလွန်းနေသည်။

ဖြူသန့်စင်တွင် သံသယများ ဝင်လာသည်။

ဒေါက်တာ မိုးထက်အောင်၏ ဇနီး သီရိ ဆိုသူသည် သွေးရိုးသားရိုး ပျောက်ဆုံးနေခြင်း လား. . .

သို့မဟုတ်. . .

အစဖျောက်ခြင်း ခံလိုက်ရခြင်းပဲလား. . .။

ရုတ်တရက် ဒေါက်တာ မိုးထက်အောင် သူရှိရာ အိပ်ခန်းဆီသို့ မော်ကြည့်လာသည်။

မျက်လုံးချင်း ဆုံမိသွားကြပါသည်။

ရပ်နေရာမှ ဖြူသန့်စင် ချာခနဲ လှည့်ထွက်ခဲ့သည်။

သူ့ အကြည့်များ သည် ဘာကြောင့် မှန်း မသိ ဖြူသန့်စင်၏ ရင်ကို တုန်လှုပ်သွားစေသည် ကတော့ အမှန်ပင်. . .။

မြကြာရံ ခြံဝင်းကြီးထဲသို့ ဝင်စက စိတ်ထဲတွင် မသိုးမသန့်ကြီး ခံစားရမှု သည် ယခုတော့ ဖြူသန့်စင်အတွက် ကြီးမားလို့ လာချေပြီ. . .။

ကြီးမားကျယ်ဝန်းသော ခြံကြီးနှင့် အိမ်ကြီး. . . လွန်စွာ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်. . .။

သက်ာရနံ့ မကင်းစရာအကြောင်းအရာများ . . .။

အားလုံးကို ခြုံငုံကြည့်လိုက်လျှင် မြကြာရံသည် စိတ်လှုပ်ရှားချောက်ချားဖွယ်ရာတို့ဖြင့် ပြည့်ပြွမ်းနေ၏ ။

'ဟူး. . . မတတ်နိုင်ပါဘူးလေ. . . ငါ့အတွက်ကလဲ လုံခြုံမှု ရှိတဲ့ နေရာမျိုး အမှန်တကယ် လိုအပ်နေတာဆိုတော့ ဒီမြကြာရံက အကောင်းဆုံး ဖြစ်နေတယ်. . . ဒီမှာ ငါက ပွဲကြည့်ပရိသတ် တစ်ယောက် အနေနဲ့ပဲ နေရမယ့်လူဆိုတော့ သူတို့ဘာအကြောင်းပဲ ရှိရှိပေါ့. . . ငါ နေသော အောင် တော့ နေရတော့မှာ ပဲ. . .'

ဖြူသန့်စင်သည် နှစ် ခြိုက်စွာ အိပ်မောကျနေသော ချစ်စရာကလေးငယ်ကလေးကို ငုံ့ကြည့်ပြီး သူ့ခုတင်အကာအရံကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

သနားစရာကောင်းလိုက်တဲ့ ကလေးလေးရယ်. . .။ မင်းလေးလဲ ကုသိုလ်တမျိုး ဆိုးတာပါပဲ လား. . .။

အမိ၏ ရင်ခွင်အလိုအပ်ဆုံးအရွယ် ငယ်ငယ်ကလေးတွင် အမိရင်ခွင်မဲ့နေသော ကလေး ငယ်ကလေးကို ကြည့်ကာ ဖြူသန့်စင်သည် ကြင်နာသနားစိတ်တွေ တစိမ့်စိမ့် ယိုဖိတ်၍ လာနေ၏ ။

'မင်းကလေးကို သိပ်သနားလာမိတယ်ကွယ်. . .'

ဖြူသန့်စင်က ယုန်ရုပ်ကလေးပါသော ဖလန်ထည်စောင် အပြာနုရောင် အိထွေးထွေး ကလေးကို ပြည့်ထက်အောင်၏ ကိုယ်ပေါ်တွင် အညင်သာဆုံး လွှမ်းခြုံ

ပေးလိုက်သည်။

ထို့နောက် ကလေးအိပ်နေတုန်း ငြီးစီစီ ဖြစ်နေမှု ကလေးများ ပျောက်ကင်းသွားသော ရေချိုး ထားရန် ဆုံးဖြတ်လိုက်ပြီး သူ့လက်ဆွဲသေတ္တာကို ဖွင့်ကာ အဝတ်အစားများ ထုတ်ယူလိုက်သည်။

ရေချိုးခန်းသည် သန့်ရှင်း၍ မွှေးကြိုင်နေသည်။

နိုင်ငံခြား အကောင်းစား ရှန်ပူခေါင်းလျှော်ရည် ပုလင်း. . . ရေချ ုးဆပ်ပြာအရည်အတုံး တို့အပြင် သန့်ရှင်း ဖြူဖွေးနေသော ကြွေရေချိုးဇလုံကြီးကလည်း သုံးဆောင်သူတို့၏ အခြေအနေ ကို ဖော်ပြနေသယောင် ရှိလှသည်။

ဖြူသန့်စင်လည်း ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ ကြွေဇလုံထဲတွင် ဆပ်ပြာမွှေးရည် အနည်းငယ်ကို လောင်းထည့်ကာ အမြှုပ်များ ထအောင် လက်ဖြင့် မွှေ့ယမ်းလိုက်ပြီးမှ အထဲသို့ လှမ်းဝင်လိုက်သည်။

ဆပ်ပြာ မြှုပ်တွေ ဝေနေသော ရေထဲတွင် လည်း လည်ပင်းကလေးသာ ဖော်ပြီး တစ်ကိုယ် လုံး အားရပါးရကြီး နစ် ကာ စိတ်ရှိလက်ရှိ စိမ်ပစ်လိုက်သည်။

တကယ်ပါပဲ. . .

သင်းပျံ့သော အမွှေးနံ့. . . အေးစိမ့်သော ရေကြည်တို့ကြောင့် နန်းချည့်ချည့် ငြီးစီစီ ဖြစ်နေမှု များ ဖြူသန့်စင်ထံမှ လွင့်ပြယ် ပျောက်ကွယ်သွားကြတော့သည်။

'အင်း. . . ဇိမ်ကျလိုက်တာ တကယ်ပါပဲ. . . ကာယကံရှင်တွေ က ကြည်ဖြူမလား. . . မကြည်ဖြူလား မသိဘူး. . . ငါ ကတော့ အကျကို ချိုးနေတယ်. . . အဟွန်း. . .'

ဖြူသန့်စင်သည် စိတ်ရှိလက်ရှိ ရေချိုးပြီး ကြိုး တန်းပေါ်တွင် အသင့်တင်ထားသော မျက်နှာ သုတ်ပဝါကြီးကို ခြုံကာ အိပ်ခန်းထဲသို့ ဝင်လိုက်သည့်အခါတွင်တော့ သူ့ ခုတင်ခြေရင်းဘက်နား တွင် ထိုင်နေသော ဒေါ်ခကြီးကို တွေ့လိုက်ရသည်။

ဒေါ်ခကြီးသည် အသားအရေ စိုပြည်၍ နုငယ်လှပလွန်းနေသော ဖြူသန့်စင်ကို

မမိုတ်မသုန် သော မျက်လုံးကြီးများ ဖြင့် လှမ်းကြည့်နေသည်။

ဖြူသန့်စင်တောင် မနေတတ် မထိုင်တတ်အောင် ဖြစ်လာ၏ ။

'အဟင်း. . . ကြီးကြီးခ ရောက်နေတာကိုး. . . ဖြူသန့်လဲ ငြီးစီစီရှိတာနဲ့ ပြည့်ပြည့်ကလေး အိပ်ပျော်နေတုန်း ရေဝင်ချိုးလိုက်တာ. . .'

'ကလေးငယ်ကို ကြည့်ရ ရှုရမှာ ဆိုတော့ ဒီလိုပဲ ကြည့်အချိန်ယူလုပ်ရမှာ ပေါ့ တူမလေးရဲ့ . . ဒီအခန်းထဲမှာ သနပ်ခါးကျောက်ပျဉ်နဲ့ သနပ်ခါးတုံးကလွဲလို့ အလှပြင်စရာတွေ ကတော့ ရှိနေ တုန်းပါပဲ. . .'

'ဖြူသန့်က မိတ်ကပ်ထက်စာရင် သနပ်ခါးမွှေးမွှေးလေး လိမ်းရတာ ကို ပိုကြို က်ပါတယ် ကြီးကြီးခ. . .'

'ဟေ. . . ဟုတ်လား. . . ဒါဆို ကြီးကြီးခမှာ ကျောက်ပျဉ် အပိုတစ်ချပ်နဲ့ ရှင်မတောင် သနပ်ခါး မွှေးမွှေးတွေ ရှိပ့ါတော် . . . ရမယ်. . . ရမယ်. . .'

'ဖြည်းဖြည်းပေါ့. . . ကြီးကြီးခရယ်. . . ဖြူသန့် ဒီမှာ ပဲ နေမယ့်ဥစ္စာ. . .'

ပျာပျာသလဲ အောက်ထပ်သို့ ဆင်းဟန်ပြုလိုက်သော ဒေါ်ခကြီးကို ဖြူသန့်စင်က ဆွဲသွား လိုက်ရသည်။

'ကလေး အဝတ်အစားတွေ . . . အသုံးအဆောင်တွေ လာပို့တာ. . သူ့အမေ မရှိကတည်း က ကလေးကို ကြီးကြီးခ အခန်းထဲမှာ ခေါ်ထားရတာ ကွယ့်. . . အသက်ကလဲ ကြီး. . . ဒူးတွေ ကလဲ တယ်မကောင်းချင်တော့ ဒီလှေကားကြီးကို အခါခါ မတက်နိုင်တော့ဘူးလေ. . . အစက တော့ သူတို့သားအမိတစ်တွေ ဒီအိမ်ခန်းမှာ နေကြတာ. . .'

'သြော်. . . ဒါကြောင့် ကိုး. . . အသုံးအဆောင်တွေ က စမတ်ကျကျ ဖြစ်နေတာ. . .'

ဖြူသန့်စင်က အခန်းကို လှည့်ပတ်ကြည့်ရင်း မှတ်ချက်ချလိုက်သည်။

'ညာဘက် တစ်ခန်းကျော်က စတိုခန်းထဲမှာ ပြည့်ပြည့်ကလေးရဲ့ ကစားစရာတွေနဲ့ အသုံး အဆောင်ပစ္စည်းတွေ ထည့်ထားတယ်. . . ကြီးကြီးခ သော့ ခတ်မထားဘူး နော်. . . လိုတာရှိရင် သွားယူပြီး သုံးနိုင်တယ်. . .'

'ဟုတ်ကဲ့ပါ ကြီးကြီးခ. . .'

'ရော့. . . ဟောဒါက သူ့ သမီးလေးကို အချိန်ဇယားအတိုင်း ကျွေးမွေးပြုစု ဆောင်ရွက်ပေး ဖို့ မောင်မိုးထက်ကိုယ်တိုင် ဆွဲထားတဲ့ ဇယား. . .'

'ဩော်. . . ဟုတ်ကဲ့. . .'

'သူက သူ့သမီးကို ဂရုစိုက်တာ သိပ်ကြိုက်တယ်. . . ကလေးမှာ က ကလေးတီဘီလဲ ဖြစ် ထားတာ မကြာသေးတော့ ဆေးဝါးမှန်မှန် တိုက်ကျွေးဖို့လဲ လိုတယ်. . . အဲဒါက အဓိကပဲ. . .'

'ဟုတ်ကဲ့ ဖြူသန့်စင် နားလည်ပါတယ်. . . ကြီးကြီးခ. . .'

'အေးကွယ်. . . မယ်မင်းကြီးမလေးကို နတ်ကောင်းနတ်မြတ်တွေ များ လွှတ်လိုက်သလား မဆိုနိုင်ဘူး. . . ကြီးကြီးခလဲ ခုမှပဲ အသက်ရှူချောင်ရတော့တယ်. . . ကလေးအတွက် ပူစရာ မလိုတော့ရင် အိမ်မှု ကိစ္စ ဗာဟီရက ကြီးကြီးခ တစ်ယောက် တည်း နိုင်တယ်ကွယ်. . .'

'ဖြူသန့် အားရင်လဲ ဝင်ကူပေးမှာ ပါ. . .'

'အောင်မယ်လေး. . . မလုပ်နဲ့. . . မလုပ်နဲ့. . . မောင်မိုးထက်က လိုင်းပူးတာ မကြိုက်ဘူး၊ သူက သူ့သမီးကလေးကို သီးသီးသန့်သန့် ကြည့်ရတာ ပဲ ကြိုက်တဲ့လူ. . . ဩော်. . . ဒါနဲ့ သတိ ပေးထားရဦးမယ်. . .'

'ဘာများ ပါလိမ့် ကြီးကြီးခ. . .'

ဖြူသန့်စင်က သူ့ကိုယ်ပေါ်တွင် ဘလောက်(စ်)အင်္ကျီတစ်ထည်ကို ဝတ်ဆင်ရင်းက ဒေါ်ခကြီး၏ မျက်နှာကို ကြည့်လိုက်သည်။

'သီရိနဲ့ ပတ်သက်တဲ့အကြောင်း ဘာကိုမှ ဝင်စွက်ပြီး မပြောမိဖို့ပါ. . . မောင်မိုးထက်က ကိုယ့်ကိစ္စမဟုတ်တဲ့ အထဲ ဝင်ပါရင် နည်းနည်း မှ မကြိုက်တာမို့ ကြို သတိပေးတာပါကွယ်. . .'

'ဩော်. . . ဟုတ်. . . ဟုတ်ကဲ့. . .'

'တူမကြီးက လူငယ် လူရွယ်ကလေးဆိုတော့ တစ်ပတ်မှာ တစ်ရက်လောက်တော့ နားချင် နားပေါ့ကွယ်. . . တစ်ချိန်လုံး ဒီအိမ်ကြီး ခြံကြီးထဲမှာ နေရတာ ငြီးငွေ့သွားမှာ စိုးလို့. . .'

'အဟင်း. . . ဟင်း. . . ဟင်း. . . မငြီးငွေ့ပါဘူး. . . ကြီးကြီးခရဲ့ ဖြူသန့်အတွက် ပြည့်ပြည့် ကလေး ရှိနေတာပဲ. . . လုံလောက်နေပါပြီ. . . ဖြူသန့်ကလေးဆိုရင် သိပ်ချစ်တဲ့သူပါ. . . ပြည့်ပြည့်ကလေးက တီတီတာတာ ပြောတတ်တဲ့အရွယ်. . . ပြီးတော့ သိပ်လဲ ချစ်စရာကောင်းတဲ့ ကလေးဆိုတော့ ဖြူသန့်မှာ ပျင်းစရာ တစ်ကွက်မှ ရှိမယ် မထင်ပါဘူး. . .'

'အောင်မယ်လေး. . . မယ်မင်းကြီးမလေးရယ်. . . ကျေးဇူးတင်လိုက်တာတော် . . .'

ကြီးကြီးခကြီး အတော၀မ်းသာသွားပုံ ရ၏ ။

သူ့မျက်နှာ ပြည့်ပြည့်ဝိုင်းဝိုင်းကြီး ပြုံး ကြည်၍ နေသည်။

'တူမကြီးလဲ ဆာနေမလားပဲ. . . အောက်ထပ်မှာ ထမင်း ဟင်းတွေ ကတော့ ကျက်နေပြီ. . အဆင်သင့်ပဲ. . . ကြီးကြီးခ ပို့ပေးလိုက်ရမလား. . . ဟင်. . .'

'အို. . . နေပါစေ. . . ကလေးနိုးလို့ ရေမိုးချိုးပေးပြီးမှပဲ ဖြူသန့် ဆင်းလာပြီး စားပါ့မယ်. . .'

'အေး အေး. . . ဒါဆို ကြီးကြီးခ အဝတ်တွေ စိမ်ထားလို့ သွားလျှော်လိုက်ဦးမယ်. . .'

'ဟုတ်ကဲ့. . . ကြီးကြီးခ. . .'

ဖြူသန့်စင်က ဒေါက်တာ မိုးထက်အောင်. . . သူ့သမီးကလေးအတွက် ရေးဆွဲပေးထား သော အချိန်ဇယားကို သေချာစွာ ဖတ်ကြည့်လိုက်ပြီး ကလေးခုတင်ခေါင်းရင်းအိပ်ခန်းနံရံတွင် ကပ် ထားလိုက်သည်။

'ကဲ. . . ဦးတိကျကြီးအတွက် ဒီကလဲ မတိကျပါပဲဆိုတာ ပြလိုက်ရသေးတာပေါ့. . .'

♥ ♥ ♥

(၃)

ပြည့်ထက်အောင်ကလေး၏ ခုတင်နံဘေး စားပွဲခုံပေါ်တွင် ဆေးပုလင်းများ . . . နို့ဘူး. . . ဓာတ်ဘူးနှင့် သူ နေ့စဉ် စားသောက်ဖွယ်ရာများ . . . ဘူး. . . ခွက်. . . ဇွန်းမှအစ ကိုယ်လိမ်း ပေါင်ဒါ. . . ဆပ်ပြာ စသည်တို့သည် သေသပ်ကျနစွာ အစီအရီရှိနေကြသကဲ့သို့ အမြင့် ငါးပေခန့် ရှိသော ကျွန်း ဗီရိုထဲတွင် လည်း အဝတ်အစား. . . သူ့ အသုံးအဆောင်ပစ္စည်းပစ္စယများ သေချာ ကျနစွာ ထားရှိနေ၏ ။

ဖြူသန့်စင်သည် ကလေးအသုံးအဆောင်ပစ္စည်းများ ကို စိတ်တိုင်းကျ ထားသိုပြီးသည်နှင့် တစ်ပြိုင်နက် ကလေး ကြမ်းပေါ်တွင် ကစားလိုက ကစားနိုင်ရန် ကျွန်းကွက်များ ခင်းထားသော အိပ်ခန်း ကြမ်းပြင်ကို ရေနှင့် ဒက်တောပိုးသတ်ဆေးရောစ၍ ပြောင်စင်နေအောင် တိုက်ချွတ်နေပြန် ၏ ။

အလုပ်ထဲ စိတ်ဝင်စားနေသဖြင့် ဖြူသန့်စင်သည် သူ့နောက်ကျောဘက် အိပ်ခန်းဝတွင် ဒေါက်တာ မိုးထက်အောင် ရောက်ရှိနေပြီး. . . သူ့ကို မမိုတ်မသုန်သော မျက်လုံးများ ဖြင့် ကြည့်နေ သည်ကို မသိဘဲ ဖြစ်နေသည်။

လူကလေး အရွယ်ငယ်ပေမယ့် သန့်ရှင်း သေသပ်မှု အထူးရှိလှသော ဖြူ သန့်စင်ကို မိုးထက်အောင်သည် စိတ်ထဲက ကျိတ်၍ ချီးကျူး နေမိသည်။

ချစ်သမီးငယ်ကလေးအတွက် အထူးလိုအပ်နေသော အစားထိုးရမည့် သူ ရရှိလေပြီမို့လည်း သူ ဝမ်းသာအားရမဆုံး ဖြစ်နေသည်။

'ဟင်း. . . ဒီကလေးမလေးရဲ့ ရေရှည် လုပ်ရည် ကိုင်ရည်ကို ကြည့်ပြီး ငါ လခကို တိုးပေး မယ်. . .'

'ဟင်. . .'

ဖြူသန့်စင်သည် အမှတ်မထင် နောက်သို့ လှည့်လိုက်သည်တွင် သူ့အား စူးစူး

စိုက်စိုက် ကြည့်နေသော ဒေါက်တာ မိုးထက်အောင်ကို တွေ့မြင်လိုက်ရသည်။

ကြမ်းသုတ် အဝတ်ကလေးကို လက်နှစ် ဘက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး သူသည် ဆတ်ခနဲ တောင့်တောင့်ကလေးရပ်ကာ ဒေါက်တာ မိုးထက်အောင်ကို မဝံ့မရဲသော မျက်လုံးများ ဖြင့် ကြည့်လိုက်သည်။

စောစောက မာကျောခက်ထန်လှသော မျက်လုံးများ အစား ညှင်သာ ပျော့ပျောင်းမှု ရှိသော မျက်နှာနှင့် ရီဝေဝေ မျက်လုံးများ ကို ဖြူသန့်စင် တွေ့မြင်လာရသည်။

တင်းစေ့နေသော နှုတ်ခမ်းများ တွင် အပြုံး ကို မတွေ့ရသော် လည်း လျှော့ပြေခြင်း ရှိနေ သည်ကိုလည်း တွေ့မြင်ရသည်။

'မင်း. . . ပင်ပန်းနေပြီ ထင်တယ်. . .'

'မပင်ပန်းပါဘူး. . . ဒီအလုပ်တွေ ဖြူသန့် လုပ်နိုင်ပါတယ်. . .'

'ကလေးက တီဘီ ဖြစ်ထားတာ မကြာသေးတော့ ခုလို သန့်ရှင်း သပ်ရပ်မှု သိပ်လိုတယ်. .'

'ဟုတ်ကဲ့. . .'

'သမီးအတွက် တို့ရေး ပေးထားတဲ့ အချိန်ဇယား ရပြီလား. . .'

'ဟိုမှာ ကပ်ထားပါတယ်. . .'

'အဟင်း. . . မင်းကလဲ တိကျတဲ့ လူ တစ်ယောက် ပဲ ထင်ပါရဲ့ . . .'

ဖြူသန့်စင်က စကား တုံ့ပြန်မှု မပြုဘဲ. . . ငြိမ်နေ၏ ။

'သမီး အိပ်တာ ကြာပြီလား. . .'

'တစ်နာရီကျော်ကျော်လောက်တော့ ရှိပြီ ထင်ပါတယ်. . .'

'ဩော်. . . မင်း အခန်းထဲမှာ နာရီတစ်လုံး ရှိသင့်တယ်. . .'

‘ဟုတ်ကဲ့. . .’

‘ရာသီဥတု အပြောင်းအလဲဆိုတော့ ကလေး အအေးမမိစေဖို့ သတိထားပါ. . .’

‘စိတ်ချပါ. . . ဖြူသန့် ဂရုစိုက်ပါ့မယ်. . .’

‘သမီးကလေး ဒီလို နှစ် နှစ် ခြိုက်ခြိုက် မအိပ်တာ ကြာပြီ. . .’

‘ကလေးဆိုတာ အစားကောင်းကောင်းဝင်ရင် အိပ်လဲ ကောင်းမှာ ပါပဲ. . .’

‘ဟုတ်မယ်. . . ခါတိုင်းဆိုရင် အစားစားတိုင်း သူ့ ကြီးကြီးခနဲ့ ရန်ဖြစ်နေကြတာပဲ. . . ဒီနေ့တော့ မင်းကျေးဇူးကြောင့် သမီးလေး အစားကောင်းကောင်း ဝင်သွားတယ်. . . ကဲ ကဲ. . . မင်းအလုပ်ပျက်နေပါ့မယ်. . . လိုတာ ရှိရင် ဘာမဆို တို့ကို ပြောနိုင်ပါတယ်. . .’

‘ဟုတ်ကဲ့. . .’

ဒေါက်တာ မိုးထက်အောင် အိပ်ခန်းဝမှ ချာခနဲ ပြန်လှည့်ထွက်သွား၏ ။

‘အဟွန်း. . . ဒီလိုကျတော့လဲ သူ့လေသံက ပျော့ပျောင်းမှု ရှိသားပဲ. . . မဆိုးပါဘူး. . . အဟင်း. . . ငါ့မှာ ဖြင့် ဟိုစာကို ဖတ်လိုက်မိလို့ ရန်များ လုပ်မလားဆိုပြီး ရင်တထိတ်ထိတ် ရှိလိုက် ရတာ . . . ဟူး. . . တော် သေးတာပေါ့. . .’

ဖြူသန့်စင်လည်း တစ်ကိုယ်တည်း ပြုံး ရင်း လက်စမသတ်ရသေးသော ကြမ်းပြင်ကို ဆက် တိုက်လိုက်သည်။

ကိုယ်လက် လှုပ်ရှားမှု အတော် များများ လုပ်လိုက်ရသဖြင့် မနက်က စားခဲ့သော ပဲပလာ တာနှင့် တစ်ချပ်နှင့် လက်ဖက်ရည် တစ်ခွက်သည် ဝမ်းထဲတွင် ပျောက်သွားပြီမို့ ပူလောင်မွှတ် သိပ်စ ပြုလာ၏ ။

အိပ်ရေး ဝသွားပြီ ဖြစ်သော ပြည့်ထက်အောင်ကလေးသည် ကြည်လင်လန်းဆန်းစွာ ဖြင့် အိပ်ရာမှ နိုးလာ၏ ။

'ဟယ်. . . ကြည့်စမ်း. . . ပြည့်ပြည့်ကလေး အိပ်ရေး ဝသွားတာ မျက်နှာကလေး ဖောင်းနေ တာပဲ. . . ချစ်စရာကောင်းလိုက်တာ. . .'

ကလေးငယ်၏ ပါးအိုးမို့မို့ကလေး နှစ် ဘက်ကို ချစ်စနိုး ဖျစ်ညှစ်လိုက်ပြီး ပြောလိုက်သည်။

'တီတီဖြူ. . . ရေရေ သောက်မယ်. . .'

'အေး အေး. . . သောက်ရမယ်. . . ရော့. . . ဟောဒီမှာ ရေရေ. . .'

အသင့်ထည့်ထားသော ရေဘူးကလေးကို အဖုံးဖွင့်ကာ ဖြူသန့်စင်က ကလေးကို ပေးလိုက် သည်။

ပြည့်ထက်အောင်ကလေးသည် တစ်ချိန်တည်းနှင့် ဘူးတစ်ဝက်ကုန်အောင် သောက်ချလိုက်သည်။

'ကဲ. . . လာ. . . ရှူး ပေါက်မယ်. . . ပြီးတော့ ရေရေချိုးပြီး အင်္ကျီလှလှကလေး ဝတ်ပြီး တော့ အောက်ထပ်ကို သွားကြရအောင်. . .'

ပြည့်ထက်အောင်ကလေးသည် ရယ်ရယ်မြူး မြူး ကလေးဖြင့် ဦးခေါင်းကေးလေကို ညိတ်ပြ လိုက်သည်။

ယခုအချိန်ထိတော့ ပြည့်ထက်အောင်နှင့် ဖြူသန့်စင်သည် ပလဲနံမ သင့်၍ နေကြ၏ ။

♥♥♥

(၄)

ကလေးပေါင်ဒါနံ့ကလေး တစ်ကိုယ်လုံး သင်းပျံ့ကာ သန့်ရှင်းသပ်ရပ်၍ လွန်စွာ

ချစ်စရာ ကောင်းနေသော သမီးငယ်ကလေးကို ကြည့်ပြီး ဒေါက်တာ မိုးထက်အောင်သည် ကျေနပ် အားရ မဆုံး ဖြစ်သွားသည်။

'သမီးလေး. . .'

သူသည် ပြည့်ထက်အောင်ကို ချီထားနေသော ဖြူသန့်စင်အား ပါးစပ်က ကျေးဇူးတင် စကား မပြောမဆိုသော်လည်း သူ့မျက်လုံးများ က လွန်စွာ ကျေးဇူးတင်ရှိနေကြောင်း ပြသနေ၏ ။

'ဟယ်. . . ငါ့မြေး. . . ကလေးက လှမှလှဟော့. . . ကြည့်စမ်း. . . မွှေးကြိုင်နေတာပဲ. . . ကဲ ကဲ. . . ကြီးခကြီးဆီကို လာပါဦး ခဏ ချီရအောင်လို့. . .'

'ဟွန့်. . . ဟွန့်. . .'

ကလေးက ငြင်းပြန်သည်။

ဒေါက်တာ မိုးထက်အောင်လည်း လက်ထဲက ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို ချကာ ဖြူသန့် စင်တို့ အနီးသို့ ထလျှောက်လာသည်။

'ဖေကြီးဆီ လာနော်. . . သမီးလေး. . . လာ လာ. . . ဖေကြီး သမီးလေးကို ချီထားမယ် ဟုတ်လား. . .'

ကလေးက တဟွန့်ဟွန့်ဖြင့် မငြင်းဆန်သော်လည်း လက်မကလေးကို ပါးစပ်ထဲတွင် စုပ်ထားရင်း ဖခင် ဖြစ်သူကို စိုက်ကြည့်နေ၏ ။

'လာပါကွာ. . . ဖေကြီးသမီးက လိမ္မာပါတယ်. . . တီတီဖြူထမင်းစားပြီးတော့ သမီးလေးကို ပြန်ခေါ်မှာ ပေါ့. . . လာပါ သမီးလေးရဲ့. . .'

ဖြူသန့်စင်၏ လက်မှ အတင်းဆွဲခေါ်သော အခါ ကလေးက အီးခနဲ အသံပြု၍ ငိုချလိုက် တော့သည်။

'အို. . . သမီးလေး မငိုနဲ့. . . မငိုနဲ့. . . တိတ်. . . တိတ်. . . တီတီဖြူနဲ့ပဲ နေ. . .'

'ဟယ်. . . ငါ့တူမကြီး ဆာလှရောပေါ့. . . ခုပဲ တစ်နာရီ ထိုးနေပြီ. . .'

'ရပါတယ် ကြီးကြီးခရယ်. . .'

'ဒါဆို ဒီလိုလုပ်. . . သူနဲ့အတူ ထမင်းစားပွဲမှာ ထိုင်စား. . . လာ လာ. . . အချိန် ဆွဲမနေနဲ့ နောက်ကျနေပြီ. . .'

ဖြူသန့်စင်၏ လက်မောင်းကို အတင်းဆွဲ၍ ကြီးကြီးခက ထမင်းစားခန်းဆီသို့ ခေါ်ဆောင် သွားတော့သည်။ ဖြူသန့်စင်ကို တောက်တဲ့ကပ်ကပ်နေသော သမီးကလေးကို ကြည့်ပြီး ဒေါက်တာ မိုးထက်အောင်သည် ဖြူသန့်စင်ကို အားနာနေမိသည်။

ဖြူသန့်စင်သည် ကလေးကို ပေါင်ပေါ်တွင် တင်ပြီး အလွတ်မလပ် နံနက်စာကို စားလိုက်ရ သည်။

ဖြူသန့်စင်ကို အားတုံ့အားနာ ဖြစ်နေသဖြင့် ဒေါက်တာ မိုးထက်အောင်လည်း ထမင်းစား ခန်းထိပ်မှ ဧည့်ခန်းဘက်ဆီသို့ ပြန်လှည့်ထွက်ခဲ့သည်။

'တော် ပြီ. . . ကြီးကြီးခ. . . ဖြူသန့်. . . ဝပြီ. . .'

'စားစမ်းပါ. . . တူမကြီးရဲ့. . . ဟင်းတွေ အများ ကြီးရှိတယ်. . .'

'ဖြူသန့်က ထမင်း ဟင်းကို ချင့်ချိန်ပြီး စားတတ်တဲ့အကျင့်ပါနေလို့ပါ. . .'

'ဩော်. . . ဟုတ်လား. . . ကျန်းမာရေး အတွက်လား. . .'

'ဟုတ်ပါတယ်. . . မနက်စာထက် ညစာကိုလဲ ပိုလျှော့စားတယ်. . . ပြီးတော့ အဆီအစိမ့် ဆိုလဲ ရှောင်တယ်လေ. . .'

'အင်း. . . ကောင်းတာပေါ့ကွယ်. . . ကြီးကြီးခတို့ ကတော့ စားပြီဆို အဝအပြဲပဲ ဆိုတော့. . ဒီခန္ဓာကိုယ်ကြီး ဖြစ်နေပြီး ကိုယ့်ခြေထောက်ကတောင် ကိုယ့်ကိုယ်ကို မသယ်နိုင်အောင် ဖြစ်နေရ ပြီလေ. . . ခုကျတော့ ဘာလုပ်လုပ် ဝိတ် ကတော့ လုံးဝကို ကျမလာတော့ဘူး. . . အဟင်း ဟင်း. . ဟင်း. . . ရွှေလုံးအတိုင်း ဖြစ်နေပြီ. . .'

လုံးပု ဝိုင်းနေအောင် ဝနေသော ဒေါ်ခကြီးကို ကြည့်ကာ ဖြူသန့်စင်လည်း ရယ်လိုက်မိ သည်။

'ဒီဟာမလေး ဒီလို တောက်တဲ့ကပ်ကပ်နေလို့တော့ မ ဖြစ်ဘူး. . . ဖြူသန့် လက်မောင်း ပြုတ်ကျလိမ့်မယ်. . . အပေါ်ထပ်က စတိုခန်းထဲမှာ သူ့လက်တွန်းလှည်း အကြီးကလေး တစ်လုံး ရှိတယ်. . . နေဦး ကြီးကြီးခ သွားယူပေးမယ်. . .'

'အို. . . နေပါစေ. . . နောက်မှပဲ ဖြူသန့်ပဲ သွားယူလိုက်ပါ့မယ်. . .'

'ဖြူသန့် စားချင်တာရှိရင် ကိုယ့်အိမ် ကိုယ့်ရာလို သဘောထားပြီး လာယူစား သိလား. . . ရေခဲသေတ္တာထဲမှာ လဲ စားစရာ အမြဲရှိတယ်. . . ကော်ဖီတို့ မုန့်တို့လဲ ဒီအိမ်မှာ မပြတ်ဘူး. . .'

'ဟုတ်ကဲ့. . . ကြီးကြီးခ. . . ကဲ. . . လာ တီတီဖြူနဲ့ မီးမီးနဲ့ အိမ်ပေါ် ပြန်တက်ကြရအောင်'

ဖြူသန့်စင်သည် ကလေးကို ချီပြီး အပေါ်ထပ်ဆီသို့ ပြန်တက်ခဲ့သည်။

ဒေါက်တာ မိုးထက်အောင်သည် ဖြူသန့်စင်နှင့် ကလေးကို ကြည့်ပြီး မျက်နှာကြီးညှိုး ကျ သွားသည်။

'မိသီရိ. . . မိသီရိ. . . သမီးကလေးနဲ့ ဒီလိုရှိသင့်တာ. . . ခတော့. . . တောက်. . .'

ဒေါ်ခသည် တူ ဖြစ်သူထံသို့ တစ်ချက်လှမ်းကြည့်ပြီး သူ့စိတ်ထဲတွင် ဘာတွေ ခံစားနေရ သည်ကို ကောင်းကောင်းကြီး သဘောပေါက်မိနေသည်။

သူက အကြမ်းအိုးနှင့် မြည် းစရာများ ထည့်ထားသော လင်ပန်းကို မိုးထက်အောင်၏ ရှေ့က စားပွဲပေါ်တွင် ချပေးလိုက်သည်။

'မင်း သမီးကလေး ကတော့ ဖြူသန့်စင်နဲ့ ဟုတ်နေပြီ. . . ကလေးမကလဲ လူသာ ငယ်တယ်၊ တော် ရှာသား. . .'

'ဟုတ်တယ်. . . ကျွန်တော် က သူ့ကို တွေ ့တွေ ့ချင်း အလုပ်ခန့်ဖို့တောင် လုံးဝ

စဉ်းစားတာ မဟုတ်ဘူး. . . လူကလဲ ငယ်လွန်းနေတယ် မဟုတ်လား. . .'

'လူ ငယ်တာ ကြီးတာက အဓိကမဟုတ်ပါဘူးကွယ်. . . လုပ်တတ် ကိုင်တတ်မှု နဲ့ လိမ္မာရေး ခြားရှိမှု ကသာ အဓိကပါ. . . ကလေးမလေးကိုတော့ လူရော စိတ်ရော ကြီးကြီးခ သိပ် သဘောကျ သွားပြီ. . . မင်းလဲ မင်းကလေးအတွက် အကျိုးကိုကြည့်ပြီး ဖြူသန့်စင်ကို အတတ်နိုင်ဆုံး ပြေပြစ် အောင် ဆက်ဆံပါလို့ ကြီးကြီးခ တောင်းပန်ချင်တယ်. . . မင်း ဒီလို ငယ်ငယ်ရွယ်ရွယ် လှလှပပ ကလေးကို ဒီအိမ် ဒီခြံဝင်းကြီးထဲမှာ မထားချင်ဘူးဆိုတာ ကြီးကြီးခ သိပါတယ်. . . ဒါပေမယ့်. . .'

'ကျွန်တော် သဘောပေါက်ပါတယ်. . . ကြီးကြီးခ. . . သမီးလေး ပြည့်ပြည့်အတွက် ထည့် တွက်ပြီး. . . ကျွန်တော် စိတ်ကို လျှော့ပစ်သင့်တာတွေ လျှော့ပစ်နေပါတယ်. . . စိတ် အေးအေး နေပါဗျာ. . .'

'သာဓုပါ. . . မောင်မင်းကြီးသားရယ်. . . သာဓုပါ. . . သာဓုပါ. . .'

ဒေါ်ခသည် ကျေနပ်အားရသော အသွင်ဖြင့် ဒေါက်တာ မိုးထက်အောင်၏ အနီးမှ ထွက်ခွာ သွားတော့သည်။

♥♥♥

## (၅)

ပြောင်စပ်အောင် လှည်းကျင်း တိုက်ချွတ်ထားသော ကြမ်းပြင်ပေါ်တွင် ဖြူ သန့်စင်သည် ပြည့်ထက်အောင်ကလေးနှင့် အတူ ထိုင်ပြီး ကစားစရာတွေ ကို ချလိုက်သည်။

သံပတ်ပေးလိုက် လျှင် တဝုတ်ဝုတ်အသံပြု၍ ခုတ်တတ်သော ခွေးရုပ်ကလေးကို ကြည့်ပြီး ပြည့်ထက်အောင်ကလေးသည် တခစ်ခစ် အသံကလေးပြုကာ သဘောကျရယ်မောနေ၏ ။

တဖြည်းဖြည်းနှင့် ကစားစရာ အရုပ်ကလေးများ ထဲတွင် စိတ်ဝင်စားလာသော ပြည့်ထက် အောင်ကလေးသည် ဖြူသန့်စင်၏ ပေါင်ပေါ်မှ ဆင်းကာ စိတ်ဝင်တစား ရွှင်မြူး စွာ ဆော့ကစား လာ၏ ။

ဖြူသန့်စင်လည်း ကလေးက ကစားစရာများ ထဲတွင် စိတ်ဝင်စားနေတုန်း နေခိုက်မှ တစ်ဘက်ခန်းဆီမှာ ရှိသော လက်တွန်းလှည် အကြီးကလေးကို ထုတ်ထားဖို့ တစ်ဘက်ခန်းဆီသို့ အသာကလေး လစ်ထွက်လာခဲ့သည်။

သော့မခတ်ထားသော တံခါးကို လွယ်ကူစွာ ဖွင့်လိုက်သည့်တွင် အသုံးအဆောင်ပစ္စည်း အမျိုးစုံ ထည့်သိုထားသော အခန်းကို တွေ့ရှိလိုက်ရသည်။

ဖြူသန့်စင်က အခန်းဝမှ နေ၍ လက်တွန်းလှည်းကို မျက်လုံးကလေး ဝေ့ယမ်း၍ ရှာဖွေ လိုက်သည်။

'ဟော. . . ဟိုမှာ . . .'

တွေ့မြင်သွားသည်မို့ ကတိုက်ကရိုက် အခန်းထဲသို့ လှမ်းဝင်လိုက်သည့်တွင် ပစ္စည်းအချို့ကို ဝင်တိုက်မိသွားပြီး တန်းစစ်တစ်ခုပေါ်တွင် မသေမသပ်တင်ထားသော သေတ္တာတစ်လုံး အောက်သို့ ပြုတ်ကျလာ၏ ။

ထိုသေတ္တာသည် ဖြူသန့်စင်၏ ခြေရှေ့တည့်တည့်သို့ ကျလာပြီး ပွင့်ဟသွားကာ အတွင်းက ပစ္စည်းများ ကြမ်းပေါ်သို့ ထွက်အန်ကျလာ၏ ။

'ဟင်. . .'

ဖြူသန့်စင်သည် သူ့ရှေ့တွင် ပြန့်ကျဲကျလာသော အမျိုးသမီးသုံး ပစ္စည်းများ ထဲမှ အရောင် တွေ တဖိတ်ဖိတ် တလက်လက် တောက်ပနေသော လက်ဝတ်လက်စားများ . . . ငွေစက္ကူအထပ် လိုက်တို့ကို ပါးစပ်ကလေးအား လက်ကလေးဖြင့် ပိတ်ကာ အံ့အားတသင့် ကြည့်နေမိသည်။

အတုအပတွေ မဟုတ်. . .။

ရွှေ အစစ်. . .။

စိန် အစစ်. . .။

ပတ္တမြား အစစ်. . .။

နီလာ အစစ်. . .။

ပုလဲ အစစ်တွေ မှာ အရည်အသွေး ကောင်းလွန်းလှ၍ အရောင် တွေ ယိုဖိတ်ကျနေ သယောင်ပင် ထင်ရ၏ ။

ပြုလဲကျနေသော သေတ္တာ၏ အဖုံးထောင့်စွန်းတွင် သီရိဟု အင်္ဂလိပ်စာလုံးကလေးဖြင့် နာမည် ထိုးထားသည်ကို ဖြူသန့်စင် တွေ့မြင်လိုက်ရသည်။

ဖြူသန့်စင်သည် ကြမ်းပေါ်တွင် ဒူးကလေးတစ်ဖက်ထောက်၍ ထိုင်လိုက်ပြီး တဖိတ်ဖိတ် တလက်လက်တောက်ပနေသော လက်စွပ်. . . နားကပ်. . . လက်ကောက်. . . ဆွဲကြိုး များ ကို တွေ ဝေသော စိတ်ဖြင့် ကောက်ယူ စုစည်းနေ၏ ။

'မသီရိဟာ ဒီအဖိုးတန် ရတနာတွေ နဲ့ သူ့အဝတ်အထည်တွေ ထည့်ထားတဲ့ သေတ္တာကို ဒီအခန်းထဲမှာ ဘာ ဖြစ်လို့များ ထည့်သွားတာပါလိမ့်. . . သူ တကယ်ထွက်သွားတာဆိုရင် ဒီဟာ တွေ ဟာ သူ့နောက်ပါရမယ့် အဓိကပစ္စည်းတွေ ပဲ. . . သူ. . . သူ. . .'

'ဒါ. . . မင်း. . . မင်း. . . ဘာလုပ်နေတာလဲ ဟင်. . .'

ဟိန်းထွက်လာသော အသံကြီးက ဖြူသန့်စင်ကို တုန်လှုပ်သွားစေသည်။

'အောင်မယ်လေး. . .'

ဖြူသန့်စင်သည် လက်ထဲက ပစ္စည်းတွေ ကို ပြန်ပစ်ချပြီး ဆတ်ခနဲ ထရပ်ကာ သူ့နောက် ဘက်ဆီသို့ အလန့်တကြား လှည့်ကြည့်လိုက်သည်။

မျက်နှာကြီး ခက်ထန်ကာ ဒေါသရောင် ဖြင့် လက်လက်ထနေသော မျက်လုံးများ

ဖြင့် ဒေါက် တာ မိုးထက်အောင်သည် ဖြူသန့်စင်ကို စူးစူးဝါးဝါးကြီး စိုက်ကြည့်နေသည်။

သူ့ပုံစံက လူကို စားတော့ ဝါးတော့မယောင်ပါပဲ. . .။

ဖြူသန့်စင် ရင်ခုန်နှုန်းတွေ မြန်ကာ အသက်ရှူများ ပင် မှာ းလုမတတ် ကြောက်ရွံ့ထိတ်လန့် နေသည့်ကြားက လက်တွန်းလှည်းဆီသို့ လက်ညှိုး ညွှန်ပြပြီး. . .

'ဟို. . . ဟို. . . ကျွန်. . . ကျွန်မ. . .'

ရှေ့ဆက် စကားထွက်မလာဘဲ လည်ချောင်းထဲတွင် တစ်ဆို့နေသည်။

'မင်း. . . ဒီ မြကြာရုံမှာ အလုပ်ဆက်လုပ် ချင်တယ်ဆိုရင် ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စမှန်သမျှကို ဝင်မစွက်မိဖို့ ကြပ်ကြပ် သတိထားပါ. . .'

ဒေါက်တာ မိုးထက်အောင်သည် ခြေလှမ်းကျယ်ကျယ်ကြီးများ ဖြင့် လက်တွန်းလှည်းရှိရာ သို့ လျင်မြန်စွာ လျှောက်သွားလိုက်ပြီး ဆွဲယူကာ အခန်းပြင်ဘက်သို့ တွန်းထုတ်ပေး လိုက်သည်။

'မင်း. . . တွန်းလှည်း ဝင်ယူတာ မဟုတ်လား. . . ယူပြီး သွားတော့. . . ဒီအခန်းထဲမှာ ဘာတွေ တွေ့ခဲ့တယ်ဆိုတာ မင်း အသိဉာဏ်ထဲက တစ်ခါတည်း ဆွဲထုတ်ပစ်ထားခဲ့. . .'

'ဟုတ်. . . ဟုတ်ကဲ့. . .'

ဖြူသန့်စင်လည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အခန်းအပြင်ဘက်သို့ လျင်မြန်စွာ ထွက်ခဲ့ပြီး လက်တွန်းလှည်းကြီး၏ နောက်ကိုင်ကိုင်းကို ဆွဲကာ သူ့အခန်းဆီသို့ လျင်မြန်စွာ ပြန်ခဲ့သည်။

အခန်းထဲတွင် ပြည့်ထက်အောင်ကလေးသည် ကစားစရာများ ထဲတွင် စိတ်ဝင်စားလျက် ရှိနေသေးသည်။

ဖြူသန့်စင်လည်း သူ့ ခုတင်စွန်းတွင် ပစ်ထိုင်ချလိုက်ပြီး ပင့်သက်ကြီး ရှိုက်လိုက်မိ၏ ။

ဒေါက်တာ မိုးထက်အောင်က သူ့ကို မြကြာရံနှင့် ပတ်သက်၍ မေ့ဖျောက်ပစ်ဖို့ အမိန့်ပေး ခဲ့သည်။

သည်လို အမိန့်ပေးရုံနဲ့ မေ့ရိုးလား. . .။

မြကြာရံတွင် သီရိသည် သွေးရိုးသားရိုးမှ ပျောက်ဆုံးသွားသည်မှာ ဟုတ်ပါလေသလား. .။

သူ ကတော့ မထင်. . .။

သံသယ သူ့အတွေ းထဲတွင် ပြည့်နှက်လာသည်။

အဖိုးတန် လက်ဝတ်လက်စားတွေ နှင့် အသုံးအဆောင် အဝတ်အထည်တွေ . . . ငွေတွေ ကို ထည့်ထားသော သေတ္တာကို သီရိသည် မယူဘဲ အဘယ်ကြောင့် ထွက်သွားလေသနည်း. . .။

သူနှင့် တစ်ပါတည်း ယူသွားဖို့ ထည့်ထားဟန်တူသော သေတ္တာကို မယူဘဲ ပျောက်ဆုံးနေ ခြင်းက သံသယတွေ ဆပွားစရာတွေ ဖြစ်နေသည်။

သီရိအကြောင်း သူ ပို၍ စိတ်ဝင်စားလာမိသည်။

စူးစူးစမ်းစမ်း ဆန်းစစ်လိုသည့် သူ့ဉာဉ်ကြောင့် ဖခင်ကို ပစ်ကာ ပြေးခဲ့ရသည်ကို သူ အမှတ် မရှိ. . . ယခုလည်း မြကြာရံမှ ဖောက်ပြန်ထွက်ပြေးသွားသည်ဆိုသော သီရိကို စိတ်ဝင်စားမိလာ ပြန်သည်။

ပြီးတော့. . . ဒေါက်တာ မိုးထက်အောင်ကိုလည်း သူ နားလည်ချင်သည်။

အဘယ်ကြောင့် များ ဒေါက်တာ မိုးထက်အောင်သည် သူ့ဇနီး သီရိနှင့် ပတ်သက်၍ ခက်ထန်မာကျောခြင်းကြီးစွာ ဖြစ်နေလေသနည်း. . .။

မနက်က စာတစ်စောင်ကိုလည်း ဒေါသတကြီး သူ မီးရှို့ဖျက်ဆီးခဲ့သည်။

ယခုလည်း သီရိ၏ ကိုယ်ပိုင်အသုံးအဆောင်နှင့် လက်ဝတ်လက်စားများ ကို မည်

သို့များ လုပ်ဆောင်လေဦးမည် မသိ. . .။

သီရိတကယ်ပဲ တစ်စုံတစ်ဦးနှင့် ဖောက်ပြန် ထွက်ပြေးသွားလေသလား. . . သီရိ ပျောက်ဆုံးနေမှု သည် သွေးရိုးသားရိုး ဟုတ်ပါလေသလား. . .။

ဖောက်ပြန်လော်မာသော မယားကို ဒေါသမထိန်းနိုင်သော လင်ယောက်ျား ဖြစ်သူက လက်လွန်ခြေလွန် ဖြစ်ပြီး ဖျောက်ဖျက်ထားခြင်းများ ကော မ ဖြစ်နိုင်ပေဘူးလား. . .။

တွေ းစရာတွေ . . . တွေ းစရာတွေ . . .။

သံသယ ဝင်စရာတွေ . . . သံသယပွားစရာတွေ . . .။

'ဟား. . .'

စိတ်ရှုပ်ထွေးလှဟန်ဖြင့် ဖြူသန့်စင်သည် လက်နှစ် ဘက်ဖြင့် နဖူးပေါ်က ဆံပင်များ ကို နောက်သို့လှန်၍ သပ်ချလိုက်သည်။

'ဖူ. . . တီတီဖူ. . .'

'သြော်. . . ကလေး. . .'

ဖြူသန့်စင်၏ ပွံ့လွင့်သွားသော စိတ်များ သည် ကစားစရာတွေ နှင့် ဆော့နေသော ပြည့်ထက်အောင်ကလေးဆီသို့ စုဝေးကျရောက်သွားတော့သည်။

ဖြူသန့်စင်လည်း ကလေးဆီသို့ လျင်မြန်စွာ ထလျှောက်သွားလိုက်သည်။

'ဘာလဲ သမီးလေး. . . ဆော့ရတာ ပျင်းသွားပြီလား. . .'

'ရှူးရှူး . . . ရှူးရှူး . . .'

'သြော်. . . ရှူးရှူး လား. . . သမီးလေးက လိမ္မာလိုက်တာ ဟယ်. . . လာ လာ. . . အိမ်သာ ထဲသွားရအောင်. . .'

ဖြူသန့်စင်သည် ပြည့်ထက်အောင်ကလေးကို ဘောင်းဘီချွတ်ပေးပြီး ရေချိုး ခန်းထဲသို့ အလျင်အမြန် ခေါ်ဆောင်သွားလိုက်သည်။

♥ ♥ ♥

(၆)

မြကြာရံက သူ့အတွက် လုံခြုံမှု အရ အပြည့်အဝ ရှိလှသည်။

သို့သော် မျက်နှာကြီး မကြည်မလင်နှင့် မှုန်မှုန်သုန်သုန်ကြီး ဖြစ်နေသော အိမ်ရှင် ဒေါက်တာ မိုးထက်အောင် မျက်နှာချင်းဆုံမိလေတိုင်း ဖြူသန့်စင်မှာ မနေတတ်မထိုင်တတ်အောင် ဖြစ်နေရသည်။

သူ့ကို မြင်တိုင်းလည်း သီရိကို မေ့ပျောက်ဖို့ ကြိုးစားနေသည့်ကိစ္စသည် သံသယတွေ ကြီးထွားစွာ ဖြင့် သူ့ထံသို့ ပြန်ဝင်လာပြီ ဖြစ်နေသည်။

ဖြူသန်စင်လည်း ဒေါက်တာမိုးထက်အောင်နှင့် မျက်နှာချင်းမဆိုင်နိုင်ရန် ကလေးကို ခေါ်ပြီး အပေါ်ထပ်သို့ တက်နေခြင်းကသာ အကောင်းဆုံး ဖြစ်မည် ဟု ဆုံးဖြတ်ပြီး ညစာ ထမင်းစားပြီး သည်နှင့် တစ်ပြိုင်နက် အပေါ်ထပ်သို့ ပြန်တက်ခဲ့တော့သည်။

သူ့ ဆောင်ရွက်စရာကိစ္စများ တစ်နေ့တာအတွက် ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် ဒေါ်ခ ကြီးလည်း အပေါ်ထပ်ဆီသို့ တက်လာ၏ ။

'ငါ့မြေးကလေး ကတော့ ဖြူသန့်စင်နဲ့ ဟန်ကို ကျနေတာပဲဟော့. . . တီတီဖြူ ဖျော်ပေးတဲ့ နို့နို့ ကောင်းလား သမီးလေး ဟင်. . .'

'ကောင်း. . . ကောင်း. . . အဟင်း. . . ဟင်း. . .'

နို့ဘူးကို ပါးစပ်က ချွတ်ပြီး ပြည့်ထက်အောင်ကလေးက ရယ်ရယ်မောမော ပြောလိုက် သည်။

'အင်း. . . ကလေးအတွက်တော့ ငါ့တူမကြီးကို ရလိုက်လို့ စိတ်အေးရပါပြီ. . .

ခက်နေတာ က မောင်မိုးထက်. . . ကြီးကြီးခတော့ စိတ်ညစ်ပါတယ်ကွယ်. . .'

'ဘာ ဖြစ်လို့လဲဟင် ကြီးကြီးခ. . .'

'ဒီနေ့ ဒီသူငယ် ဘာ ဖြစ်တယ် မသိဘူး. . . မျက်နှာကြီး သုန်မှုန်ပြီး တစ်နေကုန် စိတ်တိုင်း မကျကိုး ဖြစ်နေတော့တာပဲ. . .'

'သူ. . . ဘာ ဖြစ်လို့ အဲသလို ဖြစ်နေရတာ လဲ ဟင်. . .'

'သီရိကြောင့် ပဲပေါ့ကွယ်. . . သီရိကြောင့် ပဲပေါ့. . . ဒီဟာမလေးက မြကြာရံကို ပြိုပျက်မွှေ သွားတဲ့ ဟာမလေးပဲ. . . ဒင်းကိုတော့ ကြီးကြီးခ တစ်သက်မကျေဘူး. . . သူတော် ကောင်းကြီးကို ဒုက္ခ လုလုပေးသွားတဲ့ မိန်းမလေး. . .'

'သူ တခြား တစ်ယောက် ယောက် နဲ့ ဖောက်ပြန်သွားတယ်ဆိုတာ တကယ်ပဲလားဟင်. . .'

'တကယ်ပဲ မဟုတ်လို့ ဘာ ဖြစ်တယ်လို့များ မင်းက ထင်နေလို့လဲ. . .'

'အို'

'အောင်မလေး. . . ဘုရား. . . ဘုရား. . .'

ဒေါ်ခကြီးကော ဖြူသန့်စင်ပါ. . . အိပ်ခန်းဝဆီတွင် ဘွားခနဲပေါ်လာပြီး ပြောလိုက်သော မာထန်ထန်စကားသံကြီးကြောင့် တုန်လှုပ်ချောက်ချားသွားကြရသည်။

'ကြီးကြီးခ. . . ဒီအမျိုးသမီးက ပြည့်ထက်အောင်အတွက် ငှားထားတဲ့ သူ. . . သူ့ကို မြကြာရံ အကြောင်း ဘာမှ ပြောပြနေစရာ မလိုဘူးဗျ. . . မင်းကလဲ ကိုယ့်အလုပ်ကိုပဲ ကိုယ် စိတ်ဝင်စားမှ ရှိပါ. . . မဆိုင်တာတွေ ဝင်စွက်ချင်ရင် မင်းကံကြမ္မာ မင်းဖန်တီးယူတာပဲ ဖြစ်မယ်. . . တို့ ပြောတာ ကြပ်ကြပ်သတိထား. . . ဒါပဲ. . .'

သူ့စကားဆုံးသည်နှင့် တပြိုင်နက် ရှူး ရှူး ရှားရှားပုံစံဖြင့် အိပ်ခန်းဝမှ ဒေါက်တာ မိုးထက် အောင် ပျောက်ကွယ်သွားသည်။

'ဘုရား. . . ဘုရား. . . စကားတွေ သိပ်မလွှန်မိသေးတာ တော် သေးတာပေါ့. . . ဟုတ်တယ်. . . ဟုတ်တယ်. . . မြကြာရံအကြောင်း မသိချင်ပါနဲ့ ငါ့တူမကြီးရယ်. . . မသိချင်တာ အကောင်းဆုံးပါပဲ. . . ကဲ ကဲ. . . ဘာမှလဲ စိတ်မကောင်း ဖြစ်မနေပါနဲ့. . . မြကြာရံနဲ့ မပတ်သက် ရင် မောင်မိုးထက်အောင်က မင်းအပေါ် သိပ်ကောင်းမယ့် လူ တစ်ယောက် ပါ. . . ဒါတော့ ကြီးကြီးခ ပြောဝံ့တယ်. . .'

'တီတီဖူ. . . ရော့. . .'

ကုန်စင်သွားသော နို့ဘူးအလွတ်ကလေးကို ဖြူသန့်စင်ထံသို့ ပြည့်ထက်အောင်ကလေးက ကမ်းပေးလိုက်သည်။

ဖြူသန့်စင်သည် နို့ဘူးကို စားပွဲပေါ် လှမ်းတင်လိုက်ပြီး လက်သုတ်ပဝါဖြင့် ကလေး၏ ပါးစပ် ကို သုတ်ပေးလိုက်သည်။

'သမီးလေး အိပ်တော့မလား. . .'

'အွန့်. . .'

'ကဲ. . . ဟိုဘက် လှည့်. . . တီတီဖြူချော့သိပ်မယ်. . .'

ကလေးက တစ်ဘက်သို့ စောင်း၍ အိပ်လိုက်သည်။

ဖြူသန့်စင်လည်း ကလေး၏ လုံးတစ်နေသော တင်ပါးကလေးကို အသာအယာပုတ်ပေး ရင်း ပါးစပ်ကတေးသွားကလေးတစ်ခုကို တညည်းညည်း လုပ်ကာ ချော့သိပ်နေစဉ် ဝုန်းခနဲ တံခါး ဆောင့်ပိတ်လိုက်သံ အောက်ထပ်ဆီမှ ကြားလိုက်ရ၏ ။

ဒေါ်ခကြီးလည်း ဖြူသန့်စင်ထံ တစ်ချက် လှမ်းကြည့်ပြီး အိပ်ခန်းအတွင်း းမှ လျှင်မြန်စွာ ထွက်ခွာတော့၏ ။

'ဟင်း. . .'

ဖြူသန့်စင်လည်း ရင်မောလှဟန်ဖြင့် ပင့်သက်ရှိုက်လိုက်သည်။

ဝမ်းဝသွားသော ပြည့်ထက်အောင်ကလေးသည် နစ် ခြိုက်စွာ အိပ်မောကျသွား၏ ။

ဖြူသန့်စင်လည်း ဇာခြင်ထောင် ဖြူဖြူကလေးကို ချလိုက်ပြီး ဘေးဘီတွေ ကို ညှပ်လိုက် သည်။ ပြီးလျှင်. . . အိပ်ခန်းမီးကို ငြိမ်းပြီး ညအိပ် မီးလုံး ပြာလဲ့လဲ့ကလေး၏ ခလုတ်ကို ဖွင့်လိုက် သည်။

မြကြာရံ အိမ်ကြီးနှင့် ခြံကြီးတစ်ခုလုံးသည် ဆိတ်ငြိမ်တိတ်ဆိတ်နေ၏ ။

ဖြူသန့်စင်လည်း အိပ်စက်ချင်စိတ် အလျဉ်းမရှိသဖြင့် အိပ်ခန်းနှင့် တွဲ နေသော လေသာ ဆောင်ဆီသို့ ထွက်ခဲ့သည်။

ကောင်းကင်ယံတွင် မြူခြုံလွှာ ပါးပါးကလေးကို လွှမ်းခြုံထားသော ကြယ်ကလေးများ နှင့် လခြမ်းကွေးကွေးကလေးသည် မလင်း၏ သို့ လင်း၏ သို့ ရှိနေ၏ ။

အပေါ်ထပ်ဆီမှ ဆီးကြည့်လိုက်သည်တွင် မည်း နေသော သစ်ပင်ရိပ်ကြီးများ ကျနေသည့် နေရာများ ကို တွေ့ ရသည်ကဲ့သို့ မပီမပြင် ဝိုးတိုးဝါးတား မြင်နေရသော လမ်းကလေး၏ အချို့တစ် ဝင်နေရာများ နှင့် ကွက်လပ်မြေများ ကိုလည်း တွေ့ မြင်နေရပေသည်။

တစ်သီးတခြား ဖြစ်နေသော ဤကြီးမားကျယ်ဝန်းသည့် ခြံကြီးထဲတွင် လူ တစ်ယောက် ကို ကောင်းကောင်းကြီး အစဖျောက်လို့ ရနိုင်ပါကလားဟု ဖြူသန့်စင် ဖျတ်ခနဲ တွေ းမိလိုက်သည်။

အတွေ းအဆုံးတွင် သူ့တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲ ထသွားသည်။

'အို. . . ငါ ဘယ်လို ဖြစ်နေတာလဲ. . . ဘာ ဖြစ်လို့ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စဆီကို စိတ်က ရောက်ရောက်သွားရတာ လဲ. . . ငါ စဉ်းစားရမှာ က ငါ့အတွက်. . . မြကြာရံဟာ ငါ့အတွက် ခိုလှုံဖို့ အကောင်းဆုံးနေရာတစ်ခု. . . ဒါကို ငါ ရေ့တန်းတင်စဉ်းစားရမယ်. . . ဟုတ်တယ်. . . ဒေါက် တာ မိုးထက်အောင် ပြောတာ မှန်တယ်. . . ငါ့ကို ကိုယ့်အလုပ်ကိုပဲ

စိတ်ဝင်စားရမယ်တဲ့. . . မဆိုင်တာတွေ ဝင်စွက်ချင်ရင် မင်း ကံကြမ္မာ မင်း ဖန်တီးယူတာပဲ ဖြစ်မယ်တဲ့. . .

ဟုတ်တာပေါ့. . . သူက ငါ့ အလုပ်ရှင်. . . ငါ့ကို မကျေနပ်ရင် ချက်ချင်း ဖြုတ်ပစ်နိုင်တာပဲ ဒီတော့ ငါ ဘာလုပ်မလဲ. . . လတ်တလော ငါ့အတွက် အလုံခြုံဆုံးနဲ့ စိတ်အချရဆုံးနေရာက မြကြာရုံပဲ. . . ကိုယ်နဲ့ မဆိုင်တာတွေ ကို ငါ မတွေးဘူး. . . မတွေးဘူး. . . ဝင်မစွက်ဘူး. . .'

ဖြူသန့်စင်သည် လေးလေးနက်နက်ကြီး ဆုံးဖြတ်ချက်ချပြီး သူ့ ဦးခေါင်းကလေးကို ယမ်းခါ နေစဉ်. . .

'ဟင်. . .'

သူ့ ပါးစပ်မှ အာမေဋိတ်သံကလေး လွတ်ထွက်သွားသည်။

ကိုယ်နဲ့ မဆိုင်တာတွေ ကို မတွေးပါဘူး. . . ဝင်မစွက်ပါဘူးဟု မည် မျှပင် စိတ်က ဆုံးဖြတ် ထားစေကာမူ မျက်စိဖြင့် တိတိပပတွေ့လိုက်ရသော အခြင်းအရာဆီမှတော့ မျက်လုံးများ သည် ခွာမရနိုင်အောင် စူးနစ်စွာ ကျရောက်၍ နေ၏ ။

လူ တစ်ယောက် . . . ထိုလူသည် ဒေါက်တာ မိုးထက်အောင်. . . မြကြာရုံ အိမ်ကြီးဆီမှ သူ ထွက်သွားနေသည်။

သူ. . . သူ. . . မြကြာရုံကနေ တိတ်တဆိတ်များ ထွက်သွားနေတာလား. . .။

ဖြူသန့်စင်သည် မျက်တောင်မခတ်ဘဲ ဒေါက်တာ မိုးထက်အောင်၏ လှုပ်ရှားမှု ကို ဆက် ကြည့်နေမိသည်။ ဒေါက်တာမိုးထက်အောင်သည် ကျောက်ခင်းလမ်းကလေးပေါ်မှ ဘေးသို့ ခွဲထွက် သွားသော ရေကန်ကြီးရှိရာ လမ်းဘက်သို့ ချိုးသွားပြန်သည်။

'သူ. . . ရေကန်ကြီးဘက်ကို သွားနေတာပဲ. . .'

လှေကလေး ချည်ထားသော သစ်သားခုံဆီသို့ ရောက်လျှင် ဒေါက်တာ မိုးထက်အောင် သည် ချည်တိုင်မှ လှေကို ချည်ထားသော ကြိုး ကို ဖြုတ်ယူလိုက်သည်။

ထို့နောက် လှေပေါ်တွင် ချထားသော သေတ္တာကို ပြောင်းတင်လိုက်ပြီး သူကိုယ်တိုင်လည်း လှေဝမ်းတွင် းသို့ ဆင်းလိုက်သည်။

ဖြူသန့်စင်သည် သူ့စိတ်ကို အားကောင်းသော သံလိုက်ဖြင့် ဆွဲနေသည်ကဲ့သို့ ဖြစ်နေသော အကြောင်းအရာဆီတွင် လုံးဝ နစ်မွန်းသွားပြီး လေသာဆောင်ဆီမှ လျင်မြန်စွာ ထွက်ခွာသွားလိုက် သည်။

စိတ်တွေ က လှုပ်ရှားနေသဖြင့် ခြေနှင့် မြေ ထိမနေသလိုပင် ခံစားနေရ၏ ။

တဖြည်းဖြည်းနှင့် သူသည် မြကြာရံကန်ကြီးနှင့် အနီးဆုံးနေရာသို့ ရောက်နေသည်ကဲ့သို့ တဖြည်းဖြည်းနှင့် ဒေါက်တာ မိုးထက်အောင် လှော်သွားသော လှေကလေးသည်လည်း ကန်လယ် ဆီသို့ ရောက်နေပြီ ဖြစ်၏ ။

ကန်လယ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဒေါက်တာ မိုးထက်အောင်သည် သေတ္တာကို မကာ ရေထဲသို့ ညင်သာစွာ နှစ် ချလိုက်သည်။

ဖြူသန့်စင် သဘောပေါက်သွားလေပြီ. . .

'ဒါ. . . ဒါ. . . သီရိရဲ့ သေတ္တာ ဟုတ်တယ်. . . မနက်က ငါ တွေ ့ခဲ့တဲ့ သီရိရဲ့ သေတ္တာ. . . ဒီ. . . ဒီသေတ္တာကို ဒေါက်တာ မိုးထက်အောင် ရေထဲမှာ သွားနှစ် ပစ်တာ ဘာကြောင့် လဲ ဘာကြောင့် လဲ. . .'

ဖြူသန့်စင်၏ ဦးနှောက်ထဲတွင် အတွေ းများ ဆူဝေလာ၏ ။

တစ်ကိုယ်လုံးတွင် သွေးများ အေးခဲလာသကဲ့သို့လည်း ခံစားလာရသည်။

သူ ယုံကြည်သွားပြီ. . . သူ လက်ခံလိုက်ပါပြီ. . . ခုတော့ ဒွိဟ ဖြစ်နေမှု များ ရှင်းလင်းလေ ပြီ. . . ဒေါက်တာ မိုးထက်အောင်သည် သီရိနှင့် ပတ်သက်၍ အစအန မှန်သမျှ ဖျောက်ဖျက်နေ ခြင်းသည် သီရိကို သူ ဖျောက်ဖျက်လိုက်သော ကြောင့် ပင်. . .။

'ကြည့်စမ်း ကြောက်စရာကောင်းလိုက်တာ. . . လူပုံပန်းက ဥပမိရုပ်ကောင်းကောင်းနဲ့ ဘယ်လိုမှ လူသတ်ကောင်လို့ ထင်မှတ်စရာမရှိဘူး. . . လူသတ်ပြီး

အစအန ဖျောက်နေတဲ့ ပုံ. . . အေး အေးနဲ့ လူသတ်ပြီး အစအန ဖျောက်နေတဲ့ ပုံ. . . ဒီ. . . ဒီ မြကြာရုံမှာ ငါ. . . ငါနေလို့ မ ဖြစ် တော့ဘူး. . . ဒီလူကြီးကို ငါ ရင်မဆိုင်ဝံ့တော့ဘူး. . . အို. . . ဒီလူသတ်သမားကြီးကို ငါ. . . ငါ ကြောက်တယ်. . .'

ဖြူသန့်စင်သည် ရုတ်တရက် သွေးပျက်လုမတတ် ကြောက်စိတ်တွေ ဝင်လာပြီး နောက်သို့ အမှတ်မထင် ခြေလှမ်း ဆုတ်လိုက်မိသည်။ သစ်ကိုင်းခြောက်တစ်ခုကို နင်းမိသွား၏ ။

'ဂျွတ်. . .'

'ဂျွတ်. . .'

'ဂျွတ်. . .'

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကြီးထဲတွင် သစ်ကိုင်းခြောက်ကို နင်းလိုက်မိသံက ပီပီပြင်ပြင်ကြီး ကြားသာလောက်အောင် ဖြစ်သွားသည်။

ဒေါက်တာမိုးထက်အောင် ကြားလဲ ကြား သွားပါပြီ. . .

အသံလာရာဘက်ဆီသို့ သူ့မျက်နှာကြီး ချာခနဲ လှည့်လာသည်။

'ဟိတ်. . . မင်း. . . မင်း. . .'

'အောင်မယ်လေး. . . ငါ့ကို တွေ့သွားပြီ. . . ဟင်း. . . ဟင်း. . .'

ဖြူသန့်စင်သည် သူ့လည်ပင်းကို သူ့လက်နှစ် ဘက်ဖြင့် ဆုပ်ကိုင်ပြီး အသက်ထွက်လု မတတ် ကြောက်ရွံ့ထိတ်လန့်စွာ ချာခနဲ လှည့်ပြေးမိတော့သည်။

'ဟိတ်. . . ရပ် ရပ်. . . မင်း ဆက်မပြေးနဲ့. . .'

သူ့နောက်က ပြေးလိုက်လာသော ခြေသံနှင့် တားလိုက်သံ. . .။

'အမေ့. . .'

ဖြူသန့်စင် ရှေ့သို့ ဟပ်ထိုးကြီး လဲကျသွားသည်ကိုသာ

နောက်ဆုံးမှတ်မိလိုက်တော့သည်။

♥ ♥ ♥

(၇)

နှာခေါင်းထဲသို့ စူးခနဲ ဝင်ရောက်လာသော အနံ့တစ်ခုကြောင့် ဖြူသန့်စင်၏ မျက်လုံးများ ဖျတ်ခနဲ ပွင့်လာကြသည်။

သူ့ မျက်နှာနှင့် အလွန်နီးကပ်နေသော မျက်လုံးကြီးတစ်ခုကို တွေ့လိုက်ရလျှင် တုန်လှုပ် ချောက်ချားမှု အထွတ်အထိပ်သို့ ရောက်ရှိသွားပြီး. . .

'အောင်မ. . . အွန့်. . . အွန့်. . .'

သူ့ အသံကုန် လန့်၍ အော်လိုက်သည်။

သို့သော် . . .

အော်သံ တစ်ဝက်တစ်ပြက်သာ ထွက်နိုင်ပြီး သူ့ကိုချုပ်၍ ပါးစပ်ပိတ်ထားသူ၏ မျက်နှာကို ဖြူသန့်စင်သည် ပြူး ကျယ်ဝိုင်းလည်နေသော မျက်လုံးများ ဖြင့် ကြည့်နေ၏ ။

ကြောက်လွန်း၍ အသက်က လည်ချောင်းထိပ် ရောက်နေသည်ပင် ထင်ရ၏ ။

'ဖြူသန့်စင် မင်းကို တို့ တောင်းပန်ပါတယ်. . . မအော်ပါနဲ့ မင်းကို တို့ ဘာမှမလုပ်ပါဘူး'

သူ့ကို တောင်းပန်နေသော ဒေါက်တာ မိုးထက်အောင်၏ အသံကြီးသည် တုန်ယင်နေ၏ ။

'မင်း. . . မအော်ဘူး မဟုတ်လား ဟင်. . .'

ဖြူသန့်စင်က သူ့ ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

ဒေါက်တာ မိုးထက်အောင်သည် ကြမ်းတမ်းစွာ ဖြူသန့်စင်၏ ပါးစပ်ကို ဖိပိတ်ထားသော သူ့ လက်ကို ဖယ်ပစ်လိုက်သည်။

ဖြူသန့်စင်သည် ဆတ်ခနဲ ထထိုင်လိုက်မိသည်။

'မင်း. . . အကြောက်လွန်ပြီး သတိမေ့သွားတယ်. . .'

ဖြူသန့်စင်သည် ဒေါက်တာ မိုးထက်အောင်၏ စကားကို ကြားရတော့မှ သူ့ကိုယ်သူ ပြန်သတိပြုလိုက်မိသည်။

'အို. . . ငါ. . . ငါ့ ဘယ်အိမ်ခန်း. . . ဟင်. . . ဒါ. . . ဒါ ဒေါက်တာ မိုးထက်အောင်ရဲ့ အိပ်ခန်းပဲ. . . ဟင်. . . အို. . .'

သူ့ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ယောက်ျားဝတ် ညဝတ်အင်္ကျီကို သတိပြုမိပြီး ကြမ်း ပေါ်တွင် ပုံနေသော သူ့အဝတ်အစားများ ကို မြင်သည့်အခါတွင် တော့ ရှက်ကြောက်ခြင်း အသိသည် သူ့ကို သေလုမတတ် စိုးမိုးသွား၏ ။

'မင်း. . . မင်း ဘယ်လိုမှ မအောက်မေ့ပါနဲ့. . . တို့ မင်းကို တားနေရက်နဲ့ မင်းက ဆက် ပြေးတော့ ဗွက်အိုက် ဖြစ်နေတဲ့ဘက် ရောက်သွားတာပေါ့. . . မင်း. . . မင်း တစ်ကိုယ်လုံး ရွှံ့တွေ ဗွက်တွေ ပေသွားလို့. . . တို့. . . တို့. . . တို့. . .'

'ရှက်လိုက်တာ. . . အောင်မယ်လေး. . . သေပစ်လိုက်ချင်တာပဲ. . . ဒီ အဝတ်အစားတွေ ကို. . . သူ. . . သူ. . . ငါ့ကို လဲပေးတယ်ဆိုတော့. . .'

ဖြူသန့်စင် ဆက်မတွေးဝံ့တော့ပါ. . .။

တစ်ကိုယ်လုံး ရှက်သွေးတွေ မွန်ထူပြီး မျက်နှာကို လက်ဝါးဖြင့် ဖိအုပ်ထားလိုက်မိသည်။

အပျိုစင်မကလေး တစ်ယောက် မည် သို့ စိတ်တွင် ခံစားနေရသည်ကို ဒေါက်တာ မိုးထက် အောင်သည် ပြောပြစရာ မလိုပဲ သိနေပါသည်။

'တို့ကို မရှက်ပါနဲ့ကွာ. . . တို့က ဆရာဝန် တစ်ယောက် ပါ. . . သာမန်လူ တစ်ယောက် မဟုတ်ပါဘူး. . .'

'သြော်. . . အပြောကောင်းလိုက်တာ. . . ဒီက ယင်ဗိုတောင် အသမ်းမခံရဘူးတဲ့ အပျိုစင် တစ်ယောက် . . . သူ့ဘာသာသူ ဆရာဝန်မကလို့ ဘာကြီးပဲ ဖြစ် ဖြစ်ပေါ့. . . ယောက်ျားဟာ ယောက်ျားပဲ. . .'

ဖြူသန့်စင် ရှက်လွန်း၍ ပါးစပ်က စကားတွေ ထွက်မလာသော်လည်း ရင်ထဲမှာတော့ ဒေါသ စိတ်တွေ ထိုးထိုးထောင်ထောင် ဖြစ်နေကြောင်း သူ၏ ပြောင်းလွဲလာသော မျက်နှာထားက ပီပြင် စွာ ဖော်ပြနေသည်။

'ခု ကိစ္စကို ရှင်းရှင်းပြောရရင် တို့အဒေါ် အရင်းခေါက်ခေါက်ကြီးကို မသိစေချင်ဘူး. . . ဒါကြောင့် သတိမေ့နေတဲ့ မင်းကို တို့ အိပ်ခန်းထဲကိုပဲ ခေါ်သွင်းလာခဲ့ရတာ . . .'

'သီရိနဲ့ ပတ်သက်ပြီး လက်စလက်နတွေ ရှင်းအောင် ရှင်က ဖျောက်ပစ်နေတာ မဟုတ် လား. . . ရှင် ဒါကြောင့် လူသိ မခံချင်တာ. . . ဒီက သိပါတယ် ဟွန်း. . .'

ဖြူသန့်စင်က ညဝတ်အင်္ကျီရင်ဘတ်စကလေးကို သူ့လက်နှစ် ဘက်ဖြင့် ဆွဲစုဆုပ်ကိုင်ထား ပြီး စွာ ပစ်လိုက်သည်။

'အဟွန်း. . မင်းဆီက ဒီစကားများ ကြားရမယ်ဆိုတာ တို့ မျှော်လင့်ထားပြီးသားပါ ဖြူသန့် စင်. . .'

ဒေါက်တာ မိုးထက်အောင်သည် ခုတင်စွန်းတွင် တင်ပါးလွှဲကလေး ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး ဖြူသန့်စင်ကို ကျောပေးရပ်၍ ပြောလိုက်သည်။

'နို့. . . မဟုတ်လို့လား. . . ရှင် သီရိရဲ့ သေတ္တာကို ရေကန်ထဲ သွားချပစ်တာ ဒီက မျက်မြင် ပါရှင့်. . .'

'ဖြူသန့်စင်ရယ်. . . တို့ မိန်းမကို တို့သတ်ပြီး လက်စ

လက်နဖျောက်ပစ်နေတယ်လို့ မင်း ထင်တာ မှား‌နေပြီ. . . တို ပြောတာ မင်း ယုံကြည်နိုင်အောင် ကြိုး စားစမ်းပါ. . . ဒီ. . . ဒီသေတ္တာ ကို သွားပစ်မိတာ သီရိနဲ့ပတ်သက်ပြီး တို့ လုံးဝ ဘာမှ မမြင်ချင်တော့လို့ပါ. . . တို့က သူ့ကို စိတ်နာ လွန်းလို့ကွာ. . .'

ဒေါက်တာ မိုးထက်အောင်သည် ဘေးသို့ တန်းချထားသော သူ့ လက်နှစ်ဘက်ကို လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး ထားနေရာမှ သူ့ဦးခေါင်းကို လက်နှစ် ဘက်ဖြင့် ဆုပ်ကိုင်ပြီး တုန်တုန်ယင်ယင်ကြီး နီးရာ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

သူသည် သူ့ဆံပင်များ ထဲသို့ လက်ဆယ်ချောင်းကို ထိုးသွင်းကာ ဆွဲစုဆုပ်ကိုင်ထားပြီး ဦးခေါင်းကြီးကို ငုံ့လျှိုးထားနေသည်။

လွန်စွာ စိတ်ထိခိုက်သွားသော ဒေါက်တာ မိုးထက်အောင်ကို ကြည့်ရင်းက ဖြူသန့်စင်၏ စိတ်ထဲတွင် ဘာကြောင့် မှန်းမသိ ကြင်နာသနားစိတ်တွေ တိုးဝင်လာနေ၏ ။

စောစောက ထိတ်လန့်တုန်လှုပ်ခဲ့ရမှု များ . . .

အသက်ထွက်လုလုမတတ် ကြောက်လန့်ခဲ့ရသော စိတ်များ တို့ သူ့ထံမှ ပျောက်ပြယ် လွင့်စင်သွားကြပေပြီ. . .။

ဖြူသန်ပစင်သည် ခုတင်ပေါ်မှ ဆင်းလိုက်ပြီး ဒေါက်တာ မိုးထက်အောင်၏ အနီးသို့ ချဉ်းကပ်သွားကာ ဒေါက်တာ မိုးထက်အောင်၏ ပခုံးကို အသာ ဆုပ်ကိုင်လိုက်မိသည်။

ဒေါက်တာ မိုးထက်အောင်သည် မှိုင်းရီမှု နှဝေနေသော မျက်လုံးများ ဖြင့် ဖြူသန့်စင်ကို မော်ကြည့်လာသည်။

'သီရိ မြကြာရံက ညီညီထွန်းနောက်ကို လိုက်ပြေးဖို့ လုပ်နေတုန်း ခိုးထုပ် ခိုးထည်နဲ့ တို့ မိသွားတယ်. . . ဖြူသန့်စင်. . .၊ တို့နဲ့ သူ အဲဒီ ညက အကြီးအကျယ် ရန်ဖြစ်ကြတယ်. . . သူ့ သေတ္တာကို မယူဘဲ သူ မြကြာရံကနေ ထွက်ပြေးသွားခဲ့တယ်. . . အဲဒီ အချိန်ကတည်းက သူ့ သေတ္တာကို တို့ ဖျောက်ဖျက်ပစ်လိုက်သင့်တာ. . . တို့. . . တို့. . . သိပ်မှာ

းသွားတယ်. . .'

ဒေါက်တာ မိုးထက်အောင်၏ မျက်ဝန်း နှစ် ဘက်တွင် မျက်ရည်တွေ ရစ်ဝဲနေ၏ ။

'သူ. . . သူ. . . အမှန်တွေ ပြောနေကြတာပဲ ဖြစ်မယ် ထင်ပါရဲ့ . . . သူ့ကို ကြည့်ရတာ သိပ် ခံစားနေရတဲ့ ပုံပဲ. . .'

ဖြူသန့်စင်သည် သိမ်မွေ့နူးညံ့သော နှလုံးသားပိုင်ရှင်ပီပီ ဒေါက်တာမိုးထက်အောင်အပေါ် သနားကရုဏာစိတ်များ ယိုဖိတ်၍ သွားမိသည်။

'ဒေါက်တာ့ကို ဖြူသန့် ဘယ်လို ကူညီနိုင်မလဲ ဟင်. . .'

ဖြူသန့်စင်၏ အသံသည် သိမ်မွေ့နူးညံ့နေ၏ ။ ကရုဏာလွှမ်းမိုးမှု အပြည့်အဝပါဝင်နေ၏ ။

'ကျေးဇူးတင်ပါတယ် ဖြူသန့်စင်. . . တို့ မင်းကို ရင်ဖွင့်လိုက်ရလို့ တို့ တစ်ယောက်တည်း အမြဲ ခံစားနေရတဲ့ ဝေဒနာ လျော့သွားသလိုပဲ ခံစားရတယ်. . . တို့ သမီးကလေးကိုသာ မင်း ဂရုစိုက်ကြည့်ရှုပေးပါ ဖြူသန့်စင်. . . တို့ သမီးအတွက်ပဲ ပူတယ်. . .'

ဒေါက်တာ မိုးထက်အောင်က သူ့ပခုံးပေါ်တင်ထားသော ဖြူသန့်စင်၏ လက်ကို ဆုပ်ကိုင်ပြီး တောင်းပန်လိုက်သည်။

'ဒီအတွက် စိတ်ချပါ. . . ဒေါက်တာ. . . သမီးလေး ပြည့်ပြည့်အတွက် ဖြူသန့် တာဝန်ကျေပွန်စေရပါ့မယ်. . . ဒေါက်တာကိုယ်တိုင်လည်း စိတ်ချမ်းသာအောင် နေပါလေ. . . အမှန်တရား ဆိုတာ တစ်နေ့တော့ ပေါ်လာမှာ ပါပဲ. . . ဖြူသန့် သွားမယ်. . . ဖြူသန့်ကို ဒီအတိုင်း ကြီးကြီးခ တွေ့ သွားရင် အထင်လွဲစရာတွေ ဖြစ်ကုန်မှာ စိုးရတယ်. . .'

'ကြီးကြီးခ. . . အိပ်လိုက်ရင် တုံးထိုးပဲဆိုတော့ စိုးရိမ်စရာတော့ မရှိပါလား. . . ဒါပေမယ့် မင်း သွားနိုင်ပါပြီ ဖြူသန့်စင် သမီးကလေး နိုးနေမှာ စိုးရတယ်. . .'

ဖြူသန့်စင်သည် ကြမ်းပြင်ပေါ်တွင် ပုံလျက်သား ရှိနေသော စိုစွတ်ပေကျံနေသည့် သူ့အဝတ်အစားများ ကို ကောက်ယူပြီး ဒေါက်တာ မိုးထက်အောင်၏

အိပ်ခန်းမှ လျင်မြန်စွာ ထွက်ခဲ့ ပါတော့သည်။

♥♥♥

သူ့ကိုယ်ပေါ်တွင် ဝတ်ထားသော ဒေါက်တာမိုးထက်အောင်၏ ညဝတ်အင်္ကျီကြီးကို ဖြူသန့်စင်သည် အလျင်အမြန် ချွတ်ကာ သူ့အဝတ်အစားများ နှင့် လဲ၍ ဝတ်လိုက်သည်။

သူ့ခုတင်ပေါ်တွင် ပုံလျက်သား ရှိနေသော ညဝတ်အင်္ကျီကြီးကို ကြည့်ပြီး သူ့တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲ ထသွားမိသည်။

သူစိမ်းတစ်ရံစာ ယောက်ျား တစ်ယောက် ၏ လက်ထဲတွင် ဘယ်တုန်းကမှ မတွေ းမိခဲ့သော ဖြစ်ရပ်တစ်ခုကို သူ နဖူးတွေ ့ ဒူးတွေ ့ ကြုံတွေ ့ခဲ့ရ၏ ။

အပျိုစင်မလေးဘဝ မှည့်တစ်ပေါက်မစွန်းဘူး ဆိုပေမယ့်. . .

'ရှက်လိုက်တာဟယ်. . . သေပစ်လိုက်ချင်တော့တာပဲ. . . ဒါ ငါကဲတာ. . . အဖြစ်မရှိဘဲ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စကို ဝင်စွက်မိခဲ့လို့ ရှက်စရာအ ဖြစ်မျိုးကြီးနဲ့ ကြုံရတာ . . .

စဉ်းစားကြည့်လေ သူ့မျက်နှာကြီးကို ရင်မဆိုင်ဝံ့စရာ ဖြစ်လေပဲ. . . ဟွန်း. . . ဒီအင်္ကျီကြီးလဲ ခုညကတည်းက သူ့ အိမ်ခန်းထဲ ပြန်ပို့လိုက်တာ ကောင်းပါတယ်. . . မနက်ကျမှဆိုရင် မတော် ကြီးကြီးခ တွေ ့သွားလို့ ပြဿ နာတစ်မျိုး ထပ်တက်နေဦးမယ်. . .'

ဖြူသန့်စင်သည် ပြည့်ထက်အောင်ကလေး၏ ခုတင်အနီးသို့ တစ်ချက်သွားကြည့်လိုက်ပြီး ညဝတ်အင်္ကျီကြီးကို ဆတ်ခနဲ ကောက်ယူကာ အောက်ထပ်ဆီသို့ ပေါ့ဖွသော ခြေလှမ်းများ ဖြင့် အမြန်ဆုံး ဆင်းခဲ့သည်တွင် ဧည့်ခန်းထဲ၌ ငူငူကြီး ထိုင်နေသော ဒေါက်တာ မိုးထက်အောင်ကို တွေ ့လိုက်ရသည်။

'အဲဒီ မှာ ထားခဲ့လိုက်ပါ. . .'

ဒေါက်တာ မိုးထက်အောင်က ဖြူသန့်စင်၏ လက်ထဲက အင်္ကျီကို လှမ်းကြည့်ပြီး ပြောလိုက် သည်။

'မအိပ်သေးဘူးလား ဒေါက်တာ. . . ညဉ့်နက်နေပြီပဲ. . .'

'မင်းသာ သွားအိပ်ပါကွာ. . . တို့အတွက် အိပ်မပျော်တဲ့ ညဆိုတာ မဆန်းတော့ပါဘူး. . .'

မျက်စိကို မှိတ်၍ ကုလားထိုင်နောက်မှီတွင် ဦးခေါင်းကို လှန်တင်ထားလိုက်သော ဒေါက်တာမိုးထက်အောင်ကို ဖြူသန့်စင်သည် ခေတ္တမျှ တွေကြည့်နေမိပြီးမှ ညဝတ်အင်္ကျီကြီးကို ကုလားထိုင်လွတ်တစ်လုံးပေါ်တွင် အသာချကာ နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

တိတ်ဆိတ်ငြိမ်သက်နေသော မြကြာရံအိမ်ကြီးထဲတွင် ဒေါ်ခကြီး၏ ဟောက်သံသည်သာ စိုးမိုးလွှမ်းခြုံနေ၏ ။

ဖြူသန့်စင်လည်း အဘယ်မှာ လျှင် အိပ်ပျော်နိုင်ပါတော့မည် နည်း။

ကြောက်စရာကောင်းသော လူသတ်ကောင် တစ်ယောက် မဟုတ်ဘဲ သနားကရုဏာ သက်စရာကောင်းသော လူ တစ်ယောက် အ ဖြစ်သို့ ရောက်ရှိနေသော ဒေါက်တာ မိုးထက်အောင်၏ ညှိုး ငယ်နွမ်းလျနေသော မျက်နှာကြီးကိုသာ သူသည် မြင်ယောင်နေသည်မို့ ခုတင်ပေါ်တွင် လူးလိမ့်ရင်း ပင့်သက်အခါခါ ရှိုက်မိနေ၏ ။

'ဒေါက်တာ မိုးထက်အောင်ဟာ သူ့အိမ်ထောင်ရေး နဲ့ ပတ်သက်ပြီး တော် တော်ကို စိတ်ထိ ခိုက် ခံစားနေရတဲ့လူပဲ. . . သူ ပြောသလို သူ့ဇနီး သီရိဟာ ညီညီထွန်းဆိုတဲ့လူနဲ့ ဖောက်ပြန် လိုက် ပြေးသွားခဲ့တာပဲ. . . ဖြစ်ပါစေ. . . သူ့ကို ငါ ယုံမှား သံသယ မ ဖြစ်စေချင်တော့ဘူး. . .

ဟင်း. . . ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးပါတယ်. . . ဆေးအတွက်ကြောင့် လေး ဆိုသလို များ ငါ ဖြစ်နေဦးမှာလား မသိတော့ပါဘူး. . . ငါကလဲ. . . ငါ့ဘဝ ငါ့အကြောင်းနဲ့ လူ

တစ်ယောက် . . .’

ကိုယ့်အကြောင်း သူ့အကြောင်း ချာချာလည်အောင်တွေးရင်း ဖြူသန့်စင်သည် တစ်စက် ကလေးမှ အိပ်စက်မရဘဲ ထိုတစ်ညတာကို ရင်လှိုက်မောစွာ ဖြင့် ဖြတ်သန်းခဲ့ရပေ၏ ။

♥ ♥ ♥

(၈)

‘ကြီးကြီးခရေ. . . ကလေးအဝတ်တွေ ဖြူသန့် လျှော်မယ်. . .’

‘ရပါတယ်. . . ကြီးကြီးပဲ လျှော်လိုက်ပါ့မယ်. . .’

‘သူ တွန်းလှည်းထဲမှာ ဆော့နေတာပဲ. . . ဖြူသန့်လဲ အားနေတဲ့ဥစ္စာ. . .’

ဖြူသန့်စင်သည် ပြည့်ထက်အောင်ကလေးကို သစ်တိုပင်ကြီး၏ အရိပ်အောက်တွင် ထားခဲ့ ပြီး ဒေါ်ခနှင့် အတူ အဝတ်အထည်များ ဝင်လျှော်လိုက်သည်။

ပြည့်ထက်အောင်ကလေးသည် ကစားစရာတွေ နှင့် ကစားရင်းက တစ်ပင်မှ တစ်ပင်ဆီသို့ ကူးလူးခုန်လွှားဆော့ကစားနေသော ရှဥ့်ညိုကလေးများ ကို ကြည့်ကာ သဘောကျမဆုံး ဖြစ်နေ သည်။

‘ကြည့်စမ်း. . . ခုတော့ နေနေလိုက်တာ ကြည်လို့. . . မြူး လို့. . . ခါတိုင်းဆိုရင် ဒီလို မနေဘူး ဖြူသန့်စင်ရဲ့ . . . သူနဲ့ ကြီးကြီးခ သိပ်ဒုက္ခရောက်ရတာ . . . ဟော. . . ဟိုမှာ မောင်မိုး ထက် သူ့ ပရဆေးပင် ခြံထဲက ထွက်လာပြီ. . .’

ဒေါက်တာ မိုးထက်အောင်သည် သူ့ သမီးကလေး ပြည့်ထက်အောင်ရှိနေသော သစ်ပင် အောက်ဆီသို့ သွားပြီး ကလေးကို မြှူချော့၍ နေ၏ ။

'သားအဖ နှစ် ယောက် ကို ဒီလို မတွေ့ရတာ ကြာပြီ. . .'

'ဒေါက်တာက သူ့သမီးကလေးကိုတော့ သိပ်ချစ်ပုံရပါတယ်. . .'

'ချစ်သမှ သိပ်ချစ်တာပေါ့ကွယ်. . . သမီးကို ချစ်လို့လဲ မယားနဲ့ တကျက်ကျက် ဖြစ်ခဲ့ရတာ အခါခါပဲ. . . သီရိက မိခင် မ ဖြစ်ထိုက်တဲ့ မိန်း တစ်ယောက် ကွယ့်. . .'

'ရှင်. . . ဘာ ဖြစ်လို့လဲ ကြီးကြီးခ. . .'

'သူက ကလေးကို မယူချင်ဘဲ ယူလိုက်ရတာ . . . ပြီးတော့ အလှပျက်မှာ စိုးလို့ဆိုပြီး မိခင်ရဲ့ နို့ချိုကိုလဲ တိုက်ဖို့ အကြောက်အကန် ငြင်းခဲ့တယ်လေ. . . အဟင်း. . . ည အိပ်ရေး ပျက်လဲ မခံနိုင်ဘူး. . . သူ့ လက်ထဲမှာ ကလေးက တစ်ညလုံး သေးစို. . . ခဏခဏ အအေးပတ်. . . ပြီးတော့ ဖျားနဲ့ နောက်ဆုံးတော့ ကလေး တီဘီ ဖြစ်ပါလေရော. . . မောင်မိုးထက်က တည်ပြီးတဲ့ အိမ်ထောင်ကို မပျက်အောင် အတတ်နိုင်ဆုံး ထိန်းသိမ်းပါတယ်. . .

ယောက်ျား တစ်ယောက် က ထိန်းသိမ်းရကောင်းမှန်း သိပြီး မိန်းမလုပ်တဲ့လူက မသိတတ် တော့. . . အင်း. . . ခက်ပါတယ်ကွယ်. . . ဒီအကြောင်းတွေ ပြောမိတာ မောင်မိုးထက်သိရင် ကြီးကြီးခကို ဆူဦး ပွက်ဦးတော့မှာ . . . ကဲ ကဲ. . . ကလေးအဝတ်တွေ ကုန်ပြီမဟုတ်လား. . . သွားတော့. . . ဒါတွေ ကြီးကြီးခ လျှော်မယ်. . .'

ဖြူသန့်စင်လည်း ပြည့်ထက်အောင်၏ အဝတ်အထည်များ ထည့်ထားသော ဒန်ဇလုံကြီးကို မကာ အဝတ်တန်းဆီသို့ ထွက်ခဲ့ပြီး အသေအချာခါ၍ လှန်းပြီးနောက်ချိတ်များ ချိတ်ထားလိုက် သည်။

'သမီးလေးအတွက် အစစအရာရာ ဂရုစိုက်ပေးတဲ့အတွက် မင်းကို တို့. . . သိပ် ကျေးဇူး တင်ပါတယ် ဖြူသန့်စင်. . .'

ဖြူသန့်စင်သည် မဝံ့မရဲ ရှိလှသော မျက်ဝန်းကလေးများ ဖြင့် ဒေါက်တာမိုးထက်အောင်ကို တစ်ချက်ကြည့်ပြီး မျက်လွှာကို ချထားလိုက်သည်။

သူ့ စိတ်ထဲတွင် မည် သို့ ခံစားနေရသည်ကို ထွင်းဖောက်သိမြင်မြေဟန်ရှိသော ဒေါက်တာ မိုးထက်အောင်သည် နက်နဲစွာ တစ်ချက်ပြုံး လိုက်ပြီး သူ့ သမီးကလေး၏ ဦးခေါင်းကို အသာ တစ်ချက် ပွတ်လိုက်ပြီးနောက် သူတို့အနီးမှ ထွက်ခွာသွားတော့သည်။

ဖြူသန့်စင်လည်း ကလေး၏ တွန်းလှည်းကလေးကို အသာ တွန်းဖွင့်ကာ သစ်ပင်ရိပ်ကြီး များ ရှိနေသော မြကြာရံအိမ်ကြီး၏ အနောက်ဘက်ဆီသို့ ထွက်ခဲ့သည်။

တစ်ပင်မှတစ်ပင်ဆီသို့ ရှဥ့်ညိုကလေးများ တဖုတ်ဖုတ် အသံပြုကာ ကူးလူးခုန်လွှား၍ နေကြသည်။

ကျေးငှက် အစုံစုံတို့သည်လည်း ပျံမြူး ကာ တေးသံစုံ သီကျူး ၍ နေကြသည်။

သာယာသော နံနက်ခင်းတစ်ခု ဖြစ်နေသည်။

မြကြာရံခြံကြီးနှင့် အိမ်ကြီးထဲတွင် သာယာ အေးချမ်းသော အခြေအနေမျိုးများ ရှိနေလျှင် ဘယ်လောက်များ ကောင်းလိမ့်မလဲဟု ဖြူသန့်စင် တွေ းမိသည်။

ပြည့်ထက်အောင်ကလေးကို ထိန်းရင်း ဖြူသန့်စင်သည် ဒေါက်တာ မိုးထက်အောင်နှင့် ပျောက်ဆုံးနေသော သူ့ဇနီး သီရိတို့ အကြောင်းကို စဉ်းစားနေမိပေ၏ ။

တစ်ခါ တစ်ခါလည်း သူတို့အကြောင်း စဉ်းစားရင်းက မတတ်သက်လွန်း၍ လစ်ပြေးခဲ့ရ သော ဖခင်ကြီး၏ အကြောင်းများ ကို တွေ းမိလာသည်။

ခင်နှင်းဆီ လက်ထဲတွင် ဖေဖေ တစ်ယောက် အန္တရာယ် မကျရောက်ပါစေနဲ့ဟု သူ ပူလောင်သော စိတ်ဖြင့် ဆုတောင်းလိုက်မိသည်။

'ဖြူသန့်စင်ရေ. . .'

'ရှင်. . . ကြီးကြီးခ. . .'

'ပြည့်ပြည့်အတွက် ကျက်ပြီ. . .'

'ဟုတ်ကဲ့. . . ဖြူသန့်တို့ လာပါပြီ. . .'

ဖြူသန့်စင်လည်း ဒေါ်ခကြီးက မီးဖိုဆောင်ဆီမှ လှမ်းခေါ်လိုက်သော ကြောင့် အတွေးများ ပြတ်တောက်သွားကာထိုင်ရာမှ ထပြီး ကလေး၏ တွန်းလှည်းကလေးကို အိမ်ဆီသို့ တွန်းခဲ့သည်။

ထမင်းစားပွဲပေါ်တွင် ပြည့်ထက်အောင် ကလေးအတွက် နံနက်စာကို ခူးပြီးသား အဆင်သင့် တွေ့လိုက်ရသည်။

'ကဲ. . . လာ. . . မီးမီးနဲ့ တီတီဖြူမံမံ စားရအောင်. . .'

ဖြူသန့်စင်သည် ပြည့်ထက်အောင်ကလေးကို ချော့မြူပြီး နံနက်စာကို ဝင်အောင် ကျွေးလိုက်သည်။

'ပြည့်ပြည့်ကို ကျွေးပြီးရင် ဖြူသန့်လဲ စားနိုင်ပြီး လူကြီးတွေ အတွက်လဲ ကျက်ပြီဟော့. . .'

'ဟုတ်ကဲ့. . . ကြီးကြီးခ. . . ဒါနဲ့ အဲဒါတွေ က ဘယ်သူ့အတွက် ထည့်နေတာလဲ ဟင်. . .'

'မောင်မိုးထက်အတွက်လေ. . . ဒီနေ့ မနက်စာကို သူ့ဓာတ်ခွဲခန်းထဲ ပို့ပေးပါလို့ မှာ ထားလို့. . .'

'ဒေါက်တာက ဒီလိုပဲ ဓာတ်ခွဲခန်းမှာ စားတတ်သလား. . .'

'စားတတ်ပါ့တော် . . . တစ်ခါတလေများ ဆိုရင်. . . မနက်စာရော. . . ညစာရော. . . သန်းကောင်စာရော. . . နေ့မထွက်. . . ညမထွက် နေတတ်လို့. . . ပို့ပေးရတယ်. . . ခု နောက်ပိုင်း ပိုတောင်ဆိုးလာသေးတယ်. . . သူ့ စိတ်သက်သာမှု ရဖို့က ဓာတ်ခွဲခန်းမှာ ပဲ အချိန်ဖြုန်းပစ်နေ သလား မသိတော့ပါဘူး. . . ဖြူသန့်ရယ်. . . သူ့အတွက် ကြီးကြီးခလဲ စိတ်ဆင်းရဲလှပါပြီ. . .'

ဖြူသန့်စင်ကိုယ်တိုင်လည်း ကြားရသော စကားများ ကြောင့် ရင်မောသွားမိသည်။

‘ဟော. . . အိမ်ရှေ့မှာ မောင်အေး ထင်တယ်. . .’

ဆိုင်ကယ်တစ်စီး၏ ဘဲလ်သံကြောင့် ဒေါ်ခကြီးက အိမ်ရှေ့ဆီသို့ ဦးခေါင်းကို ကဲကြည့်ကာ မေးလိုက်သည်။

‘ဟုတ်တယ် ကြီးကြီးခရေ. . .’

‘အေး. . . အေး. . . လာပြီဟေ့. . .’

ဒေါ်ခကြီးသည် ရေခဲသေတ္တာကို ဖွင့်ကာ အတွင်းမှ ကြက်ဥထည့်သော ဆန်ကာကို ယူလိုက်သည်။

‘မောင်အေးကလဲ အရေး ထဲ ကြက်ဥ လာပို့နေညပီ ဒုက္ခပဲ. . . မောင်မိုးထက် ထမင်းတွေ ဟင်းတွေ တော့ အေးကုန်တော့မှာ ပဲ. . . မောင်မိုးထက်က သူစားတဲ့ အစားအစာကို ပူပူနွေးနွေးမှ ကြိုက်တာ. . .’

‘ဒါဆိုလဲ ဖြူသန့်ပို့ပေးလိုက်မယ်လေ. . . ပြည့်ပြည့်ကို ခဏ ထားခဲ့လို့ ရပါတယ်. . . သူ ဆော့နေတာပဲ ဥစ္စာ. . .’

‘အေး အေး. . . ဒါဆိုလဲ ပို့ပေးလိုက် ပါ. . . ဖြူသန့်ရယ် ကြီးကြီးခ. . . မောင်အေးကို ငွေလဲ ရှင်းစရာရှိနေလို့. . .’

‘ဟုတ်ကဲ့. . . ဟုတ်ကဲ့. . .’

ဖြူသန့်စင်လည်း ကစားစရာ အရုပ်ကလေး တစ်ရုပ် လက်တွန်းလှည်းပေါ်တင်ပေးခဲ့ပြီး ထမင်း ဟင်းလျာများ ထည့်ထားသော လင်ပန်းကို မကာ ဒေါက်တာ မိုးထက်အောင်၏ ဓာတ်ခွဲခန်း ရှိနေသော မြေတိုက်ခန်းရှိရာ လှေကားဆီသို့ ဆင်းခဲ့သည်။

ဒေါက်တာ မိုးထက်အောင်သည် လှေကားဘက်သို့ ကျောပေးကာ သူ့လုပ်ငန်းထဲတွင် အာရုံစူးနစ်နေပုံရ၏ ။

‘ဒေါက်တာ. . .’

'ဟင်...'

ဒေါက်တာ မိုးထက်အောင်သည် နောက်သို့ ချာခနဲ လှည့်ကြည့်လာသည်။

'သြော်...မင်း လာပို့တယ်...အားနာစရာကြီးကွာ...'

'ကြီးကြီးခ ကြက်ဥ ပို့တဲ့လူ လာနေလို့ မအားလို့ပါ...'

'သြော်...မောင်အေး လာတယ် ထင်တယ်...'

'ဟုတ်တယ်...'

'အေးကွာ ကျေးဇူးပဲ...'

ဖြူသန့်စင်က လက်ထဲက လင်ပန်းကို စားပွဲပေါ်တွင် ချပေးလိုက်သည်။

'မင်းကော စားပြီးပြီလား...'

'ခုပဲ ပြည့်ပြည့်ကို ကျွေးပြီးတာ...ပြီးမှ ကြီးကြီးခနဲ့အတူ စားမလို့လေ...'

'အင်း...နှစ် ယောက် စားရတာ အပျင်းလဲ ပြေမယ်...စားလို့လဲ ပိုဝင်မယ်... တို့ငယ် ငယ်ကဆိုရင် တို့အဖေက အိမ်မှာ လူစုံတက်စုံမရှိရင် ဘယ်တော့မှ ထမင်းမစားဘူး... သိပ်ပျော် စရာကောင်းတဲ့ ထမင်းဝိုင်းကလေးတွေ တို့စားခဲ့ဖူးတယ်...တစ်ခါတလေ ဒီထမင်းပွဲမျိုးကို တို့ ပြန်ပြီး တောင့်တမိတယ်...'

ဒေါက်တာ မိုးထက်အောင်သည် ကြွေဇလုံဖြူဖြူကြီးထဲတပ်ထားသော ရေပိုက်ခေါင်းကို ဖွင့်ကာ သူ့လက်တွေ ကို သန့်စင်ဆေးကြောရင်းက ပြောလိုက်သည်။

သူ့မျက်နှာပေါ်တွင် ကြေကွဲ ဆွေးမြည့် နေမှု များ လည်း ပီပြင်စွာ ပေါ်လွင်နေသည်။

ခန့်ခန့်ချောချောကြီး ရှိလှသည့် သူ့မျက်နှာကြီးကို ကြည့်ရင်းက ဖြူသန့်စင်သည် သူ့အပေါ် သနားကရုဏာသက်စိတ်များ ဖြစ်ပေါ်၍ လာနေ၏ ။

ဒေါက်တာမိုးထက်အောင်သည် စားပွဲတွင် ထိုင်လိုက်ပြီး ဖြူသန့်စင်ကို

တစ်ချက်ကြည့် လိုက်သည်။

'စားပါဦးလား. . .'

'သုံးဆောင်ပါ ဒေါက်တာ. . .'

'အပွန်း. . . မင်း ရောက်လာတာ မကြာရံမှာ တစ်ခုခုလိုနေတာ ပြည့်သွားသလိုပဲ. . . ဖြူသန့်စင်. . . အထူးသဖြင့် တော့ သမီးကလေး ပြည့်ပြည့်အတွက်ပေါ့ မင်းကို တို့ သိပ်ကျေးဇူး တင်မိပါတယ်. . . ဒီအိမ်ကြီးမှာ အလုပ်လုပ်ရတာ မင်းလဲ စိတ်ချမ်းသာမှု အပြည့်အဝ ရရှိပါစေလို့ တို့ ဆုတောင်းပါတယ်ကွာ. . .'

သူ့ စကားအဆုံးတွင် ဒေါက်တာမိုးထက်အောင်သည် ထမင်း ဟင်းလျာတို့ကို စတင်၍ စားသောက်တော့သည်။

'ဘာလိုသေးလဲ ဒေါက်တာ. . .'

'ပြည့်စုံပါပြီ. . .'

'ဒါဆို ဖြူသန့်ကို ခွင့်ပြုပါ. . .'

'အင်း. . .'

ဖြူသန့်စင်လည်း ထမင်းစားခန်းထဲမှ အိမ်ပေါ်ထပ်ဆီသို့ ပြန်တက်လာခဲ့တော့သည်။

♥ ♥ ♥

# (၉)

မိုးနှင့် ဆောင်းလုနေသော ရာသီကာလ ကလေး ဖြစ်သည်။

တစ်နေ့ကုန် မိုးမမြင် လေမမြင်ရဘဲ ခြောက်ခြောက်သွေ့သွေ့ကလေး ဖြစ်နေသည်မို့ ဖြူသန့်စင်သည် ပြည့်ထက်အောင်ကလေးနှင့် အတူ လမ်းလျှောက်ထွက်ခဲ့သည်။

ပြည့်ထက်အောင်ကလေးသည် သူ့လက်ဝါးကလေးဖြင့် ပါးစပ်ကို တဖျတ်ဖျတ်ရိုက်ကာ တဝါးဝါး အသံပြုကာ ကစားရင်း လက်တွန်းလှည်းကလေးပေါ်တွင် ပျော်ရွှင်မြူး တူးစွာ လိုက်ပါလာ နေ၏ ။

တဖြည်းဖြည်းလျှောက်ရင်းက မြကြာရုံခြံကြီး၏ အဝင်ဝ ဝင်းတံခါးရှေ့သို့ပင် ရောက်ရှိလာခဲ့ ကြသည်တွင် ပြည့်ထက်အောင်ကလေး၏ တွန်းလှည်းညာဘက် နောက်ဘီးကလေးက ရုတ်တ ရက် ကျွတ်ထွက်သွားတော့သည်။

'ဟဲ့. . . အောင်မယ်လေး. . .'

ဖြူသန့်စင်သည် လှည်းကလေး မတိမ်းမှော က်အောင် ထိန်းချုပ်လိုက်ရသည်။

'ဒုက္ခပဲ. . . လှည်းက အကောင်းကြီးပါ. . . ဘယ်လို ဖြစ်သွားတာလဲ. . .'

ဖြူသန့်စင်သည် ကလေးကိုချီယူလိုက်ပြီး ဒူးကလေးထောက်၍ လှည်းဘီးကို ငုံ့ကြည့်နေ၏ ။

'ဟင်း. . . မတတ်နိုင်ဘူး. . . ဒီလှည်းကလေးကို လမ်းဘေးပဲ ခဏချထားပစ်ခဲ့ရမှာ ပဲ. . .'

ဖြူသန့်စင်သည် လှည်းကလေးကို လက်တစ်ဘက်တည်းဖြင့် လမ်းဘေးသို့ ချနေစဉ် မြကြာရုံခြံကြီးထဲသို့ အမိုးဖွင့်ကားဖြူဖြူကလေးတစ်စီး ဝင်လာ၏ ။

ကားမောင်းနှင်လာသူသည် အလွန်ဆုံးရှိလှမှ အသက်အစိတ်ခန့် ဖြစ်မည်။

အသားဖြူဖြူနှင့် နှုတ်ခမ်းမွေး. . . ပါးမြိုင်းမွေးကလေးများ စိမ်းမြနေ၏။

ရယ်မြူး တောက်ပနေသော မျက်လုံးပိုင်ရှင်လည်း ဖြစ်သည်။

သူ့ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော လည်သာဂျာကင်ကလည်း အပုံစား. . .

'ဟေး. . . ကိုယ် ဘာကူညီရမလဲ. . .'

သူက ကားကို ဖြူသန့်စင်တို့ အနီးတွင် ထိုးရပ်ပြီး ကြည်လင်လှသော အသံဖြင့် မေးလိုက် သည်။

'ကလေး လက်တွန်းလှည်းဘီး ပြုတ်သွားလို့ပါ. . . မြကြာရံကိုသွားမယ့် ဧည့်သည် ထင်ပါရဲ့ နော်. . .'

'ဟုတ်တယ်. . . မင်းလဲ မြကြာရံကပဲ မဟုတ်လား. . . လိုခဲ့လေ. . . လှည်းကလေးကို ကားပေါ်တင်သွားကြတာပေ့ါ. . . လာ လာ. . . မင်းရှေ့က တက်. . . ကိုယ် လှည်းကို နောက်က တင်လိုက်မယ်. . .'

ပြောပြောဆိုဆို သွက်လက်စွာ လှုပ်ရှား၍ ကိုယ်ရွှေဧည့်သည်ကို တွန်းလှည်းကလေးကို သူ့ကားနောက်ခုံပေါ်သို့ တင်လိုက်သည်။

ချာလီပင် ကြက်ဥနှစ် ရောင် . . . အနီရောင် ပေါ်တွင် အနက်စင်းကလေးများ ဖောက်ထား သော ရှပ်အင်္ကျီလက်ရှည်ပွပွကြီးကို ဝတ်ဆင်ထားသော ထိုသူသည် အမျိုး :သမီးများ ပင် ကျလောက်သော ရုပ်ရည်နှင့် ရှိုးပေးလည်း ကောင်းလှသည်။

ကိုရွှေဧည့်သည်က ကားပေါ်သို့ ပြန်တက်ပြီး ကားစက်ကို နှိုးလိုက်သည်။

'ဒေါက်တာ မိုးထက်အောင် အိမ်မှာ ရှိလား. . .'

'ရှိပါတယ်. . . ဆရာ့. . . မိတ်ဆွေ ထင်ပါရဲ့. . . .'

'အဟင်း. . . ဆိုပါတော့. . .'

မဲ့သလိုလို ပြုံး သလိုလိုနှင့် ပြောလိုက်သော သူ့လေသံက တစ်မျိုးကြီး ဖြစ်နေသည်။

'မင်း ကတော့ မြကြာရုံနဲ့ ဘယ်လိုပတ်သက်နေသလဲ. . . ဆွေလား မျိုးလား. . .'

'တိုတိုရှင်းရှင်း အဖြေပေးရမယ်ဆိုရင်တော့ ဖြူသန့်စင်က ကလေးထိန်း ဆိုပါတော့. . .'

ကိုရွှေဇည့်သည်က သူ့မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်ပြီး မယုံကြည်ဟန်ဖြင့် ခေါင်းခါလိုက် သည်။

'မယုံဘူး. . . လုံးဝပဲ. . .'

'ဘာ ဖြစ်လို့ မယုံတာလဲ. . .'

'မင်း. . . ရုပ်ရည်ကို ကြည့်ရင် သိသာပါတယ်ကွာ. . . ဖြီးမနေစမ်းပါနဲ့. . .'

ကားကို အိမ်ရှေ့ ဆင်ဝင်အောက်တွင် ထိုးရပ်ရင်း ဧည့်သည်က ပြောလိုက်သည်။

ကားရပ်သံကြောင့် ထင်ပါ၏ ။ အိမ်ဝင် တံခါးမကြီးဝတွင် ဒေါက်တာ မိုးထက်အောင် ဘွားခနဲ ပေါ်လာသည်။

'သမီးလေး တွန်းလှည်း ဘီးကျွတ်သွားလို့. . . တော် သေးတယ်. . . အိမ်ကိုလာတဲ့ ဧည့်သည်နဲ့ တွေ့လာလို့. . .'

ဖြူသန့်စင်က ကားပေါ်က ဆင်းရင်း ဒေါက်တာမိုးထက်အောင်ကို လှမ်းပြောလိုက်သည်။

တွန်းလှည်းကလေးကို အောက်သို့ ချပေးလာသော ဧည့်သည်နှင့် ဒေါက်တာမိုးထက် အောင်တို့ မျက်နှာချင်းဆုံမိသွားကြတော့သည်။

'ဟင်. . . ညီညီထွန်း. . . မင်း. . . မင်း. . . ဘာမျက်ခွက်နဲ့ ငါ့ဆီကို လာတာလဲကွ. . .'

ဒေါက်တာ မိုးထက်အောင်၏ မျက်နှာကြီးသည် ငြိုငြင်မည်းမှောင်သွားပြီး သူ့အသံကြီး ကလည်း မာကျောခက်ထန်လွန်းနေ၏ ။

ဖြူသန့်စင်လည်း ကလေးကို တင်းကျပ်စွာ ဖက်ပြီး သူတို့နှစ် ဦးကို ပြုံးကျယ်ဝိုင်းစက်သော မျက်လုံးများ ဖြင့် ငေးနေမိလိုက်သည်။

'အဟွန်း. . . ကျုပ်က အပြစ်မရှိတဲ့ လူပဲ. . . ကိုယ့် လိပ်ပြာ ကိုယ်သန့်တဲ့ကောင်ဆိုတော့ မလာရဲ မသွားရဲတဲ့ နေရာမရှိဘူးဗျ. . . ကျုပ်ကို သွားပုပ်လေလွင့် ယိုးစွပ်နေတဲ့ ခင်ဗျားကြီး စကား တွေ ကို ကျုပ်ချေပဖို့ လာတာပဲ. . . သီရိကို ကျုပ်ခိုးပြေးတယ်လို့ ခင်ဗျား. . . ဘာမတရား လေလွှင့်နေတာလဲ ဟင်. . .'

'ဟေ့ကောင်. . . ငါ မတရား လွှင့်တာလား. . . မင်းနဲ့ သူ သိပ်ချစ်ကြလို့ ခွဲမနေနိုင်လို့ သွားမယ် ဆိုပြီး. . . သီရိ ပါးစပ်ကပဲ ပြောသွားတာကွ. . . မင်း. . . မင်းတို့နှစ်ယောက် အကြောင်း ငါက သိနေတဲ့ကောင်ပဲ. . . တောက်. . . မင်းကိုတော့ ငါ့လက်နဲ့ သတ်မိတော့မှာ ပဲ. . .'

ဒေါက်တာ မိုးထက်အောင်က ညီညီထွန်း၏ အင်္ကျီရင်ဘတ်စကို ဒေါသတကြီး ဆွဲကိုင်လိုက် သည်။

'အို. . . ဒီလို မလုပ်ပါနဲ့. . . ကြီးကြီး. . . ကြီးကြီးခရေ. . .'

ကြီးကြီးခကိုလည်း အော်ခေါ်ရင်း ဖြူသန့်စင်သည် ဒေါက်တာမိုးထက်အောင်၏ လက်ကို အတင်းဆွဲလိုက်သည်။

ပြည့်ထက်အောင်ကလေးကလည်း ဗြဲခနဲ အော်ငိုလိုက်တော့သည်။

'ဟဲ့. . . ဟဲ့. . . အောင်မယ်လေး လက်လွန်ကုန်ကြတော့မှာ ပဲ. . . လွှတ်စမ်း မောင်မိုးထက် လွှတ်. . .'

အိမ်ထဲက ပြေးထွက်လာသော ဒေါ်ခကြီးကပါ အတင်းဝင်ဆွဲသဖြင့် ဒေါက်တာမိုးထက် အောင် ညီညီထွန်း၏ အင်္ကျီရင်ဘတ်စကို ဆွဲဆုပ်ထားရာမှ

လွတ်ထွက်သွားတော့သည်။

'ခင်ဗျားကြီး ပြောထားဦးပေါ့. . . သီရိ ကျုပ်နဲ့ လိုက်မလာဘူး. . . အေး. . . သီရိ အကြောင်း ကျုပ် ဖော်ထုတ်နိုင်ရင် ခင်ဗျား ကြိုး စင်တတ်ရမှာ ပဲ. . .'

'မင်းကများ ငါ့ကို ပြောရတယ်လို့. . . သူများ မယားခိုးတဲ့ကောင်ကများ . . . သွား. . . မင်း ခုထွက်သွား. . . မင်းကို ငါသတ်မိလိမ့်မယ် တောက်. . .'

'သွားစမ်းပါကွယ်. . . မင်း မြန်မြန်ထွက်သွားစမ်းပါ. . . ဖြူသန့် သူ့ကို အိမ်ထဲခေါ်သွား. . .'

ဒေါ်ခကြီးက ညီညီထွန်းကို ကားဆီသို့ အတင်းတွန်းပို့လိုက်သည်။

ဖြူသန့်စင်ကလည်း ဒေါက်တာမိုးထက်အောင်ကို အိမ်ထဲသို့ အတင်းဆွဲခေါ်လာခဲ့၏ ။

ဒေါက်တာမိုးထက်အောင်သည် လက်သီးနှစ် ဘက်ကျစ်ကျစ်ပါအောင် ဆုပ်ကာ တစ်ကိုယ် လုံး တဆတ်ဆတ် တုန်နေ၏ ။

'သီရိ. . . သူ့ နောက်မလိုက်ဘူး ဆိုပါလား. . . ဒေါက်တာ သူပြောပုံကို ကြည့်ရတာ အမှန်ကို ပြောနေသလိုပဲ ယူဆရတယ်. . .'

'ဪ. . . သီရိ သူ့နောက် မလိုက်ဘူး. . . ငါကပဲ အကွက်ဆင်သတ်ပြီးတော့ ဟိုးကန်ကြီး ထဲ ချပစ်လိုက်တယ်လို့ မင်း ထင်မြင်နေသလား ဖြူသန့်စင်. . . ဟင်. . .'

'အို. . . ဒီ. . . ဒီလို မဟုတ်ပါဘူး. . . ဒီလို မဟုတ်ပါဘူး. . . ဖြူသန့်က ဒေါက်တာများ စိတ်သက်သာရာ ရသွားမလားလို့ ပြော. . . ပြောမိတာပါရှင်. . .'

ဖြူသန့်စင်က သူ့အပေါ်အထင်မလွဲမှာ းပါရန် ပျာပျာသလဲ တောင်းပန်လိုက်ရာသည်။

ဒေါက်တာ မိုးထက်အောင်၏ မျက်နှာကြီးသည် ရတ်ခြည်းဆိုသလို ဒေါသ အမျက် ချောင်းချောင်းထွက်နေသည်မှ ညှိုး ငယ်နွမ်းလျ သွားသည်။

သူ့ မျက်ဝန်းကြီးနှစ် ဘက်တွင် လည်း မျက်ရည်တွေ ရစ်ဝိုင်းလာသည်။

သူသည် သူ့ဦးခေါင်းကို လက်နှစ် ဘက်ဖြင့် ဖိညှပ်ကိုင်ပြီး ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

'ဒေါက်တာ. . .'

ဖြူသနပ်စင်သည် အကြင်နာလွှမ်းဖုံးသော မျက်လုံးများ ဖြင့် ဒေါက်တာ မိုးထက်အောင်ကို ကြည့်ပြီး သူ့လက်တစ်ဘက်ကို ဒေါက်တာမိုးထက်အောင်၏ ပခုံးပေါ်သို့တင်ကာ နှစ် သိမ့်မှု ပေးလိုက်မိသည်။

ဒေါက်တာ မိုးထက်အောင်သည် ဖြူသနပ်စင်၏ လက်ပေါ်တွင် သူ့လက်ကို ဖိအုပ်ရင်း ကိုင်လိုက်ပြီး. . .

'ဖြူသနပ်စင်ရယ်. . . တို့ အိမ်မက်ဆိုးကြီး မက်သလို ဖြစ်ပြီး စိတ်ဆင်းရဲနေခဲ့ရတာ သုံးလေး လ ရှိနေပြီ. . . တို့ အားလုံးကို မေ့ပစ်ချင်တယ်. . . တို့ ခံစားနေရတဲ့ ဝေဒနာတွေ ဆီကနေ လွတ် မြောက်ချင်တယ်. . . တို့ကို ကူညီပါ. . . ဖြူသနပ်စင်ရယ် တို့ကို ကူညီပါကွာ. . .'

'ဒေါက်တာရယ်. . . ဖြူသနပ် တတ်နိုင်တဲ့ဘက်က ကူညီဖို့ အဆင်သင့်ပါရှင်. . .'

ဒေါက်တာ မိုးထက်အောင်သည် ဖြူသနပ်စင်၏ လက်နုနုကလေးကို အားယူလေဟန်ဖြင့် တအား ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်သည်။

♥ ♥ ♥

## (၁၀)

'ဟင်. . . မ ဖြစ်ဘူး. . . မ ဖြစ်ဘူး. . .'

ဖြူသနပ်စင်က နှစ် ခြိုက်စွာ အိပ်မောကျနေပြီ ဖြစ်သော

ပြည့်ထက်အောင်ကလေး၏ ကိုယ်ပေါ်တွင် အနွေးထည်ကလေးကို ခြုံပေးရင် ကိုယ့်ကိုယ်ကိုယ် ပြောလိုက်မိသည်။

ပါးစပ်က နှစ် ဦးစလုံး ဖွင့်မပြောခဲ့ကြသေးပေမယ့် တစ်ဦးအပေါ် တစ်ဦး သာမန်ခင်တွယ် ခြင်းမျိုးထက် ပိုနေပြီဟု ဖြူသန့်စင် နားလည်လိုက်မိပြီ. . .။ သူက အိမ်ထောင်သည် တစ်ယောက် ။

မိမိက ဖူးဖူးစင်စင် အပျိုစင်ကလေး တစ်ယောက် . . .။

မငြိစွန်းရကောင်းမှန်း ဖြူသန့်စင် နားလည်ထားလိုက်မိသည်။

မိမိက ကိုယ့်ကိုယ်ကို ထိန်းကျောင်းချုပ်ထားနိုင်ရမယ်ဟုလည်း အခါခါ ဆုံးမနေမိ၏ ။

'ဖြူသန့်ရေ. . .'

'ဩော်. . . ကြီးကြီးခ. . . လာလေ. . .'

'ကလေး အိပ်သွားပြီလား. . .'

'ဟုတ်ကဲ့. . .'

'အေး. . . ကြီးကြီးခလဲ. . . ဒီသတင်းစာကိုဖတ်ပြီး ဒေါသထွက်လွန်းလို့ မောင်မိုးထက် ဓာတ်ခွဲခန်းထဲဆင်းသွားတာနဲ့ တက်လာခဲ့တာ. . .'

'ဘာသတင်းများ ပါလို့လဲ ကြီးကြီးခရဲ့ . . .'

ဖြူသန့်စင်က ဒေါ်ခကြီး၏ လက်မှ နေ့စဉ်ထွက် သတင်းစာတစ်စောင်ကို တစ်ချက်လှမ်း ကြည့်ပြီး မေးလိုက်သည်။

'ဒီမှာ ဖတ်ကြည့်စမ်းပါ တူမကြီးရယ် ဘာတွေ လဲလို့. . .'

ဖြူသန့်စင်က သတင်းစာကို လှမ်းယူပြီး ဒေါ်ခကြီး လက်ညှိုး ထိုးပြသည့် နေရာကို ကြည့် လိုက်သည်။

# ပြင်းထန်စွာ အရေး ယူမည်

ကျွန်ုပ်၏ အမှု သည် စတီရီယိုအဆိုကျော် ညီညီထွန်းနှင့် ပတ်သက်၍ ဒေါက်တာ မိုးထက်အောင်က သိက္ခာကျအောင်. . . ဂုဏ်သရေကျဆင်းအောင် ပြောကြားခြင်း. . . သတင်းလွှင့်ခြင်း များ ပြောဆိုနေကြခြင်းကို ရပ်တန်းက ရပ်ပါရန်နှင့် ဆက်လက်၍ ပုတ်ခတ် ပြောဆို သတင်းလွှင့် နေမည် ဆိုပါက တရားဥပဒေအရ ထိရောက်စွာ အရေး ယူရမည် ဖြစ် ကြောင်း သိစေအပ်ပါသည်။

ဦးသော်ဇင်

တရားဝန်ထမ်းအဆင့် (၁)

အမှတ် (......)

မဟာဗန္ဓုလလမ်း ပန်းခြံလမ်း

'ဟယ်. . . ဒုက္ခပဲ. . .'

မျက်နှာကလေး ညှိုး ငယ်စွာ ဖြင့် ဖြူဖြူသန့်စင်သည် သတင်းစားကို ခေါက်ရင်း ပြောလိုက် သည်။

'ဒီကောင်နာကလေး ကတော့ တရားကို လွန်လွန်းနေပြီ. . . ငပြုး ကများ ပြန်ပြုပြနေရတယ် လို့. . . ဒီသတင်းစာကို တွေ့ရင် မောင်မိုးထက်တော့. . . ယမ်းပုံမီးကျ ဖြစ်တော့မှာ ပဲ. . . စိတ်ညစ် တယ်. . . ကြီးကြီးခ သိပ်စိတ်ညစ်တယ်. . . ဖြူသန့်ရယ်. . . သွားပြု ရန် ဖြစ်နေမှဖြင့် ဒုက္ခ. . .'

'ဒါ. . . ညီညီထွန်းက ဒေါက်တာ့ကို သက်သက်သိက္ခာချတာပဲ. . .'

'အေးပေါ့. . . နာမည် ကြီးထည့်ပြီး ရေး ထာတာပဲ ကြည့်တော့. . . သူ့သဘောက ထင်ရှား နေပြီပဲ. . .'

ဖြူသန့်စင်သည် မျက်မှောင်ကလေး ကျုံ့ထားရင်းက ရင်ထဲတွင် ပူလောင်လာနေ၏ ။

အကယ်၍ များ ဒေါက်တာမိုးထက်အောင် တစ်ယောက် စိတ်လိုက်မာန်ပါ ညီညီထွန်းအား တစ်ခုခု သွားလုပ်လိုက်လျှင် ပြဿနာ တက်စရာတွေ ချည်းသာ ဖြစ်တော့မည် ။

တစ်ရက်ကလည်း နှစ် ရက်ကွဲမည် မှာ အမှန်. . .။

ဘာကြောင့် မှန်း ကိုယ့်ကိုယ်ကို ခွဲခြား၍ မသိ. . .။

သို့သော် . . . ဒေါက်တာ မိုးထက်အောင်အတွက် သူ ပူပင်သော က ရောက်ရသည် ကတော့ အမှန်. . .။

ဒေါက်တာ မိုးထက်အောင်ကို တိုး၍ စိတ်ထိခိုက် နစ်နာစေမည့် ကိစ္စများ မ ဖြစ်စေလိုသည့် စိတ်စေတနာတွေ က သူ့ရင်မှာ ပြည့်လျှံလာသည်။

ဘာဘာညာညာ ရှည်ရှည်ဝေးဝေးတွေ စဉ်းစားမနေတော့ပဲ အပေါ်ထပ် ပြန်တက်ခါနီး တွင် ကြော်ငြာပါသော သတင်းစာ အောက်ဘက်ခြမ်းကို ဆွဲဆုတ်ယူပြီး တက်ခဲ့သည်။

ဒေါက်တာ မိုးထက်အောင် မေးလျှင်လည်း သမီးလေး ပြည့်ထက်အောင် ဆုတ်ပစ်မိလိုက် သည်ပေါ့. . .။

ကလေးက ပြန်ပြောတတ်သေးသည့် အရွယ်မှ မဟုတ်ဘဲ. . .။

ဒေါ်ခကြီး ကတော့ သိမည် . . .။

သူ့စေတနာကို နားလည်သဘောပေါက်မည် ဟု ဖြူသန့်စင် လုံးဝယုံကြည်မိ၏ ။

♥ ♥ ♥

ဖြူသန့်စင်လည်း ဆုတ်ဖြဲယူလာသော သတင်းစာ အပိုင်းကလေးကို ခုတင်တိုင်တွင် ချိတ်ဆွဲထားသော သူ့ဆလင်းဘက်အိတ်ကလေးထဲသို့ သေချာစွာ ထည့်၍ ပိတ်ထားလိုက်သည်။

ညဘက် ထမင်းစားပြီးချိန်တွင် မနက်ဖြန် စနေနေ့မို့ သူ့ကို နံနက်ပိုင်း နားခွင့်တစ်ချိန်ပေး ပါရန် ဖြူသန့်စင်က ဒေါက်တာမိုးထက်အောင်ကို ပြောလိုက်သည်။

ဒေါက်တာ မိုးထက်အောင်သည် ဘာတစ်ခွန်းမျှမမေးဘဲ ရှောရှောရှူရှူပင် ခွင့်ပြု လိုက် သည်။

'ဘယ်သွားမလို့လဲ ကလေးရဲ့. . . မြို့ ထဲလား. . .'

ကြီးကြီးခ ကတော့ မေးသည်။

'ဟုတ်ကဲ့. . . ဖြူသန့် သူငယ်ချင်းကို ဘယ်ရောက်နေတယ်တော့ လုံးလုံးသတင်းမပေးခဲ့ရ သေးလို့. . . သွားတွေ ့မလို့ပါ ကြီးကြီးခ. . .'

'အေးလေ. . . ဒါဖြင့် လဲ သွားပေါ့. . .'

'ကြီးကြီးခ ပင်ပန်းနေမလား မသိဘူးနော်. . .'

'ရပါတယ်ကွာ. . . သမီးလေးကို တို့ကြည့်ပေးလိုက်မယ်. . . မင်း နေ့ဝင်ပဲ သွားမှာ မဟုတ်လား. . .'

ဒေါက်တာမိုးထက်အောင်က တစ်ခွန်းဝင်မေးလိုက်ပြီး သူ့လက်ထဲက စာအုပ်ကို ဆက်ဖတ် နေလိုက်သည်။

'ဟုတ်ကဲ့. . .'

သို့သော်. . .

လှန်ထားသော စာမျက်နှာပေါ်တွင် မျက်စိကရောက်နေသော်လည်း အာရုံစူးစိုက်မှု ကတော့ ဖြူသန့်စင်ဆီသို့ ရောက်ရှိနေသည်။

ဖြူသန့်စင်နှင့် ပတ်သက်၍ သူ့ရင်ထဲတွင် စိုးရိမ်စိတ်တွေ တစ်ပြုံတစ်မကြီး ဝင်လာသည်။

ရင်တွင် တင်းကျပ်၍ . . .

အသက်ရှူများ ပင် မဝချင်တော့. . .။

သည်ကောင်မလေးကို ခဏတဖြုတ်ကလေးတောင်မှ မျက်စိအောက်က ပျောက်မသွား စေ ချင်စိတ်များ သူ့ကို သည်းသည်းထန်ထန် စိုးမိုးနေလေပြီကော. . .။

'ဟား. . . ဒုက္ခပဲ. . . ဒီလို ငါ မ ဖြစ်သင့်ဘူး. . . မ ဖြစ်သင့်ဘူး. . . ဒီကလေးမလေးနဲ့ ပတ်သက်လို့ ငါ့ စိတ်ဓာတ်ဟာ အဖြူရောင် သန့်သန့်သက်သက်ပဲ ရှိရမယ်. . . မိုးထက် မင်း စိတ်ကို မင်း ထိန်းနိုင်အောင် ထိန်းရမယ်. . . ဟုတ်တယ် နိုင်အောင် ထိန်းရမယ်. . .'

ထူထဲနက်မှော င်နေသည့် မျက်ခုံးကြီးနှစ် ဘက် ကျုံ့ဝင်သွားသည်အထိ ဒေါက်တာမိုးထက် အောင်သည် သူ့စိတ်ကို သူ ထိန်းချုပ်နေလိုက်သည်။

'ကဲ. . . သမီးလေး. . . သွားအိပ်ကြရအောင်. . . ဖေကြီးကို နှုတ်ဆက်လိုက်. . .'

ပြည့်ထက်အောင်ကလေးသည် ဖြူသန့်စင်၏ ကိုယ်ပေါ်မှ ဖခင်ဘက်သို့ ကိုယ်ကလေး ယိုင် ချကာ မော့လာသော ဖခင်၏ ပါးကို နမ်းလိုက်သည်။

'အား. . . ဖွ. . .'

ပါးစပ်ကလည်း နမ်းရင်း ချစ်စဖွယ်အသံကလေးပြုလိုက်သည်။

သမီးကလေး၏ အနမ်းသည် ဒေါက်တာမိုးထက်အောင်၏ ရင်ကို ငြိမ်းချမ်းသွားစေသည်။

ကြည်နူးနှစ် သိမ့်သွားမိစိတ်များ လည်း သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံ သွားတော့သည်။

'ကျေးဇူးပဲ ဖြူသန့်စင်. . .'

နက်ရှိုင်းတောက်ပသော မျက်လုံးများ ဖြင့် ဖြူသန့်စင်ကို ကြည့်ပြီး ဒေါက်တာမိုးထက် အောင်က ပြောလိုက်သည်။

ဖြူသန့်စင်က ဦးခေါင်းကလေးကို ပြုံး တုံ့တုံ့ အမူအရာကလေးဖြင့် ဆတ်ခနဲညိတ်ပြပြီး နေရာမှလှည့်ကာ လှေကားကြီးဆီသို့ လျှောက်သွားတော့သည်။

'သမီးလေးက ဖြူသန့်စင် လက်ထဲမှာ လိမ္မာလာတယ်နော်. . . ကြီးကြီးခ. . . သတိထား မိလား ဟင်. . .'

'သတိထားမိပါတယ် မောင်မိုးထက်. . . လိမ္မာယဉ်ကျေးတဲ့လူလက်ထဲရောက်ရင်. . . လိမ္မာယဉ်ကျေးတဲ့ ကလေး ဖြစ်လာမှာ ပေါ့ကွယ်. . . ဖြူသန့်စင်ကလေး ကတော့ လူကလေးငယ် သလောက် အနေအထိုင် အပြောအဆိုကအစ ဘာမှပြောစရာမရှိတဲ့ ကလေးမလေးပဲ. . . ကြီးကြီးတို့ သူ့ကို ရလိုက်တာ သိပ် ကံကောင်းတယ်. . .'

ဒေါ်ခကြီးက ဖြူသန့်စင်ကို ချီးမွမ်းမဆုံး ဖြစ်သွားသည်။

'ဟုတ်ပါတယ်လေ. . . သမီးလေး ပြည့်ပြည့်အတွက်တော့ ဖြူသန့်စင်ဟာ အကောင်းဆုံး အုပ်ထိန်းသူ တစ်ယောက် ပါပဲ. . . သမီးလေးနဲ့ နှစ် ရှည်လများ အတူနေနိုင်ပါစေလို့ပဲ တို့ ဆန္ဒပြုပါ တယ်. . .'

ဒေါက်တာမိုးထက်အောင်လည်း လက်ထဲတွင် ဆေးစာအုပ်ကြီးကိုကိုင်ကာ ရင်ထဲတွင် တီးတိုးစကားတွေ ဖြေဆိုနေမိပေ၏ ။

♥ ♥ ♥

(၁၁)

ဖြူသန့်စင်သည် ပြည့်ထက်အောင်ကလေးကို ကိုယ်လက် မျက်နှာ သန့်စင်ပေးပြီး နံနက် စောစောစာကို ကျွေးမွေးလိုက်သည်။

'တီတီဖူ. . . လှလှ. . .'

အပြင်ထွက်ရန် အသင့်ပြင်ဆင်ထားသော ဖြူသန့်စင်၏ ထဘီ အင်္ကျီစသည်တို့ကို သူ့ လက်ကလေးဖြင့် ကိုင်ကြည့်ရင်း ပြည့်ထက်အောင်ကလေးက သဘောကျနေပုံရသည်။

'မီးမီး. . . အင်္ကျီကလေးကလဲ လှတာပဲ. . . ကဲ ကဲ. . . ဒါလေးကုန်အောင် စားလိုက်ပါ. . . ပါးစပ်သုတ်ရအောင်. . . အဟင်း. . . ပြည့်ပြည့်က သိပ်လိမ္မာတာပဲ. . . တီတီဖြူ ပြန်လာရင် မုန့်မုန့်တွေ ဝယ်ခဲ့မယ်နော်. . .'

'ချီချီ. . . သွားမယ်နော်. . .'

'အေး. . . အေး. . . ဒါဆိုရင် သကြားလုံးလေးတွေ ဝယ်လာခဲ့မယ်. . . ကောင်းကောင်းနေ နော်. . . ဖေကြီးတို့. . . ကြီးကြီးခတို့ကို ဒုက္ခမပေးနဲ့. . .'

'အွန်း. . .'

'သိပ် လိမ္မာတဲ့ ကလေးလေး. . . ဒါကြောင့် တီတီဖြူက သိပ်ချစ်ရတာ . . .ရွှတ်. . . ရွှတ်. .'

ဖြူသန့်စင်သည် မို့မို့ဖောင်းဖောင်းရှိလှသော ကလေး၏ ပါးကလေးနှစ် ဘက်ကို တအား ဖိနမ်းပစ်လိုက်မိသည်။

'ခစ်. . . ခစ်. . . ခစ်. . .'

သဘောကျ၍ ကလေးက တခစ်ခစ်မနှင့် ရယ်မဆုံး. . .။

ဖြူသန့်စင်လည်း အသင့်ထားသော ဆလင်းဘက်ကလေးကို လွယ်လိုက်ပြီး ပြည့်ထက် အောင်ကို ချီလိုက်သည်။

'လာ. . . အောက်ထပ်ကို သွားကြစို့. . .'

အောက်ထပ်. . . ဧည့်ခန်းထဲတွင် ဒေါက်တာ မိုးထက်အောင်သည် ဘီးပြုတ်သွားသော ပြည့်ထက်အောင်ကလေး၏ လက်တွန်းလှည်းကို ပြင်ဆင်နေသည်ကို ဖြူသန့်စင် လှေကားပေါ်မှ ဆင်းရင်း မြင်တွေ့လိုက်ရသည်။

'ဖေကြီး. . .'

ပြည့်ထက်အောင်ကလေးကပါ အဖကို တွေ့မြင်သွားပြီးခေါ်လိုက်သည်။

ဒေါက်တာမိုးထက်အောင်သည် လှေကားဆီသို့ ချက်ချင်း မော်ကြည့်လိုက်သည်။

မာကျောခြင်း. . .။

ခက်ထက်ခြင်း. . .။

ဒေါက်သကြီးခြင်း အရိပ်အငွေး လုံးဝဥဿုံ ကင်းရှင်းနေသော ဒေါက်တာ မိုးထက်အောင်၏ မျက်နှာသည် ကြည်လင်၍ အလွန်ပင် ကြည့်ကောင်းနေ၏ ။

ရွှန်းတောက်ပုံ ထူးခြားနေသော သူ့မျက်လုံးတစ်စုံကလည်း ဖြူသန့်စင်နှင့် သမီးကလေး ပြည့်ထက်အောင်ကို မျက်တောင်မခတ်ဘဲ ကြည့်နေသည်။

သူ့မျက်ဝန်းအစုံကို မကြည့်ဝံ့လှဟန်ဖြင့် ဖြူသန့်စင်လည်း မျက်လွှာကလေး ချပစ်ကာ လှေ ကားထစ်များ ကို ဂရုစိုက်၍ နင်းလာခဲ့သည်။

'ဟော. . . သမီးလေးတို့ ဆင်းလာပြီကိုး. . . ခုပဲ ကြီးကြီးခက အပေါ်တက်ခေါ်မလို့. . .'

'ခခ. . . တီတီဖူ လှလှ. . . တီတီဖူ လှလှ. . .'

ကလေးက ဖြူသန့်စင်၏ မျက်နှာကလေးကို ကိုင်ပြလိုက် အင်္ကျီကလေးကို ကိုင်ပြလိုက်နှင့် ဒေါ်ခကြီးကို ပြောလိုက်သည်။

'အေး. . . ဟုတ်တယ်. . . ဟုတ်တယ်. . . သမီး တီတီဖြူလဲ လှတာပဲ. . . ဟောဒီက

သမီးကလေးလဲ သိပ်လှတာပဲ. . . ကဲလာ လာ. . . တီတီဖြူသွားဖို့ နောက်ကျနေလိမ့်မယ်. . .’

ကလေးက လိမ္မာစွာ ဖြင့် သူ့ကိုယ်ကလေးကို ဒေါ်ခကြီးဘက်သို့ ထိုးချလိုက်သည်။

‘ဟယ်. . . ကြည့်စမ်း. . . ငါ့မြေးကလေးက သိပ်လိမ္မာနေလိုက်တာ လွန်ရော. . . အဟင်း ဟင်း. . .’

‘ဖြူသန့် သွားမယ် ကြီးကြီးခ. . .’

‘အေး. . . အေး. . . စိတ်ချသွား. . . ငါ့မြေးကလေးက သိပ်လိမ္မာနေပြီ. . .’

ဖြူသန့်စင်သည် ဒေါက်တာ မိုးထက်အောင်ဘက်သို့ မျက်လုံးတစ်ချက်ဝေ့ခနဲကြည့်ပြီး ဧည့်ခန်းတွင်းမှ လျင်မြန်စွာ ထွက်လိုက်သည်။

ဒေါက်တာ မိုးထက်အောင်၏ သူ့အပေါ် စူးစူးနစ်နစ် ကြည့်ရှုနေသော မျက်လုံးအစုံတွင် ရွှန်း တောက်မှု တွေ ကင်း၍ မှဲ့မှိန်နေ၏ ။

‘ဟင်း. . . ဒေါက်တာမိုးထက်အောင်ဟာ စိတ္တဇသမား တစ်ယောက် လိုကို ဖြစ်နေတာပဲ. . . ပြည့်ပြည့်ကလေးကို ငါ ချစ်တယ်. . . ဒေါက်တာမိုးထက်အောင်ကိုလဲ သနားမိတယ်. . . သူတို့ သားအဖဘဝမှာ အနှောင့်အယှက် အပူအပင် ကင်းပြီး သာယာချမ်းမြေ့တာကို ငါ မြင်ချင်တယ်. . . ငါ့စေတနာတွေ သာ ဝေဒနာ မ ဖြစ်လာပါစေနဲ့ ဆုတောင်းပါတယ် ဟင်း. . .’

ဖြူသန့်စင်သည် မြကြာရုံ ခြံကြီးထဲက လှမ်းထွက်ရင်း ကျိတ်၍ ဆုတောင်းလိုက်မိသည်။

♥ ♥ ♥

ဒေါ်ခသည် ခြံဝင်းထဲက ထွက်သွားနေသော ဖြူသန့်စင်ကို ပြတင်းပေါက်မှ

မျက်စိတစ်ဆုံး ကြည့်နေပြီးမှ တူ ဖြစ်သူထံသို့ လှမ်းကြည့်လိုက်သည်။

ဒေါက်တာ မိုးထက်အောင်သည် မှဆိုးဒူးထောက်ထိုင်ပြီး လှည်းဘီးကလေးကိုကိုင်ကာ ငိုင်တွေ နေသည်ကို တွေ့လိုက်ရသည်။

'သူ့သူငယ်ချင်းမဆိုတာက ဘယ်မှာ နေတယ် မသိဘူး. . .'

မိုးထက်အောင်က အဒေါ် ဖြစ်သူ၏ မျက်နှာကို ဖျတ်ခနဲမော့ကြည့်လာသည်။

'ကြီးကြီးခ မေးမကြည့်ဘူးလားဗျာ ဟင်. . .'

'စပ်စုတယ် ထင်မှာ စိုးလို့ကွယ် မမေးမိဘူး. . .'

'အင်း. . . ဟုတ်တော့ဟုတ်ပါတယ်လေ. . . ဒါ သူ့ကိုယ်ရေး ကိုယ်တာကိစ္စပဲ ဥစ္စာ. . . တကယ်တော့ သူဟာ ပြည့်ပြည့်အတွက် အကူလူ တစ်ယောက် သက်သက်ပဲ. . . သူ့အကြောင်း ကျွန်တော် တို့ သိစရာမလိုပါဘူး. . .'

'သြော်. . . ဒါ ကတော့ ဒါပေါ့ကွယ်. . . ကိုယ်က သံယောဇဉ်တွယ်တော့လဲ. . . တောင်တွေး မြောက်တွေးပြီး ပူမိလာတာပါ. . . ဖြူသန့်စင်ကလေးက အရွယ်ကလေး နုနုငယ်ငယ် နဲ့ ရုပ်ရည်ကလေးကလဲ လှလှပပလေး မဟုတ်လား. . .'

'ဟုတ်လိုက်လေ. . . ကြီးကြီးခရယ် ဟုတ်လိုက်လေ. . . သူ ကျွန်တော့် မျက်စိအောက်က ပျောက်သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်ရင်ထဲမှာ လဲ ပူလောင်လာစိတ်တွေ က ငရဲတမျှပါပဲဗျာ. . တကယ့်ကို ငရဲတမျှပါပဲ. . .'

ဒေါက်တာ မိုးထက်အောင်က လှည်းဘီးကလေးကို လှည်းဝင်ရိုးတွင် ပြန်စွပ်ရင်း တီးတိုး ပြောဆိုနေလိုက်မိ၏ ။

'ဒီလို မိန်းကလေးမျိုးနဲ့သာ မင်းဘဝ အခြေကျတာဆိုရင် မင်းတို့ အိမ်ထောင်ရေး လဲ သာယာမယ်. . . ရလာတဲ့ ကလေးဘဝလဲ ပြည့်စုံမယ်. . . ခုတော့. . .'

'ဒါ. . . ကျွန်တော့် ဖန်တီးမှု လား. . . ကြီးကြီးခရာ. . . အို. . . ဒီလိုအခြေအနေမျိုးတွေ ပြည့်ပြည့်နဲ့ ကျွန်တော် ရောက်နေရတာ ဘယ်က မြစ်ဖျားခံလာတယ်ဆိုတာ ကြီးကြီးခ

အသိဆုံးပဲ’

ဒေါက်တာ မိုးထက်အောင်သည် ဆတ်ခနဲ ထရပ်လိုက်ပြီး လက်သီးနှစ် ဘက်ကို တင်းကျပ် စွာ ဆုပ်ကာ မျက်နှာကိုမော့. . . မျက်စိကို တင်းကျပ်စွာ မှိတ်၍ အသက်ကို ပြင်းစွာ ရှူ ရှိုက်နေ၏ ။

ဒေါ်ခလည်း တူ ဖြစ်သူကို ကြည့်ပြီး မျက်ရည်တွေ ဝဲခနဲ ဖြစ်လာသည်။ သူ မသိရိုးလား. . .။

မမကြီး မထက်မြက်၏ မြေပုံကိုသာ ပုတ်ပြီး အ ဖြစ်အပျက်တွေ ကို ပြလိုက်ချင်ပါ၏ ။

တကယ်တော့ သားအပေါ်တွင် တစ်ယူသန် တစ်ဇွတ်ထိုးပြုခဲ့သော မမကြီး မထက်မြက်၏ လုပ်ရပ်များ ကြောင့် သူ့ တူကလေး သူ့မျက်စိအောက်တွင် အိမ်ထောင်မှု ဒုက္ခလှလှကြီး ရောက်နေ ရသည်ကို သူသာလျှင် အသိဆုံးမဟုတ်ပါလား. . .။

‘ဟား. . . ပြီးခဲ့တာတွေ လဲ ပြီးခဲ့ပါပြီဗျာ. . . တစ်ကနေ ဘဝကို ပြန်စလို့မှ မရတော့တာပဲ ဖြစ်လာသမျှ ကိစ္စမှန်သမျှ ခါးစည်းခံရုံပဲ. . . ကျွန်တော် သနားတာ သမီးလေးကိုပါ. . . အပြစ်မဲ့တဲ့ သမီးလေးကိုပါ. . .’

ဒေါက်တာ မိုးထက်အောင်၏ အသံသည် ငိုသံပါကြီး ဖြစ်၍ နေ၏ ။

ဒေါ်ခလည်း မျက်ဝန်းနှစ် ဘက်မှ မျက်ရည်များ သွယ်ကျလာပြီမို့ ပြည့်ထက်အောင်ကလေး ၏ ကျောကိုဖက်ကာ မီးဖိုဆောင်ဘက်သို့ လျင်မြန်စွာ ထွက်ခဲ့တော့သည်။

ဒေါက်တာမိုးထက်အောင်သည် သူ့စိတ်ကို သူ လျှော့လိုက်ပြီး ပြင်ဆင်မှု မပြီးဆုံးသေး သော သမီးငယ်ကလေး၏ လက်တွန်းလှည်းကလေးကို ဆက်၍ ပြင်ဆင်နေလိုက်သည်။

တစ်ချိန်လုံးပဲ သူ့ကို ဖြူသန့်စင် စိုးမိုးနေသည်။

မြကြာရုံကို ဘေးမသိ ရန်မခဘဲ အမြန်ဆုံး ပြန်ရောက်လာပါစေဟု ဒေါက်တာ မိုးထက် အောင် ဆုတောင်းနေလိုက်မိသည်။

♥♥♥

## (၁၂)

ဖြူသန့်စင်သည် ကိုယ့်ကိုယ်ကိုယ် လူစွမ်းကောင်းလုပ်၍ ထွက်လာပြီးမှ စိုးထိတ်စိတ်တွေ သူ့တစ်ကိုယ်လုံး လွှမ်းမိုး၍ လာနေ၏ ။

'ချို' တေးသံသွင်း အဆောက်အအုံ၏ လှေကားပေါ်သို့ လှမ်းတက်လိုက်သော သူ့ခြေ ထောက်များ သည် တုန်၍ နေသည်။

အဆောက်အအုံအတွင်း းသို့ ရောက်လျှင် ကောင်တာတွင် ရှိနေသော ဖြူ သန့်စင်နှင့် သက်တူရွယ်တူ ယောက်ျားလေး သုံးယောက် ကို တွေ့ လိုက်ရသည်။

သူတို့တွေ သုံးယောက် စလုံး၏ မျက်လုံးများ ကား ဆံပင်တိုတိုနှင့် နားတွင် ရွှေနားကွင်းကြီး ချိတ်ဆွဲထားပြီး နှုတ်ခမ်းလှလှကလေး တစ်ခုတည်းကိုသာ စတော် ဗယ်ရီရောင် ဆိုးထားသည့် သိပ်လှနေသည့် မိန်းကလေးကို မျက်လုံးများ ပြူတ်ကျလုမတတ် ကြည့်နေသည်။

'အောင်မလေးဟဲ့. . . လူကိုများ ကြည့်နေလိုက်ကြတာ. . . ကြောက်စရာတောင် ကောင်းသေးတော့. . .'

ဖြူသန့်စင်သည် ရင်တုန်စိတ်ကို ကျိတ်မှိတ်ထိန်းချုပ်ရင်း. . .

'အဟွန်း. . . ဟို. . . တစ်ခုလောက် စုံစမ်းချင်လို့ပါ. . .'

'ဟုတ်. . . ဟုတ်ကဲ့. . . စတီရီယို အဆိုကျော် လုပ်ချင်လို့လား ခင်ဗျာ. . .'

'ဗွီဒီယို မင်းသမီးလုပ်ဖို့ နေမှာ ပါ ဖိုးသက်ရာ. . .'

'အို. . . ရှင်တို့ပြောတာ တစ်ခုမှ မဟုတ်ဘူး. . . ကျွန်မ စတီရီယို အဆိုကျော် တစ်ယောက် ရဲ့ လိပ်စာကို စုံစမ်းချင်လို့. . .'

'အာ. . . ဟုတ်လား. . . ဘယ်သူများ ပါလိမ့်. . .'

'ညီညီထွန်း. . .'

တွန့်ခနဲ ဖြစ်သွားပြီး သူ့ဘေးကလူ၏ မျက်နှာကို ကြည့်လိုက်သည်။

'ဘာလဲ မသိဘူးလား ဟင်. . .'

'သိတယ်. . .'

'ရှင်. . . သိတယ် ဟုတ်လား. . .'

'ဟုတ်ပါတယ်. . .'

'ဒါဆို ကျွန်မ သိပါရစေ. . . အရေး ကြီးနေလို့ပါ. . .'

'အရေး ကြီးနေတယ်ဆိုရင် ခေါ်ပေးမယ်လေ. . . ဘယ်သူတွေ ့ချင်တယ်ပြောပေးရမလဲ'

'မြကြာရုံက ဖြူသန့်စင်လို့ ပြောလိုက်ပါ. . .'

'ဟေ့ကောင် ချိုကြီး. . . ဖုန်းဆက်ခေါ်လိုက်ကွာ. . . အဲ. . . မဖြူသန့်စင် ထိုင်ပါဦး. . .'

'အိုကေ. . .'

ချိုကြီးဆိုသူက ကောင်တာကို ဘုတ်ခနဲ လက်ဖြင့် တစ်ချက်ပုတ်လိုက်ပြီး မှန်ခန်းကလေးထဲသို့ ဝင်သွားကာ ဖုန်းဆက်နေသည်ကို ဖြူသန့်စင် တွေ ့လိုက်ရသည်။

'ထိုင်ပါဦးလား. . .'

'ဟုတ်ကဲ့. . .'

ဖြူသန့်စင်သည် ထိုင်ခုံအလွတ်ကလေး တစ်ခုတွင် သွား၍ ဣန္ဒြေရရ ထိုင်နေလိုက်သည်။

ခုနက လူရွယ်သုံးယောက် သည် ဖြူသန့်စင်ကို ကွက်ကြည့် ကွက်ကြည့် လုပ်လိုက် တစ်ယောက် ကို တစ်ယောက် စကားပြောလိုက်နှင့် ဘာတွေ ဖြစ်နေသည်ကိုတော့ ဖြူသန့်စင် မသိရပါ. . .။

ဘာပဲ ဖြစ် ဖြစ် တစ်နေ့ကုန် မရှာရဘဲ ညီညီထွန်းနှင့် တွေ့ရမည် ဖြစ်၍ စိုးရွံ့စိတ်တွေ ကြားက ဝမ်းသာမှု ကလေးတစ်ရပ် ဖြစ်သွားရ၏ ။

ချိုကြီးဆိုသူသည် ဖုန်းပြန်ချပြီး ဖြူသန့်စင်ရှိရာသို့ ထွက်လာသည်။

'ကိုညီ ခုပဲ ရောက်လာမယ်တဲ့. . .'

'ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်. . .'

ဖြူသန့်စင်သည် ဣန္ဒြေရရကလေး ပြောလိုက်သည်။

ချိုကြီးသည် အပြင်သို့ ထွက်သွားပြီး ပြန်ဝင်လာသည့်အခါတွင် တော့ လက်ထဲတွင် လက်ဖက်ရေ တခွက်နှင့် မုန့်တစ်ပန်းကန် ပါလာသည်။

'အို. . . ဒုက္ခ ရှာလို့ရှင်. . .'

'အာ. . . ဒုက္ခမဟုတ်ပါဘူး. . . ကိုညီ့ရဲ့ ဧည့်သည်ဆိုရင် ဧည့်ဝတ်ပြုဖို့ ကျွန်တော် တို့မှာ တာဝန်ရှိနေလို့ပါ. . . သုံးဆောင်ပါ. . .'

ဖော်မိုက်ကာ စားပွဲပုကလေးတစ်လုံးကို ဖြူသန့်စင်၏ ရှေ့သို့ ရွှေ့ပြီး စားသောက်ဖွယ်ရာ များ ကို ချိုကြီးက တင်ပေးလာ၏ ။

'ကျေးဇူးတင်ပါတယ်. . .'

ကျေးဇူးတင်စကားသာပြောပြီး မုန့်နှင့် လက်ဖက်ရည်ကို ဖြူသန့်စင်သည်

လုံးဝမတို့ဘဲ နေလိုက်သည်။

အချိန် ဆယ့်ငါးမိနစ်အတွင်း ‘ချို’ တေးသံသွင်းအဆောက်အအုံရှေ့သို့ အမိုးဖွင့်ကား ကလေးတစ်စီး ဆောင့်ခနဲ ရပ်တန့်သွားသည်ကို ဖြူသန့်စင် လှမ်းတွေ့လိုက်ရသည်။

သူလာချေပြီ. . .

ငြိမ်စပြုနေသော ရင်မှာ ပြန်လည်၍ ပြင်းထန်စွာ လှုပ်ရှားလာပြန်သည်။

ဣန္ဒြေမပျက်စေရန် ဖြူသန့်စင်သည် သူ့စိတ်ကို ကြိုးစား၍ ထိန်းချုပ်ထားလိုက်သည်။

‘ဟေး. . . ထင်သားပဲ. . . မင်းပဲ ဖြစ်မယ်ဆိုတာ. . .’

ရယ်မြူးသော မျက်နှာဖြင့် ဖြူသန့်စင်ထံသို့ သွက်လျက်စွာ လျှောက်လာရင်း ညီညီထွန်းက ပြောလိုက်သည်။

ဆိုင်ထဲက မောင်ရင် သုံးယောက် သူတို့နှစ် ဦးထံ အကဲခတ်သော မျက်လုံးများဖြင့် လှမ်း ကြည့်နေသည်ကို ဖြူသန့်စင်က မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သဖြင့် သူတို့ကို တွေ့လိုက်ရ၏ ။

‘ဆိုပါဦး. . . ကိုယ့်ကို မင်း တွေ့ချင်တာ. . . အဆိုတော် လုပ်ချင်လို့လား. . .’

ဖြူသန့်စင်၏ ရှေ့သို့ ထိုင်ခုံကလေးတစ်လုံးကို ဆွဲယူ၍ မြူး မြူး ကြွကြွ အမူအရာဖြင့် ထိုင်ချရင်း ညီညီထွန်းက မေးလိုက်သည်။

သူ့မျက်နှာ မြူးရွှင်နေသည်ကဲ့သို့ သူ့မျက်လုံးအစုံကလည်း အားရကျေနပ်မှု တွေဖြင့်ရွှန်းလဲ့ တောက်ပနေ၏ ။

‘တို့. . . မြကြာရုံက အပြန်မှာ တစ်လမ်းလုံး စဉ်းစားလာမိခဲ့တယ်. . . မင်းကို ကိုယ်တို့ဝိုင်း မှာ စင်တင်လိုက်ရရင် ထိပ်တန်းရောက်သွားမှာ ပဲလို့. . .’

'ဖြူသန့် ဒီကိုလာတာ အဆိုတော် လုပ်ဖို့ မဟုတ်ဘူးရှင့်. . .'

အတည်ငြိမ်ဆုံး မျက်နှာဖြင့် သူက ပြောလိုက်သည်။

'အွန်. . .'

ညီညီထွန်း၏ မျက်ခုံထူထူထဲထဲကြီး နှစ် ဘက်ကျုံ့သွားသည်။

'ဒါဖြင့် လာရင်း ကိစ္စက. . .'

အပြုံး ပျောက်၍ စူးစမ်းမှု တွေ အပြည့်သက်ရောက်နေသော မျက်လုံးများ ဖြင့် ညီညီထွန်း သည် ဖြူသန့်စင်၏ မျက်နှာကို ကြည့်နေသည်။

'မြကြာရုံက ဒေါက်တာမိုးထက်အောင်ရဲ့ ကိစ္စအတွက် လာတာပါ. . . ဒီမှာ စကားလွတ် လွတ်လပ်လပ် ပြောနိုင်သလား. . .'

ဘေးဘီကို မျက်လုံးကလေး ဝေ့ကြည့်ရင်း ဖြူသန့်စင်က တိုးညင်းစွာ မေးလိုက်သည်။

'မင်း. . . သီးသန့်ပြောချင်တယ်ဆိုရင်တော့ လိုက်ခဲ့. . .'

ညီညီထွန်းသည် ဆတ်ခနဲ ထိုင်ရာမှထကာ မှန်အခန်းဆီသို့ ထလျှောက်သွားသည်။

ဖြူသန့်စင်လည်း ပေါင်ပေါ်တွင် ချထားသော ဆလင်းဘက်အိတ်ကလေးကို လွယ်၍ ထိုင်ရာမှ ထကာ ညီညီထွန်းနောက်သို့ လိုက်ခဲ့သည်။

ညီညီထွန်းက သူ့အတွက် မှန်ခန်းတံခါးကို ဖွင့်ပေးထားနေသည်။

ဖြူသန့်စင် အထဲရောက်တော့မှ တံခါးကို သူကအတွင်း းမှ ခလုတ်ချပိတ်လိုက်သည်။

'ကဲ. . . ထိုင်. . . မင်း ပြောချင်တာတွေ လွတ်လွတ်လပ်လပ်ပြောနိုင်ပြီ. . .'

သူ ကိုယ်တိုင် ကတော့ စားပွဲတစ်ခု၏ အစွန်းတွင် ထိုင်လိုက်သည်။

'မနေ့က သတင်းစာထဲမှာ ရှင် ထည့်လိုက်တဲ့ ကြော်ငြာက ဒေါက်တာမိုးထက်အောင်ရဲ့ နာမည် နဲ့ ဂုဏ်သိက္ခာကို ထိခိုက်လွန်းရာကျပါတယ် . . . ဒီလို . . .'

'ဟား . . . အမိလေး ကိုယ်နဲ့ ဒေါက်တာမိုးထက်အောင်ဆိုတဲ့ လူ့ခွစာနဲ့ ဘယ်လိုအကြောင်း ကိစ္စတွေ ရှိခဲ့ဖူးသလဲဆိုတာ မင်း ဂဃနဏ မသိသေးဘူးထင်တယ် . . . ကိုယ်က ခုမှ သူ့လုပ်ရပ် တွေ ကို မခံနိုင်လွန်းလို့ ကြော်ငြာထည့်လိုက်ရတာ . . . ဒီလူကြီး ကိုယ့်ကို တစ်ဖတ်သတ် စော်ကား မော်ကားလုပ်နေတာ ကြာပြီကွ . . . တို့ ကတော့ သူ့ မိန်းမကို အစဖျောက်ပြီး ကိုယ့်အပေါ် အပြစ် ပုံချနေတယ်လို့ ကျိန်းသေပေါက် တွက်ထားတယ် . . .'

ဖြူသန့်စင်သည် သူ့ကို စူးစူးရဲရဲ ကြည့်ကာ ဒေါမာန်ပါပါ ပြောလိုက်သော ညီညီထွန်း၏ စကားများ ကြောင့် ကိုယ်လုံးကလေး တွန့်ခနဲတစ်ချက် ဖြစ်သွားမိ၏ ။

'အို . . . မဟုတ်ပါဘူး . . . သူလဲ နာမည် တစ်လုံးနဲ့ နေတဲ့လူ တစ်ယောက် . . . ရှင်လဲ နာမည် တစ်လုံးနဲ့ လုပ်စားနေတဲ့လူ တစ်ယောက် ဆိုတော့ တစ်ယောက် သိက္ခာ တစ်ယောက် ငဲ့ကွက် ထောက်ထားပြီး မ ဖြစ်သင့်တာတွေ မ ဖြစ်ရအောင် ဖြူသန့်က ကြားဝင်ဖျန်ဖြေပေးမလို့ပါ . . .'

'ဟား . . . အကြောင်းမသိဘဲ ကြားဝင်ရင် မင်းအခက်တွေ ့သွားမှာ ပေ့ါ မိန်းကလေးရဲ့ . . . ဒီလူကြီးအကြောင်း မင်း . . . အပေါ်ယံကြော သိရရုံနဲ့တော့ သူ့အပေါ် သဒ္ဒါလွန်ကဲမယ်လို့ မစဉ်းစားနဲ့ မင်း ဒုက္ခကောင်းကောင်း ရောက်သွားနိုင်တယ် . . .'

'ရှင် ကတော့ သူ့အကြောင်း အတွင် းကျကျ သိနေပါတယ်လို့ ဆိုလိုတာလား . . .'

'မင်းထက်တော့ သိတယ် မိန်းကလေး . . . မင်းထက်တော့ သိတယ် . . . သီရိနဲ့ ကိုယ် ခင်မင်ကြတယ်ဆိုတာ ဟုတ်တယ် . . . မှန်တယ် . . . ကိုယ် မငြင်းဘူး . . . ဒါပေမယ့် သူ ထင်သလို သီရိကို ကိုယ် ခိုးပြေးပြီး ဖျောက်ဖျက်ထားတယ်လို့ စွပ်စွဲနေတာကိုတော့ ကိုယ် လုံးဝ ငြင်းတယ် . .

ဖျောက်ဖျက်ခြင်း ဖျောက်ဖျက် သူပဲ ဖျောက်ဖျက်မှာ . . . သူက သီရိနဲ့ပတ်သက်ပြီး

ဝန်တို စိတ်တွေ တအားကြီးနေတဲ့ လူ. . . သူ့ မိန်းမလဲ သူ မနိုင် ဖြစ်နေတဲ့ လူ. . . ပြီးတော့ ထစ်ခနဲဆို ဟုန်းခနဲ ဒေါသကြီးတတ်တဲ့ သူ. . . မင်း စဉ်းစားကြည့်လေ. . . သီရိကို ရန်ပြုနိုင်တာ ကိုယ် ဖြစ်မလား. . . သူ ဖြစ်မလားလို့. . .'

ဖြူသန့်စင်လည်း လက်ကိုင်အိတ်ကြိုး ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ငိုင်ကျသွား သည်။

ထစ်ခနဲဆိုလျှင် ဟုန်းခနဲ ဒေါသထွက်တတ်သော ဒေါက်တာမိုးထက်အောင်၏ အပြုအမူကို သူ ကိုယ်တိုင်တွေ့ခဲ့ မြင်ခဲ့ပြီးပြီ မဟုတ်ပါလား. . .။

ဒေါက်တာ မိုးထက်အောင် အပေါ်တွင် သီရိနှင့် ပတ်သက်၍ သံသယတွေ လုံးထွေး၍ သူ့တွင် ဝင်ရောက်လာပြန်သည်။

'ဒီမှာ မိန်းကလေး. . . မင်း အသည်းကလေး မခိုင့်တခိုင်နဲ့ ဒေါက်တာ မိုးထက်အောင်များ တိမ်းညွှတ်ချင်နေတာလားကွာ. . . ဒါဆိုရင်တော့ မင်း သိပ်မှား သွားလိမ့်မယ်. . . ကျွတ်. . . ကျွတ် ကျွတ်. . .'

ညီညီထွန်းက စုတ်တသတ်သတ်လုပ်ရင်း သူ့ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေ၏ ။

'အို. . . ရှင်. . . ရှင်. . . ဘာစကားတွေ ပြောနေတာလဲ. . .'

ဖြူသန့်စင်က ရတ်တရက် နီမြန်းလာသော မျက်နှာကလေးဖြင့် သူ့ကို ဆတ်ခနဲ ကြည့် လိုက်သည်။

'ယုန်သူငယ်ကလေးလို ဖြူစင်နေတဲ့ မင်း ဘဝလေးအတွက် အစိုးရိမ်လွန်ပြီး ကိုယ်ပြော လိုက်မိတာပါ. . . ကိုယ့် စကားလွန်သွားရင် ဆောရီးပဲ. . . တောင်းပန်ပါတယ်. . . အိုင် အမ် ဆောရီး. . .'

တကယ့်ကို မင်းသားဟန်ပါပဲ. . . ဖြူသန့်စင်အတွက်တော့ မုန်းစရာကြီး ဖြစ်သွား၏ ။

'တော် ပါပြီလေ. . . ရှင်တို့ ကိစ္စထဲ ဖြူသန့်စင် ဝင်မပါတာ အကောင်းဆုံးပဲလို့ ယူဆလိုက် ပြီ. . .'

ဖြူသန့်စင်က ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

'အို. . . ပြန်တော့မလို့လား. . .'

'အိုး. . . ပြန်မှာ ပေ့ါ. . . ဘာဆက်လုပ် နေရမှာ လဲ. . .'

'ဒီမှာ . . . မင်းလေး ကလေးထိန်းလုပ်မယ့်အစား အဆိုကျော် လုပ်မကြည့်ချင်ဘူးလား. . . ဟင်. . . ကိုယ် မင်းကို ခင်လို့ တိုက်တွန်းတယ်လို့ မှတ်ပါ. . . ဒီမှာ ကိုယ့်ရဲ့ လိပ်စာကတ်ပြား. . . ဒေါက်တာမိုးထက်အောင် ကိစ္စကလွဲလို့ ဘယ်လိုအကူအညီမျိုးပဲ မင်းလိုလို ကိုယ်က မင်းကို ဝဲလ်ကမ်းပဲ. . .'

ညီညီထွန်းက သူ့ အင်္ကျီအိတ်ထဲမှ ကြွေစက္ကူကတ်ပြားဖြင့် ပြုလုပ်ထားသော လိပ်စာ ကတ်ပြားကလေးကို ဖြူသန့်စင်ထံသို့ လှမ်းပေးနေ၏ ။

ဖြူသန့်စင်လည်း အယောင်ယောင် အကန်းကန်းဖြင့် လှမ်းယူလိုက်မိသည်။

အရေး ထဲ တံခါးဆီရောက်တော့ တံခါးသည် ဖွင့်မရ ဖြစ်နေ၏ ။

သူ့အနားသို့ ညီညီထွန်း လျင်မြန်စွာ ရောက်ရှိလာပြီး တံခါးလက်ကိုင်ဖုကလေးကို ကိုင်လိုက်ရာ ဖြူသန့်စင်၏ လက်ကလေးကို အုပ်မိသွားသည်။

ဖြူသန့်စင်လည်း ကျင်စက်ဖြင့် အတို့ခံလိုက်ရသလို တစ်ကိုယ်လုံး ကျင်ခနဲ ဖြစ်သွားပြီး သူ့ လက်ကို လျင်မြန်စွာ ရုပ်သိမ်းလိုက်သည်။

'အဟင်း. . . ဟင်း. . . ဟင်း. . .'

ညီညီထွန်းက ကြည့်ရွှင်ရယ်မြူး စွာ ဖြင့် တံခါးချက်ကို ဖြူသန့်စင်အား ဖွင့်ပေးလိုက်သည်။

ဖြူသန့်စင်လည်း ထူပူရှိန်းဖိန်းသွားသော စိတ်ဖြင့် တေးသံသွင်း

အဆောက်အအုံထဲမှ လျင်မြန်စွာ ထွက်ခဲ့မိတော့သည်။

♥ ♥ ♥

## (၁၃)

'အင်း. . . ကိုညီညီထွန်းရဲ့ စကားတွေ ကို သေသေချာချာပြန်စဉ်းစားကြည့်တော့လဲ မှန်နေ တာပဲ. . . ငါဟာ မြကြာရံမှာ ကလေးထိန်း သက်သက် တစ်ယောက် အ ဖြစ်နဲ့ပဲ နေသင့်တယ်. . . ဘုမသိ ဘမသိနဲ့ ဇာတ်ရှုပ်ကြီး တစ်ခုထဲသို့ ဝင်လိုက်မိရင်. . . ငါပဲ ဒုက္ခရောက်ရမှာ . . . မြကြာရံရဲ့ အတွင် းဇာတ်လမ်း ဂဃနဏကို ငါ ဘာတစ်ခုမှ သိခဲ့တာမဟုတ်ဘူး. . .

အေး. . . တစ်ခုတော့ ငါ သိနေတာရှိတယ်. . . ဒေါက်တာ မိုးထက်အောင်ဟာ. . . ကြောက်စရာကောင်းလောက်အောင် ဒေါသကြီးတတ်တယ်. . . ဒီလိုလူမျိုးဟာ ဒေါသကြောင့် ပြစ်မှု . . . တစ်ခုခုကို ကျူး လွန် သွားမိနိုင်တာပဲ. . . ငါ့ စေတနာတွေ . . . သဒ္ဒါတွေ လွန်ကဲပြီး ညီညီထွန်းကို လာတွေ ့မိတာကိုက မှာ းတယ်. . .'

'သူတို့ ဇာတ်လမ်းထဲ ငါ မပါသင့်ဘူး. . . တော် ပါပြီလေ. . . ငါ့တာဝန်နဲ့ ဝတ္တရားအတိုင်း ပြည့်ထက်အောင်ကလေးကိုပဲ အထူးဂရုစိုက်ကြည့်မယ်. . . အခွင့်အရေး သာတာနဲ့ တစ်ပြိုင်နက် ဖေဖေ့ဆီကို ပြန်နိုင်အောင် ကြိုး စားမယ်. . . ဒါ ငါ့ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ပဲ. . .'

ဖြူသန့်စင်သည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချပြီး မြကြာရံဆီသို့ ပြန်ခဲ့တော့သည်။

မွန်းလွဲကျော်ကျော်ကလေးတွင် မြကြာရံသို့ သူ ပြန်ရောက်ခဲ့ပါသည်။

ခြံဝင်းထဲသို့ ခြေလိုက်သည်နှင့် တစ်ပြိုင်နက် စိတ်ထဲတွင်

ရှုပ်ထွေးနောက်ကျိသွားသည်။

ချုံနွယ်ပိတ်ပေါင်းများ စွာ နှင့် ကြီးမားကျယ်ဝန်းလှသော ခြံကြီး. . .။

ကန်ကြီးနှင့် ရေးဟောင်းတိုက်ကြီးတစ်လုံး. . .။

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် တရားလွန်စိုးမိုးသဖြင့် စိတ်ဓာတ်ချောက်ချားဖွယ်ရာ ဖြစ်၍ နေ၏ ။

'မြကြာရံဟာ ရဲတိုက်ကြီးတဲ့. . . ပြီးတော့ ချောက်ချားစရာလဲ ကောင်းပါတယ်. . . ဟုတ်တယ် ကိုညီညီထွန်း ပြောတာ ဟုတ်တယ်. . .'

ဖြူသန့်စင်၏ မျက်လုံးများ မြကြာရံ ကန်ကြီးဆီသို့ ရောက်ရှိသွားသည့်အခါတွင်တော့ ကြက်သီးများ ရုတ်တရက် ဖြန်းခနဲထသွားမိသည်။

သည်ကန်ကြီးထဲသို့ သီရိ၏ အဝတ်အစား. . . အသုံးအဆောင်နှင့် လက်ဝတ်လက်စားများ ပါသော အဖိုးတန်သေတ္တာကြီးကို ဒေါက်တာ မင်းထက်အောင် နှစ် မြှုပ်ပစ်ခဲ့သည်။

ဤကိစ္စသည် သူ မျက်ဝန်းထင်ထင် တွေ့မြင်ခဲ့ရသည် မဟုတ်ပါလား. . .။

ဤသို့ သီရိနှင့် ပတ်သက်၍ အစအန ဖျောက်ဖျက်ပစ်ခြင်းသည် တကယ်တော့ ဒေါက်တာ မိုးထက်အောင်အပေါ် သံသယ ဖြစ်စရာ ပွားစရာပါ. . .။

သည်ကန်ကြီးထဲတွင် ပျောက်ခြင်းမလှ ပျောက်နေသော သီရိ၏ ခန္ဓာကိုယ်သည်လည်း ရှိကောင်း ရှိနေနိုင်သည်ပဲ. . .။

ဖြူသန့်စင်၏ ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားပြန်သည်။

ကန်ကြီးဆီမှ မျက်နှာကို ချက်ချင်း လွှဲဖယ်ပစ်လိုက်မိသည်။

ခပ်သုတ်သုတ်ကလေး ဆက်လျှောက်ခဲ့သည်တွင် မြကြာရံအိမ်ကြီးနှင့် အလှမ်းမဝေးလှ သော ကုန်းမြင့်ကလေးအတက်ရှိ ခရေပင်ကြီး၏ အရိပ်အောက်တွင်

လက်တွန်းလှည်းကလေးပေါ် တွင် ထိုင်နေသော သမီးကလေး ပြည့်ထက်အောင်နှင့် ကစားနေသော ဒေါက်တာမိုးထက်အောင် ကို ဖြူသန့်စင် လှမ်းတွေ့လိုက်ရသည်။

တစ်ချိန်တည်းလိုလိုပင် ဒေါက်တာမိုးထက်အောင်ကလည်း သူ့ကို မြင်တွေ့သွားပြီး သမီး ကလေး ပြည့်ထက်အောင်ကို သူ့ဆီသို့ လက်ညှိုး ထိုးပြနေ၏ ။

ပြည့်ထက်အောင်ကလေးသည် ရုတ်ခြည်း ရွှင်မြူး သွားသော ဟန်ဖြင့် လက်ကလေးနှစ် ဘက်ကို ဝေ့ယမ်းကာ. . .

'တီတီဖူ. . . ချီချီပါရား. . .'

'အို. . . ပါတာပေါ့ သမီးလေးရဲ့. . .'

ဖြူသန့်စင်သည် လှည်းကလေးနားတွင် ဒူးထောက်ထိုင်လိုက်ပြီး သူ့ဆလင်းဘက်အိတ်ကို ဖွင့်နေစဉ် ပြည့်ထက်အောင်ကလေးသည် ရုတ်တရက် အိတ်ကို လှမ်းဆွဲပစ်လိုက်သည်။ အဖုံးပွင့်နေသော အိတ်မှော က်ကျသွားပြီး အိတ်အတွင် းက သကြားလုံးများ နှုတ်ခမ်းဆိုးဆေးတော့ မှန်ဘူး. . . ငွေစက္ကူနှင့် အကြွေစေ့များ . . . အခြားအသုံးအဆောင်များ နှင့် သတင်းစာဖြတ်ပိုင်း. . . ညီညီထွန်း၏ လိပ်စာကတ်ပြား စသည်တို့ မြက်ခင်းပေါ်တွင် ပြန့်ကျဲသွားတော့သည်။

'ဟာ. . . သမီးလေးက ဆိုးလိုက်တာကွာ. . .'

ဒေါက်တာမိုးထက်အောင်လည်း ဖြူသန့်စင်ကို အရမ်းအားနာသွားပြီး ပစ္စည်းများကို လိုက်လံ စုဆောင်းကောက်ယူပေးရင်းက လိပ်စာကတ်ပြားကလေးပေါ်သို့ မျက်လုံးများ ရောက်ရှိ သွားသည်။

'ညီညီထွန်း. . .'

ကတ်ပြားကလေးကို ဆတ်ခနဲကောက်ယူပြီး ဒေါက်တာမိုးထက်အောင်သည် မတ်တတ် ထရပ်လိုက်ကာ ဖြူသန့်စင်ကို ကြည့်လိုက်သည်။

သူ့ မျက်နှာ ကြောကြီးများ တင်း၍ ခက်ထန်နေ၏ ။

နှုတ်ခမ်းကို တင်းတင်းစေ့၍ စူးစမ်းနေသော သူ့မျက်လုံးများ ကလည်း ကြက်သီးမွေးညင်း ထချင်စရာ စူးရှလွန်းနေ၏ ။

ဖြူသန့်စင်သည် အိတ်ကလေးကို လက်နှစ် ဘက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ပြီး ကိုယ်ကလေး တောင့်တင်းစွာ ဖြင့် ဒေါက်တာမိုးထက်အောင်၏ မျက်နှာကို ချောက်ချားစွာ ကြည့်နေ မိတော့သည်။

'မင်း. . . မင်းနဲ့ ဒီကောင် ဘယ်လို ပတ်သက်နေသလဲ ပြောစမ်း. . .'

ရုတ်တရက် ပြုတ်တူကဲ့သော လက်များ ဖြင့် ဖြူသန့်စင်၏ လက်ကောက်ဝတ်ကလေးနှစ် ဘက်ကို မညှာမတာ တင်းကျပ်စွာ ဆုပ်ကိုင်ကာ အံကြိတ်ကြိတ်ကာ မေးလိုက်သည်။

'အား. . . နာလိုက်တာ. . . လက်ကို လွှတ်ပါ. . . သူနဲ့ ကျွန်မ ဘာမှ မဆိုင်ဘူး. . .'

'မဆိုင်ဘဲနဲ့ မင်း လက်ထဲ သူ့လိပ်စာကတ် ဘယ်လို ရောက်နေသလဲ. . . မင်း. . . မင်း သူ့ကို ခုသွားတွေ့ပြီး ပြန်လာတာ မဟုတ်လား. . . ငါ့ကို မညာနဲ့. . . ငါ လူသတ်ကောင်ဆိုပြီး မင်းကောင်က မင်းကို ပြောလိုက်တယ် မဟုတ်လား ဟင်. . .'

'ဒေါက်တာ စကားတွေ လွန်ကုန်ပြီနော်. . . ဒီလူနဲ့ ဖြူသန့်စင် ဘာမှ မပတ်သက်ဘူး'

ဖြူသန့်စင်လည်း ဒေါသတွေ ပေါက်ကွဲထွက်လာပြီး သူ့လက်များ ကို ဆောက်ဆွဲယူပစ် လိုက်သည်။

နီရဲသွားသော လက်ကောက်ဝတ်ကလေးနှစ် ဘက်ကို ပွတ်ရင်း ဝမ်းနည်းစိတ်တွေ ရင်ထဲ တွင် အထက်သို့ ဆို့တက်လာ၏ ။

'ဖြူသန့်စင်ရယ်. . .'

ဒေါက်တာ မိုးထက်အောင်၏ လက်နှစ် ဘက်သည် ဖြူသန့်စင်၏ ပခုံးလုံးလုံးကလေးနှစ် ဘက်ပေါ်သို့ ညင်သာစွာ ဖွဖွကလေး ဆုပ်ကိုင်လာ၏ ။

အလွန်ကြေကွဲဝမ်းနည်းနေဟန်ရှိသော မျက်နှာကြီးကို ဖြူသန့်စင်သည် တွေ့မြင်လိုက်ရ သည်။

နှစ် ဦးသား တစ်ဦးကို တစ်ဦး စကားပြန်မစနိုင်ခင် မြကြာရံခြံကြီးထဲသို့ ရဲကားတစ်စီး ဝင်လာသည်ကို တွေ့လိုက်ကြရသည်။

'ဟား. . .'

ဒေါက်တာ မိုးထက်အောင်သည် ဖြူသန့်စင်၏ ပခုံးကိုကိုင်ခားသော လက်များ ဖြုတ်ချလိုက် ပြီး ဦးခေါင်းငိုက်စိုက်ချကာ ကုန်းမြင်ကလေးပေါ်မှ ချာခနဲ လှည့်ထွက်သွား၏ ။

ဖြူသန့်စင်လည်း သူ့ပစ္စည်းများ ကို ကသော ကမျော ကောက်ယူပြီး အိတ်ထဲ ပြန်သွတ်ထည့် ကာ ကလေး၏ လှည်းကို တွန်းပြီး မြကြာရံ အိမ်ကြီးဆီသို့ လိုက်ခဲ့တော့သည်။

♥ ♥ ♥

'မဝင်းမင်းသန့်က သူ့ ညီမလေး မသီရိ ပျောက်ဆုံးမှု နဲ့ ပတ်သက်ပြီး တိုင်ချက်ဖွင့်လာလို့ ဒေါက်တာ့ကို ကျွန်တော် တို့ တာဝန်အရ လာတွေ့ရတာ ပါ. . .'

ရဲအရာရှိက သိမ်မွေ့စွာ ပြောလိုက်သည်ကို ဖြူသန့်စင် ကြားလိုက်ရသည်။

'ဩော်. . . ဝင်းမင်းသန့်က တိုင်ချက်ဖွင့်တယ် ဟုတ်လား. . . တစ်သက်လုံး အကြင်နာ တရား သီရိအပေါ် တစ်ပြားသားဖိုးမှ မရှိတဲ့ မိန်းမကများ ဟင်း. . . ရယ်စရာတော့ ကောင်းနေပြီ၊ ကောင်းပြီလေ ခင်ဗျား တာဝန်ရှိတဲ့အတိုင်းသာ စစ်ဆေးပါ. . . မေးမြန်းပါ. . . ရပါတယ်. . . ကဲ. . ထိုင်ပါဦး. . .'

ဒေါက်တာ မိုးထက်အောင်က ကိုယ်တိုင်လည်း ဧည့်ခန်းထဲက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ရဲအရာရှိသည် ဒေါက်တာ မိုးထက်အောင်ကို မေးခွန်းများ မြောက်မြားစွာ

မေးလိုက်၊ မှတ် လိုက် လုပ်ပြီးနောက် မြကြာရံအိမ်ကြီးကို

လိုက်လံစစ်ဆေးကြည့်ရှုလိုက်သည်။

ဖြူသန့်စင်လည်း ကလေးကို ချီပွေ့ထားရင်းက သူတို့နှင့်

ခပ်လှမ်းလှမ်းနေရာမှနေ၍ လေ့လာအကဲခတ်နေမိသည်။

'ခင်ဗျားဇနီး ထွက်သွားတုန်းက ဘာများ ပါသွားသေးသလဲ

သတိထားမိလိုက်သလား ဒေါက်တာ. . .'

'သူ့ သေတ္တာတစ်လုံးနဲ့ ထည့်ထားတဲ့ အဝတ်အစားနဲ့ လက်ဝတ်လက်စားတွေ

တော့ မရှိတော့ဘူးဗျ. . .'

ဒေါက်တာ မိုးထက်အောင်က ဘောင်းဘီအိတ်နှစ် ဘက်ထဲ

လက်နှိုက်ထားရင်းက ခပ်တည်တည် တည်ကြီး ပြောလိုက်သည်။

'ဟုတ်ကဲ့. . . ခုလို ကျွန်တော် တို့ သိချင်တာကို ဖြေကြားပေးတဲ့အတွက်

ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်. . . နောင်လိုအပ်ရင် လိုအပ်သလို

အကူအညီပေးစေချင်ပါတယ်. . .'

'အချိန်မရွေးပါဗျာ. . . မြကြာရံက အမြဲတမ်း တံခါးဖွင့်ထားပါတယ်. . .'

'ဟုတ်ကဲ့. . . သွားခွင့်ပြုပါဦး. . .'

'ကောင်းပါပြီ. . .'

ရဲအရာရှိသည် ရဲကားပေါ်သို့ ပြန်၍ တက်လိုက်သည်။။ ကား

ပြန်ထွက်သွားသည်။

ဒေါက်တာမိုးထက်အောင်သည် နောက်သို့ လှည့်ကာသူ့အား စူးစမ်းသော

မျက်လုံးများ ဖြင့် လိုက်လံကြည့်ရှုနေသော ဖြူသန့်စင်ကို မျက်နှာချင်းဆိုင်လိုက်သည်။

သူ့မျက်နှာပေါ်တွင် မဲ့ပြုံး ကြီးကို ဖြူသန့်စင် တွေ့မြင်နေရသည်။

'မင်း. . . ဘာပြောချင်သလဲ ဖြူသန့်စင်. . . မင်း တစ်ခုခု ပြောချင်နေတယ်ဆိုတာ တို့သိနေတယ်လေ. . .'

'သီရိရဲ့ သေတ္တာအကြောင်း အမှန်အတိုင်း ဒေါက်တာဘာ ဖြစ်လို့ မပြောလိုက်တာလဲ. . .'

'အဟင်း. . . ဟင်း. . . ဟင်း. . . ထင်ပါတယ်. . . ဒါကိုပဲ မင်းမေးလိမ့်မယ်ဆိုတာ. . . သီရိ အကြောင်း ဇာတ်စုံပေါ်လာရင် ဒီသေတ္တာအတွက်လဲ အဖြေထွက်လာမှာ ပါ. . . အဟွန်း. . . မင်း မျက်လုံးတွေ က တို့ကို ကြည့်နေလိုက်တာ. . . မယုံသင်္ကာမှု တွေ လွှမ်းကဲနေတာပဲ. . . ဖြူသန့်စင်၊ အဟွန်း. . . ဟွန်း. . . ဟွန်း. . .'

ဒေါက်တာမိုးထက်အောင်သည် ဖြူသန့်စင်၏ အနီးမှ ခြေလှမ်းကျယ်ကြီးများ ဖြင့် ထွက်ခွာ သွားရင်း သရော်ပြုံး သရော်ရယ် ရယ်သွား၏ ။

ဖြူသန့်စင်လည်း ရစ်ဝဲလာသော မျက်ရည်တို့ မျက်တောင်ခတ်၍ သိမ်းဆည်းရင်း သူနဲ့ ပြည့်ထက်အောင်ကလေးတို့၏ အိပ်ခန်းရှိရာ အပေါ်ထပ်သို့ တက်ခဲ့တော့သည်။

အဝတ်အစားလဲလှယ်ပြီး ကလေး၏ ဝေယျာဝစ္စများ ကို ဆောင်ရွက်လိုက်သည်။

စိတ်ထဲတွင် လေးလံပင်ပန်းမှု က ကြီးထွားစွာ စိုးမိုးနေ၏ ။

နေ့လယ်စာကို ဝဝလင်လင်စားသောက်ပြီးသော အခါ ပြည့်ထက်အောင်ကလေးသည် အချိန်မှန်အတိုင်း အိပ်ပျော်သွား၏ ။

♥ ♥ ♥

ဖြူသန့်စင်က ခြင်ထောင်ကလေးကို ချပေးလိုက်သည်။ ဒေါက်တာမိုးထက်အောင်၏ မျက်နှာကြီးကိုသာ မြင်ယောင်နေပြီး. . .

အလိုလိုနေရင်း အသက်ရှုမဝသလိုကြီး ခံစားနေရသဖြင့် လေသာဆောင်ဆီသို့

ဖြူသန့်စင် ထွက်ခဲ့သည်။

လေသာဆောင် ဝရန်တာလက်ရန်းကို လက်နှစ် ဘက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး မျက်လုံးကို မှိတ်၍ အသက်ကို ရှူသွင်းပြီး မျက်နှာကလေးကို မော့ထားလိုက်သည်။

ဒေါက်တာမိုးထက်အောင် ကတော့ သူ့ မျက်စိထဲက မထွက်. . .။

'ဒေါက်တာရယ်. . . ရှင့်အတွက် ဖြူသန့် ရင်မောလှပါတယ်. . . အမှန်တရားတွေ ဘယ်များ ရောက်နေသလဲ. . . မြကြာရံကန်ကြီးထဲမှာ များ တိမ်မြုပ်နေသလား. . .'

'ဖြူသန့်. . .'

'ရှင်. . .'

ဒေါ်ခသည် လင်ပန်းကလေးတစ်ချပ်ကို ကိုင်ကာ သူ့နောက်တွင် ရပ်နေသည်ကို တွေ့ရ သည်။

ဒေါ်ခ ခမျာလည်း မျက်နှာမကောင်းလှ. . .။

'ချဥ်ငန် စပ်ကလေးသုပ်လာတာ. . . ဖြူသန့်ကို စားစေချင်လို့. . .'

'ကျေးဇူးပါပဲ ကြီးကြီးခရယ်. . .'

ဖြူသန့်စင်က အကြမ်းကရားအိုးနှင့် လက်ဖက်သုပ်ပန်းကန်ထည့်ထားသော လင်ပန်းကို လက်ပြောင်းယူလိုက်စဥ် မြကြာရံအိမ်ဆီသို့ အမျိုးသမီး တစ်ယောက် မောင်းနှင်လာသော ကား ကလေး ဝင်ရောက်လာသည်။

'အယ်တော့. . . မိဝင်းမင်း. . . ဘာလာမွှေဦးမလို့လဲ မသိဘူး. . . မောင်မိုးထက်နဲ့ တွေ့လို့မ ဖြစ်ဘူး. . . မ ဖြစ်ဘူး. . .'

ဒေါ်ခသည် သုတ်သုတ်ပျာပျာဖြင့် ရပ်နေရာမှ လှည့်ပြေးတော့သည်။

ဖြူသန့်စင်လည်း လက်ထဲတွင် လင်ပန်းကလေးကိုင်လျက်သားက အောက်ဆီသို့

ငုံ့ကြည့် နေလိုက်မိသည်။

ကားပေါ်မှ အရပ်မြင့်မြင့် ထည်ထည်နှင့် ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ကျနလှသော ချောချောလှလှ အမျိုးသမီးတစ်ဦး ဆင်းလာသည်ကို တွေ့ရသည်။

အမျိုးသမီး၏ မျက်နှာသည် မိတ်ကပ် အပြည့်ခြယ်သထားသည်။ မျက်နှာကြောက တင်းမာလွန်းနေပါ၏ ။

ဖြူသန့်စင်သည် လက်ထဲက လင်ပန်းကလေးကို သူ့ အိပ်ခန်းထဲတွင် ပြေးထားလိုက်ပြီး အောက်ထပ်သို့ လျင်မြန်စွာ ဆင်းလိုက်မိသည်။

ဒေါ်ခသည် အိမ်ဝင်းတံခါးကို ဖွင့်မပေးဘဲ ဝင်ပေါက်တံခါးတွင် ပိတ်ရပ်နေသည်။

ဖြူသန့်စင်က လှေကား ပုလ္လင်္ကာကွယ်လေးမှနေ၍ အခြေအနေကို လှေလာလိုက်သည်။

'တံခါး ဖွင့်စမ်းပါ. . . သူနဲ့တွေ့ချင်တယ်. . .'

'မရှိဘူး. . . အပြင်သွားတယ်ကွယ့်. . .'

'အို. . . ရှင် ညာနေတာပါ. . .'

'ဘာကိစ္စ ညည်းကို ငါ ညာနေရမှာ လဲ. . . ဝင်းမင်းသန့်ရဲ့. . . ညည်းမို့အေ အရှက်မရှိ မြကြာရံကို လာရတယ်လို့ ညည်း မောင်မိုးထက် အရှက်ရအောင်လို့ ရဲတိုင်ဘာတိုင် လျှောက်လုပ် ပြီးမှ. . . ဟင်. . .'

'အို. . . ဒါ ကတော့ ကိုယ့်ညီမ တစ်ယောက် လုံး ပျောက်နေတာ ရှင့်. . . လက်ပိုက်ကြည့်နေ ရမှာ လား. . . သူတော် ကောင်းယောင်ဆောင်နေတဲ့ မသမာသူလက်ချက်နဲ့ သေနေတာကော မ ဖြစ်နိုင်ဘူးလား. . . တွေးကြည့်စရာတွေ မှ အများကြီး. . .'

ဝင်းမင်းသန့်ဆိုသူက မျက်နှာကို မဲ့ကာ ရွဲ့ကာဖြင့် ပခုံးတွန့်ကာ မချေမင

ပြောလိုက်ပါ သည်။

'ညည်း ကတော့ ကမ်းကုန်အောင် မိုက်ရိုင်းတဲ့ မိန်းကလေး တစ်ယောက် ပဲ. . . အေး. . . ညည်းနဲ့ ဖက်မပြောဘူး. . . အမှန်တရားဆိုတာ ပေါ်လာမှာ ပဲ. . . ဒီကျတော့မှ ညည်းနဲ့ငါ တွေ့ မယ်. . .'

'အောင်မယ်လေးလေ. . . ဒီကလဲ ပြေးတွေ့ချင်နေတာကြာပါပြီနော်. . . ညီမလေး သီရိ ကို မတွေ့ ရမချင်းတော့ ဒေါက်တာမိုးထက်အောင်ကို အသက်ဝဝရှူ ထားလို့သာ ပြောလိုက်ပါ. . .'

ဒေါ်ခက တံခါးဖွင့်မပေးသဖြင့် ဝင်းမင်းသန့်သည် ခပ်စွာ စွာ ပြောပြီး ချာခနဲလှည့်ကာ သူ့ ကားဆီသို့ သွား၍ ကြမ်းတမ်းစွာ မောင်းထွက်သွားတော့သည်။

'သူ. . . သူ. . . ဘယ်သူလဲ ကြီးကြီးခ. . .'

ဒေါ်ခသည် ဖြူသန့်စင်ဘက်သို့ အလွန်ညှိုး ငယ်သော မျက်နှာဖြင့် လှည့်ကြည့်လာသည်။

'သီရိအစ်မ ဝင်းမင်းသန့်ဆိုတာ သူပဲပေါ့. . . ဖြူသန့်စင်. . . ဟွန်း. . . တော်ပါသေးရဲ့ မောင်မိုးထက် မြေတိုက်ခန်းထဲမှာ အိပ်နေပေလို့သာပေါ့. . . နို့မဟုတ်ရင်တော့ ဒုက္ခပဲ. . .'

'ဒီအမျိုးသမီးက စကားပြော ရိုင်းလိုက်တာနော်. . .'

'ရိုင်းပြီလား ဖြူသန့်စင်ရယ်. . . အားကြီး မောက်မာတဲ့ မိန်းကလေး. . . သူက မောင်မိုး ထက်ကို လိုချင်တာမှ ဖျတ်ဖျတ်လူးနေတာကွယ့်. . . ဒါပေမယ့် မောင်မိုးထက်က သူ့အကြောင်း သိနေတော့ သူ့ကို မယူဘဲ မိဘတွေ က ညီအစ်မနှစ် ယောက် ထဲက တစ်ယောက် ကို ရွေးဆိုလို့ အကျပ်ကိုင်လာတော့ သီရိကို ရွေးလိုက်တာ. . . သီရိက သူ့လိုတော့ မရိုင်းဘူး. . . သူ့လောက်လဲ မကဲဘူးလေ. . .'

သူမသိသော အကြောင်းများ ပြောပြနေသည်ကို ဖြူသန့်စင်သည် ခေါင်းကလေး

တညိတ် ညိတ်ဖြင့် နားထောင်နေ၏ ။

'အင်း. . . မြကြာရုံကို ဒီဟာမလေး လိုက်လာတာ သိရင် မောင်မိုးထက်တော့ ယမ်းပုံမီးကျ ဖြစ်မှာ သေချာတယ်. . . ဒီဟာမလေးကလဲ မစားရတဲ့အမဲ သဲနဲ့ပက်ချင်လို့ မောင်မိုးထက်ကို ကြံ စည်နေတာ ကြာပြီ. . . ခုတော့ သီရိပျောက်သွားတာ သူ့အတွက် အကွက်ပေါ့လေ. . . အဖြေမှန် ထွက်မလာမချင်းတော့ ဒီဟာမလေး လာပွေရှုပ်နေမှာ သေချာတယ်. . . ကဲ ကဲ. . . လက်ဖက် သွားစားလိုက်ဦး. . . ရေနွေးကြမ်းတွေ အေးကုန်မယ်. . .'

'ဟုတ်. . . ဟုတ်ကဲ့. . .'

မိမိနှင့် မဆိုင်သော သူတို့ ကိုယ်ရေး ကိုယ်တာကိစ္စတွေ ကို ဝင်၍ စပ်စုသည်ဟု ထင်မှာ စိုး၍ ဖြူသန့်စင်လည်း အပေါ်ထပ်သို့ အသာလှည့်တက်ခဲ့ရတော့သည်။

စိတ်ထဲတွင် တော့ ဒေါက်တာမိုးထက်အောင်နှင့်ပတ်သက်သမျှကိစ္စအဝဝကို သိချင်စိတ်က ပြင်းထန်နေ၏ ။

'စိတ်ထိန်း. . . စိတ်ထိန်း. . .'

ကိုယ့်ကိုယ်ကို ဆုံးမပြီး ဖြူသန့်စင်သည် မိမိ၏ အိပ်ခန်းဆီသို့ တက်ခဲ့ရတော့သည်။

♥ ♥ ♥

## (၁၄)

မျက်နှာချင်း မဆိုင်လို၍ တမင်ရှောင်နေသော ဟန်တူပါသည်။

ဒေါက်တာမိုးထက်အောင်နှင့် ဖြူသန့်စင် မတွေ့ဆုံကြသည်မှာ တစ်ည. . . တစ်မနက်နှင့် တစ်မွန်းတည့်ချိန် ကုန်ဆုံးခဲ့ပါသည်။

ဖြူသန့်စင်၏ ရင်ထဲတွင် သူ ရှောင်နေခြင်းအတွက် နာလိုခံခက်ကြီး ဖြစ်နေမိသည်။

ကိုယ့်စိတ်ကို ဘယ်လိုပဲ ချိုးနှိမ် ချိုးနှိမ် သူ့အကြောင်းတွေ က ဖြူသန့်စင်ကို စက္ကန့်မလပ် နှိပ်စက်လွန်းနေပါသည်။

အချိန် တရွေ့ရွေ့ကုန်ကာ သာယာသော ညနေစောင်းကလေးဆီသို့ ရောက်လာသည်။

ဖြူသန့်စင်လည်း ကြီးမားကျယ်ဝန်းသော အိမ်ကြီးထဲတွင် စိတ်အကျဉ်းကျနေမှု ပြေပျောက် လို ပြေပျောက်ငြား ကလေးကို လက်တွန်းလှည်းကလေးထဲ ထည့်ပြီး အိမ်ကြီးထဲမှ ထွက်ခဲ့သည်။

အပြစ် မသိ. . . အ ဖြစ် မသိသော ကလေးငယ်ကလေး ကတော့ လက်တွန်းလှည်းကလေး ထဲတွင် ကော်ပတ်ရုတ်ကလေးတစ်ရုပ်ဖြင့် ဆော့ကစားရင်း ရွှင်မြူး ပျော်ပါးနေသည်။

ကွေ့ဝိုက်စွာ ဖောက်လုပ်ထားသော ကျောက်ခင်းလမ်းကလေးအတိုင်း ဖြူ သန့်စင်သည် တွန်းလှည်းကလေးကို ဖြည်းညင်းစွာ တွန်းလာခဲ့ရာ ဝေးမှန်းမသိ မြကြာရံအိမ်ကြီးနှင့် ဝေးလာ သည်ကဲ့သို့ ဖြူသန့်စင်၏ အတွေ းများ ကလည်း အရုပ်ရှစ်မျက်နှာသို့ ပျံ့လွင့်၍ နေသည်။

'ဖြူသန့်စင်. . .'

'အမေ့. . .'

နီးကပ်စွာ ထွက်ပေါ်လာသော ခေါ်သံကြောင့် ဖြူသန့်စင် သိမ့်ခနဲ တုန်သွားပြီး. . . နောက်သို့ လှည့်ကြည့်လိုက်သည်တွင် သစ်ပင်ကြီး တစ်ပင်၏ ပင်စည်အကွယ်မှ ကျီးကန်းတောင်းမှော က် မျက်လုံးမျိုးဖြင့် ထွက်လာသော ညီညီထွန်းကို တွေ ့လိုက်ရသည်။

'ဟင်. . . ရှင်. . . ရှင် ဘာလာလုပ်တာလဲ. . .'

ဖြူသန့်စင်သည် တုန်လှုပ်ချောက်ချားစွာ ပတ်ဝန်းကျင်ကို ကြည့်ရင်း ညီညီထွန်းထံ လက်ညှိုး ကလေး ထိုးထားရင်း တုန်တုန်ယင်ယင်ဖြင့် မေးလိုက်သည်။

'မင်းကို ကိုယ်တွေ့ချင်လို့ လာတာ...'

ညီညီထွန်းထံမှ အရက်နံ့က ဖြူသန့်စင်၏ နှာခေါင်းထဲသို့ လုံးဝင်လာ၏။

ဖြူသန့်စင်၏ နှာခေါင်းကလေး ရှုံ့ခနဲ ဖြစ်သွားသည်။

'အို... ရှင်နဲ့ ဖြူသန့်တွေ့စရာ ဘာအကြောင်းမှ မရှိဘူး... ရှင် မြကြာရံကနေ မြန်မြန် ထွက်သွားရင် ကောင်းလိမ့်မယ်...'

'ဒီမှာ မိန်းကလေး ကိုယ်က မင်းကို စေတနာအပြည့်ထားပြီး လာတွေ့တာပါကွာ... မင်းလေးဟာ သိုးငယ်ကလေး တစ်ကောင်လို ဖြူစင်သန့်ရှင်းပြီး စိတ်ဓာတ်ရော လှပါ လှလွန်းလို့ နူးညံ့လွန်းလို့ ပြဿနာတွေ အမှောင်တိုက်ဖုံးပြီး ရှုပ်ထွေးပွေလီနေတဲ့ မြကြာရံမှာ မနေသင့်ဘူးလို့ ကိုယ် ယူဆတယ်...

ပြီးတော့ အိုကွာ... ကုန်ကုန်ပြောရရင် မင်းလေးကို ကိုယ်တွေ့တွေ့ချင်း သံယောဇဉ် သိပ် တွယ်သွားမိတယ်... ဒါကြောင့် မင်းလေးပါ ရောပြီး မြကြာရံက အရှုပ်အထွေးတွေ ထဲမှာ ကန့်လန့်ကန့်လန့် မပါစေချင်လို့ပါ...'

'အို... မဟုတ်တာ... မြကြာရံမှာ ဘာပြဿနာပဲ ရှိရှိ... ဘာအရှုပ်အထွေးပဲ ရှိရှိ... ဖြူသန့်နဲ့ ဘာဆိုင်သလဲ ဖြူသန့်က ဒီကလေးရဲ့ အပေါ် အလုပ်သားသက်သက် တစ်ယောက် ပဲ ရှင့်'

ဖြူသန့်စင်က မျက်နှာကလေး နီမြန်းစွာ နှုတ်ခမ်းပါးကလေးဖြင့် ရန်တွေ့သလို ပြောလိုက် သည်။

'မင်း... မသိတာတွေ ရှိနေတယ်လေ... ကိုယ် ပြောပြမယ်... ဒီက ဒေါက်တာ မိုးထက် အောင်နဲ့ တစ်နည်းအားဖြင့် ပတ်သက်နေတဲ့ အမျိုးသမီး တစ်ယောက် ရှိနေတယ်... သူက သီရိရဲ့ အစ်မ ဝင်းမင်းသန့်တဲ့... ဝင်းမင်းသန့်ဟာ ဒေါက်တာ မိုးထက်အောင်ကို

သူ့အကြောင်းနဲ့သူ အစိမ်းလိုက် ဝါးမျိုပစ်ချင်နေတဲ့လူ. . . ပြီးတော့ ဒေါက်တာ မိုးထက်အောင်နဲ့ပတ်သက်လာတဲ့ မိန်းကလေး. . . အို. . . ရှင်းရှင်းပြောမယ်ကွာ. . . မင်းလို နနုငယ်ငယ် လှလှကလေးဆိုရင် ပိုတောင် ပြဿနာ ရှာချင်ဦးမယ်. . .

တို့က ဒီအကြောင်းတွေ သိထားဖူးတဲ့လူဆိုတော့ အပြစ်မဲ့တဲ့ သိုးသူငယ်လေးနဲ့တူတဲ့ မင်းကို မြကြာရုံရဲ့ ဇာတ်ထုပ် ဇာတ်ရှုပ်ကြီးထဲမှာ ဘယ်အခန်းကဏ္ဍကမှ မပါစေချင်ဘူးကွာ. . . ဒီမှာ ကိုယ့်မှာ ကားပါတယ်. . . မင်း လိုက်ခဲ့ပါ. . .'

'အိုး. . . ကျားကြောက်လို့ ရှင်ကြီး ကိုး. . . ရှင်ကြီးကျားထက် ဆိုး ဖြစ်သွားမှာ ပေါ့. . . ရှင့်ကိုကော ဖြူသန့်က ယုံရမတဲ့လား. . . အိုရှင်. . . ရှင့်နောက်လဲ မလိုက်နိုင်ပါဘူး. . . ရှင်သာ ထွက် သွားပါ. . .'

'ကိုယ့်နောက်လိုက်ခဲ့ပါလို့. . . ပြောတာ. . . မင်းကို စိတ်အေးချမ်းသာ ဖြစ်မယ့် နေရာမျိုး ပို့ပေးချင်လို့ပါ. . . မင်းပါပဲ. . . မြကြာရုံနဲ့ မင်းကို လွတ်သွားစေချင်တဲ့ စေတနာပါကွာ. . .'

'ရှင့် စေတနာကို လေးစားပါတယ်. . . ကျေးဇူးလဲ တင်ပါတယ်. . . ဒါပေမယ့်. . . မြကြာရုံ ကနေ ဖြူသန့် ဘယ်ကိုမှ မသွားဖို့ ဆုံးဖြတ်ချက် ချပြီးသား ရှင့်. . . ဆောရီးပဲ. . .'

'မင်းက လူပုံကြည့်တော့. . . ပျော့ပုံ ပျော့ရက်နဲ့ တယ် ခေါင်းမာပါလား. . .'

'အို. . . ရှင် ဘာလုပ်တာလဲ. . . လွှတ်ပါ. . .'

ဖြူသန့်စင်သည် သူ့လက်အား အတင်းဆွဲကိုင်ထားလိုက်သော ညီညီထွန်းကို စူးစူးဝါးဝါး ကြည့်ကာ အတင်းရုန်းလိုက်သည်။

'ရှင်. . . ရှင်. . . လွှတ်နော်. . . ကျမ အော်လိုက်မယ်. . .'

ထိုစဉ် ပြည့်ထက်အောင်ကလေးသည် လန့်ပြီး တအားအသံခြစ်ကာ အော်ငိုလိုက်တော့ သည်။

ဆွဲလား ရုန်းလား ဝရုန်းသုန်းကား ဖြစ်နေသည်။

အိမ်နဲ့လဲဝေး. . . ပတ်ဝန်းကျင်ကလဲ လူသူမနီးဆိုတော့ သူ့ကံကြမ္မာ ဘယ်လိုများ ဖြစ်လေ မလဲဟု တွေ းကာ ဖြူသန့်စင်သည် တစ်ကိုယ်လုံး ကြောက်စိတ်တွေ မွှန်ထူနေသည်။

'ဟော့. . . မင်း ဒါ ဘာလုပ်တာလဲ. . . ခု လွှတ်လိုက်စမ်း. . .'

'ကြီးကြီးခရေ. . . လုပ်ပါဦး. . . အမေ့. . .'

ညီညီထွန်းလည်း ဖြူသန့်စင်ကို ဆောင့်တွန်းပစ်ခဲ့ပြီး နေရာမှ ခြေကုန်သုတ်၍ ထွက်ပြေး တော့သည်။

လက်ထောက်လျက်သားလေး လဲကျနေသော ဖြူသန့်စင်ဆီသို့ ပြေးကာ ဒေါ်ခကြီးက ပွေ့ယူလိုက်သည်။

'ကြီးကြီးခရယ်. . . အဟင့်. . . ဟင့်. . . ဟင့် ဖြူသန့် ဒုက္ခရောက်. . . ရောက်တော့မလို့. . အဟင့်. . . ဟင့်. . . ဟီး. . .'

'အို. . . တိတ်ပါ ကလေးရယ်. . . အန္တရာယ် ကင်းသွားပြီပဲ. . . လာ လာ. . . ထ ထ. . . အိမ်ပြန်ကြရအောင်. . . ဟယ်. . . လက်က သွေးတွေ ထွက်နေပါလား. . . မှန်း. . . အို. . . ငုတ်စူး သွားတာပဲ. . . လာ လာ. . . မြန်မြန်အိမ်ပြန်မှ မ ဖြစ်ဘူး. . .'

ဖြူသန့်စင်၏ လက်ဖဝါး နုနုကလေးတွင် သွေးတွေ က ချက်ချင်း နီနေသည်။

' ဖြစ်မှ ဖြစ်ရလေ. . . ဖြူသန့်ရယ်. . . သူနဲ့ တမင်ချိန်းပြီး တွေ့ကြတာလား ဟင်. . .'

'အို. . . မဟုတ်ပါဘူး. . . ဖြူသန့်. . . ခါတိုင်းလိုပဲ ကလေးကို လမ်းလျှောက်ခေါ်လာခဲ့တာ ပါ. . . သူ. . . သူက ဘယ်လိုရောက်လာတယ် မသိဘူး. . .'

'အင်း. . . ဒါဆိုရင်တော့ ဒီသူငယ် အကြံအစည် တစ်ခုခုနဲ့ မြကြာရုံကို ချောင်းနေတာပဲ ဖြစ်မယ်. . .'

'သူ. . . သူက ဖြူသန့်ကို ဖြူသန့်ကို အတင်းလာခေါ်နေတာ. . .'

'ဘာ. . . အတင်း လာခေါ်တယ် ဟုတ်လား. . . ဘာလုပ်ဖို့ လာခေါ်တာလဲ. . .'

'သူ. . . သူက ပြောတော့ မြကြာရံရဲ့ ဇာတ်ရှုပ်ထဲမှာ မပါစေချင်လို့တဲ့. . . မသိပါဘူး. . . ကြီးကြီးခ ရယ်. . .'

' ဖြစ်မှ ဖြစ်ရလေ. . . ဒီသူငယ် သီရိနဲ့ပြီးလို့ ဖြူသန့်ကို လာပတ်သက်ချင်နေပြန်ပြီ ထင်တယ်၊ အင်း. . . အိမ်က ဒေါသကုမ္မာရနဲ့ တွေ့ရင်တော့ ဒုက္ခ. . . ဒုက္ခ. . . စိတ်များ လဲ ညစ်လှ ပါတယ်. . . ကဲ ကဲ. . . မြန်မြန် လျှောက်. . . သွေးတွေ က တအားထွက်နေတယ်. . . ဆေး မြန်မြန်ထည့်မှ. . .'

ထိတုန်းက ပူထူနေ၍ မသိသာ သော လည်း ခု သွေးအေးလာသည့်အခါတွင် တော့ လက်က အနာသည် အသည်းခိုက်အောင် နာကျင်လာနေ၏ ။

သူ့ အင်္ကျီနှင့် လုံချည်တွင် လည်း သွေးတွေ က မြင်မကောင်းအောင် စွန်ထင် ကုန်ကြတော့ သည်။

'မောင်မိုးထက်. . . မောင်မိုးထက်. . . အပေါ်ကို မြန်မြန်တက်ခဲ့စမ်းပါ. . .'

ဒေါ်ခကြီးသည် မြေတိုက်ခန်း အောက်ဆင်းသော တံခါးဝဆီသို့သွားကာ ဒေါက်တာ မိုးထက်အောင်ကို အော်ခေါ်လိုက်သည်။

ဒေါ်ခကြီး၏ အထိတ်တလန့်နိုင်လှသော အသံကြောင့် ထင်ပါ၏ ။

ဒေါက်တာမိုးထက်အောင်လည်း အပေါ်ထပ်ဆီသို့ အပြေးအလအား ရောက်ရှိလာခဲ့သည်။

'ဟင်. . . ဖြူသန့်. . . ဘာ. . . ဘာ ဖြစ်လာတာလဲ. . .'

မျက်နှာကလေး ဖြူဆုပ်ကာ သွေးတွေ ဖြင့် လူးနေသော ဖြူသန့်စင်ကို တွေ့လိုက်ရလျှင် ဒေါက်တာ မိုးထက်အောင်သည် ထိတ်ပျာ တုန်လှုပ်သွားခဲ့သည်။

ဖြူသန့်စင်၏ အနီးသို့ လေအလျဉ်ကဲ့သို့ ရောက်ရှိလာပြီး ဆုပ်ထားသော လက်ကလေးကို ဆွဲယူကြည့်လိုက်သည်။

‘လဲကျပြီး လက်ထောက်မိလို့ ငုတ် စူးသွားတာ မောင်မိုးထက်’

‘ဗျာ. . . ဒီ လောက်ကြီးထိရအောင် ဘယ်လိုများ လဲရတာ တုံး. . . တောက်. . . ဖြစ်မှ ဖြစ်ရ လေ. . . လာ လာ. . . ဒီမှာ ထိုင်လိုက်. . .’

‘ကဲ. . . သမီးလေးက ဒီမှာ နေဦး. . . ကြီးကြီးခ ဖေကြီးကို ကူလိုက်ဦးမယ်. . .’

ဒေါ်ခကြီးလည်း ပြည့်ထက်အောင်ကလေးကို လက်တွန်းလှည်းကလေးထဲထည့်ထားခဲ့ပြီး ဒေါက်တာမိုးထက်အောင်ကို ဝိုင်းကူပေးလိုက် သည်။

အနာက နာလွန်း၍ ဖြူသန့်စင်သည် တအားအားအော်ကာ မျက်ရည်တွေ ပိုးပိုးပေါက် ပေါက် ကျနေသည်။ သူကလေးထံမှ ဝေဒနာကို လဲယူပစ်လိုက်ချင်စိတ်များ ဆေးထည့်ပေးနေ သော မိုးထက်အောင်တွင် ဝင်လာသည်။ သူကလေးကို သနားလိုက်သည်မှာ အရမ်း. . . ကြင်နာစိတ်တွေ မျိုသိပ်ရင်း မိုးထက်အောင်သည် အနာကို ဆေးထည့်လိုက်သည်။

‘ကြည့်စမ်းပါဦး. . . ဒဏ်ရာက အတော် နက်သွားတာပဲ. . . ဒါကြောင့် ဒီလောက် သွေးတွေ ထွက်နေတာ. . . မေးခိုင်ကာကွယ်ဆေးပါ ထိုးရမယ်. . .’

‘ဟင်. . . မထိုးချင်ဘူး. . .’

ဖြူသန့်စင်က ဦးခေါင်းကလေးကို သွက်သွက်ခါအောင် ယမ်းရင်း ငြင်းလိုက်သည်။

‘မရဘူး ထိုးရမယ်. . . မင်း ဒက္ခရောက်မှာ စိုးလို့ သိလား. . .’

သူ့ မျက်နှာ သုန်သုန်မှု န်မှု န်ကြီးကို ကြည့်ပြီး ဖြူသန့်စင်၏ မျက်နှာကလေး ငယ်ခနဲ ဖြစ်သွား၏ ။

‘ကဲပါ သမီးလေးရယ်. . . ဆေးထိုးတာ ဘာနာတာမှတ်လို့. . . အပေါ်လဲ တက်မနေနဲ့ တော့ ကြီးကြီးခ အခန်းမှာ ပဲ ထိုးလိုက်. . .’

ရုတ်တရက် အမှတ်ရလိုက်သည်။

ဒေါက်တာမိုးထက်အောင် သီရိ၏ သေတ္တာကို မြကြာရုံကန်ကြီးထဲသို့ ပစ်ချလိုက်သည့် နေ့က အ ဖြစ်. . .။

ရုက်သွေးက ဖြာခနဲ ဖြစ်သွားပြီး မျက်နှာလေး နီမြန်းသွားသည်။

သူ့မျက်နှာကြီးကို မကြည့်ဝံ့တော့သဖြင့် မျက်လွှာကိုသာ တွင် တွင် ချထားလိုက်တော့သည်။

ဒေါက်တာမိုးထက်အောင်သည် နုနုထွေးထွေး မိန်းကလေး၏ ခံစားချက်များ ကို ထွင်းဖောက် သိမြင်လိုက်သည်ကဲ့သို့ မြိန်မြိန်ကြီး တစ်ချက်ပြုံး လိုက်ပြီး သူ့ဆေးအိတ်ကို သိမ်းကာ ဒေါ်ခ၏ အိမ်ခန်းအတွင်း းမှ ထွက်ခွာသွားတော့သည်။

'ဟော့. . . သမီးလေး. . . လိမ္မာလိုက်တာ. . . ငြိမ်လှချည်လား. . .'

'ဖေကြီး. . . ဖေကြီး. . .'

'လာ လာ. . . ဖေကြီး ချီထားမယ်နော်. . .'

ဒေါ်ခကြီးက အပြင်ခန်းဘက်ဆီသို့ လှမ်းကြည့်ပြီး ပြုံး လိုက်သည်။

'ကောင်းတယ်. . . သူ့ သမီး သူထိန်းပါစေ. . . ဖြူသန့် နားနေလိုက်ဦး. . .'

'ဒုက္ခပါပဲ. . . ကိုယ်က ကူရမယ့် လူ. . . ကိုယ်က လူနာ ဖြစ်နေတယ်. . . စိတ်ညစ်လိုက် တာ. . .'

'အို. . . ဘာ ဖြစ်လို့ စိတ်ညစ်ရတာ လဲ. . . ကိုယ် လုပ်ယူလို့ ဖြစ်ရတဲ့ ကိစ္စမှ မဟုတ်တာ. . . မြကြာရုံနဲ့ ပတ်သက်ပြီး ဖြစ်လာရတဲ့ ကိစ္စမို့ ကြီးကြီးခမှာ စိတ်ကို မကောင်းနိုင်အောင် ဖြစ်နေတာ၊ ဒီ ပြဿ  နာတွေ အားလုံး ဖြစ်လာရတာ သီရိ လော်မာလို့. . . သူ ဖြိုဟ်မှုလို့. . . ဒီသူငယ်မကို တော့ ကြီးကြီးခ ခွင့်ကို မလွှတ်နိုင်ဘူး. . .'

'ဖြူသန့် သိပ် ကံကောင်းသွားတယ်. . . ကြီးကြီးခသာ အချိန်မီ ရောက်မလာရင်

ဘာ ဖြစ် မယ် မသိဘူး. . .'

ဖြူသန့်စင်က မျက်နှာငယ်ငယ်ကလေးဖြင့် အသံကလေးတိုးတိမ်စွာ ဖြင့် ပြောလိုက်သည်။

'ဘုရား မတာ အဲဒါ. . . ဘုရား မတာ. . . မနက်ဖြန် ငါးကင်နဲ့ ကင်ပွန်းချဉ် ချက်စားဖို့ ကင်ပွန်းရွက် ဆင်းညှပ်ရင်း ဒီဘက်နားရောက်လာတော့ ကလေး တအားငိုသံကို ကြားရတော့ တာပဲ. . .

သာမန် ငိုတာမျိုးမဟုတ်လို့ ဘာများ ဖြစ်သလဲဆိုပြီး ပြေးလာကြည့်တော့ ဟိုသူငယ် သမီးကို ဆွဲလား ရမ်းလားတွေ လုပ်နေတာ. . . တွေ့ရတော့တာပဲ. . . ဒီအတိုင်းဆိုရင်တော့ ရန်က မအေးသေးပါဘူး. . . သမီးကို ကြီးကြီးခ တစ်ခုပြောချင်တယ်. . . အိမ်နဲ့ ဝေဝေး ဘယ်မှ မ သွားပါနဲ့ကွယ်. . .'

'ဟုတ်. . . ဟုတ်ကဲ့. . .'

♥ ♥ ♥

ဒေါက်တာ မိုးထက်အောင်သည် ဖြူသန့်စင်ကို လုံးဝ နားနေစေပြီး သမီးကလေး ပြည့်ထက် အောင်ကို အိပ်ချိန်အထိ ထိန်းကျောင်းပေးခဲ့သည်။

သမီးလေး အိပ်တော့ ဒေါ်ခကြီး အပေါ်ထပ်သို့ ချီလာသည်။

'ရော့. . . သမီး. . . အဖျားလေး တိုင်းလိုက်ပါဦး. . .'

'ဖြူသန့် မဖျားပါဘူး ကြီးကြီးခရဲ့. . .'

'မဖျားလဲ. . . တိုင်းလိုက်ပါကွယ်. . . အနာရှိတက်ပြီး ဖျားနေမှာ စိုးလို့တဲ့. . . မောင်မိုးထက် က ခိုင်းလိုက်တာ. . .'

ဖြူသန့်စင်လည်း အဖျားတိုင်း သာမိုမီတာကလေးကို ပါးစပ်ဟ၍ လျှာအောက်သို့ သွင်းကာ အဖျားသွေးတိုင်းလိုက်ရတော့သည်။

'မောင်မိုးထက်က ဖြူသန့် လဲကျပြီး ဒဏ်ရာရပုံ ဆန်းတယ်ဆိုပြီး အတွေးကျပ်နေပုံရတယ်၊ ကြီးကြီးခလဲ အသာငြိမ်နေလိုက်ရတယ်လေ. . .'

'အဖျားက မရှိပါဘူး. . .'

ဖြူသန့်စင်က အဖျားတိုင်း သာမိုမီတာကလေးကို ကြည့်ပြီး ပြောလိုက်သည်။

'တော် သေးတာပေါ့. . . အဖျားရှိရင် ဟိုသူငယ်က တဖျစ်တောက်တောက် ပြောမဆုံး ဖြစ် နေဦးမှာ . . . ကဲ ကဲ. . . ကလေးကို ခြင်ထောင်ထဲ ချပေးခဲ့ပြီးပြီ. . . ဖြူသန့်လဲ စိတ်ချလက်ချ အိပ်ပေတော့. . .'

'ကျေးဇူးပဲ ကြီးကြီးခ. . .'

ဒေါ်ခသည် ညအိပ် မီးလုံးကလေး၏ ခလုတ်ကို ဖွင့်ပေးခဲ့ပြီး ဖြူသန့်စင်တို့ အိပ်ခန်းမှ ထွက် ခွာသွားတော့သည်။

ဖြူသန့်စင်သည် မျက်လုံးများ ကို မှိတ်ထားလိုက်သည်။

လူက ခုတင်ပေါ်တွင် ငြိမ်သက်စွာ ရှိနေသော် လည်း စိတ်၏ ငြိမ်သက်မှုကိုတော့ မရနိုင်သေးဘဲ ရှိနေ၏ ။

ညနေက အ ဖြစ်အပျက်သည် တွေ းမိလေတိုင်း တုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်နေ၏ ။

ဒေါက်တာရယ်. . . သီရိရယ်. . . ညိုညိုထွန်းရယ်. . . ဝင်းမင်းသန့်ရယ်ဟာ ဆက်နွှယ်နေ ကြတဲ့ လူတွေ ပဲ. . . သူတို့ ဇာတ်ရှုပ်ကြီးက ရင်မောစရာပါလား. . . ဘုမသိ ဘမသိနဲ့ ငါတောင် ကန့်လန့်ကန့်လန့် ပါနေပြီကော. . . ငါကလဲ ငါပဲ. . . မသိလိုက် မသိဘာသာ နေလိုက်ရင် ကောင်းသား. . .။

ပြည့်ထက်အောင်တို့ သားအဖအပေါ် သဒ္ဓါလွန်ကဲပြီး သူ့ကို သွားတွေ

့မိလိုက်တာ မဟာ အမှား ကြီး ဖြစ်သွားပြီး ဒီလူဟာ ငါ့ကို ဆက်ဒုက္ခပေးမှာ သေချာတယ်. . . ငါ ဘာလုပ်ရမလဲ. . . မြကြာရံကပဲ ထွက်သွားလိုက်ရင် ကောင်းမလား. . . ထွက်သွားလိုက်ရင် ကောင်းမလား. . . ဟုသာ တွေ းလိုက်သော် လည်း တကယ်တမ်းကျတော့ မြကြာရံက သားအဖကို ပစ်ပယ်မသွားနိုင် အောင် သံယောဇဉ်ကြိုး တွေ က သူ့ကို တုပ်နှောင်ထားနေ၏ ။

'ဟင်း. . . ဒုက္ခပါပဲ. . . ငါ ဘာလုပ်ရမလဲ. . .'

ဖြူသန့်စင် စိတ်ရောလူပါ နုန်းခွေသွားမိ၏ ။

အတွေ းသံသရာတွင် အတော် ညဥ့်နက်သည်အထိ ချာချာလည်ပြီးမှ မေးခနဲ အိပ်ပျော်သွား ခဲ့သည်။

♥ ♥ ♥